ကာလေန ဓမ္မဿဝနံ ဧတံ မင်္ဂလ မုတ္တမံ၊ သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်၊ ၂၀၀၂ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၁)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ လာရောက်လည်ပတ်မည်

ရန်ကုန် အောက်တိုဘာ ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဘိုင်ရွန်ဆင်းရှေခါဝပ် ခေါင်းဆောင်သည့် အိန္ဒိယနိုင်ငံချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်မည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရင်းစစ်ချုပ် **Mr. Li Jinhua** အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်နိုင်ငံစာရင်းစစ်ချုပ်အားလက်ခံတွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရင်းစစ်ချုပ် Mr. Li Jinhua နှင့်အဖွဲ့အား ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရင်းစစ်ချုပ် Mr. Li Jinhua နှင့် အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjun လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ဒီမိုကရေစီနိုင်ငံတော်ဖြစ်ထွန်းရေး နိုင်ငံတော်အစိုးရ၏ကြိုးပမ်းဆောင်ရွက်မှုသည် ဖြောင့်ကွယ်၍မရနိုင် ဒီမိုကရေစီနိုင်ငံတော်သို့ပြောင်းလဲရေး အာမခံမည့်ရှေ့လုပ်ငန်းစဉ်ခုနစ်ရပ်ကို ပြည်သူအားလုံးကြိုဆိုထောက်ခံ မြန်မာနိုင်ငံသည် ၅၂သန်းသော ပြည်သူများ၏အကျိုးစီးပွားကိုသာ ဦးထိပ်ထားဆောင်ရွက်သွားမည်ဖြစ် မည်သည့်ခြိမ်းခြောက်မှုနှင့်စိန်ခေါ်မှုများကြောင့် ချမှတ်ထားသည့်ရှေ့လုပ်ငန်းစဉ်မှသွေဖည်သွားမည်မဟုတ်

ရန်ကုန် အောက်တိုဘာ ၃၀

အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနက မြန်မာနိုင်ငံအခြေအနေနှင့်ပတ်သက်သည့် ခြောက်လပတ် အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၀၃ ခုနှစ် အောက်တိုဘာ ၃၀ ရက် ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်သည်။ အဆိုပါ သတင်းထုတ်ပြန်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံအခြေအနေနှင့်ပတ်သက်သည့် ခြောက်လပတ်အစီရင်ခံစာတစ်စောင်ကို ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ အစီရင်ခံစာသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေအမှန်ကို ထင်ဟပ်ခြင်းမပြုရုံသာမက အခြေခံအားဖြင့်

စာမျက်နှာ ၉ ကော်လံ ၁ ▼

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

ဒေသဖွံ့ဖြိုးရေး၊လူနေမှုဘဝမြင့်မားရေး ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်

တနင်္သာရီတိုင်း မြိတ်မြို့ ကျောက်ဖျာမြစ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ တည်ဆောက်ပြီးစီးသွားသည့် ၃၆၁၂ပေရှည် ကျွဲကူး–ကျောက်ဖျာတံတားဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာလ ၂၆ရက် နံနက်ပိုင်းတွင် တံတားကြီးအနီး ကျွဲကူးဘက်ကမ်းရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်ချီးမြှင့်ပြီး ဒေသခံပြည်သူများအား နှုတ်ဆက်စကားပြောကြားသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက နှုတ်ဆက်စကားပြောကြားရာတွင်–

“ဒေသတစ်ခုနှင့်တစ်ခု ဆူကြွနိမ့်မြင့် ကွာဟမှုများ လျော့နည်းကျဆင်းပြီး ဒေသအားလုံး တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သဖြင့် မိမိတို့သည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် ဖွံ့ဖြိုးရေးဒေသစီမံကိန်းများ ချမှတ်၍ ဆက်စပ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ယခုကဲ့သို့ ညီညီညွတ်ညွတ် ကြိုးပမ်းပူးပေါင်းဆောင်ရွက်သည်နှင့်အမျှ နိုင်ငံတော်ကြီးတစ်ရပ်လုံးသည် ခိုင်ခိုင်မာမာ ပိုမိုဖွံ့ဖြိုးတိုးတက်သွားမှာ ဖြစ်ကြောင်း”

ပြောကြားသွားသည်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် တနင်္သာရီတိုင်းအတွက် အဓိကအရေးပါသည့် ထားဝယ်–မြိတ်–တနင်္သာရီ–ဘုတ်ပြင်း–ကော့သောင်း ပြည်ထောင်စုလမ်းမကြီးကိုဖောက်လုပ်ကာ ၎င်းလမ်းမကြီးပေါ်၌ ဝင်းဝတံတား၊ ပလောက်တံတား၊ ပုလောတံတား၊ တနင်္သာရီတံတား၊ ပသောင်းတံတား၊ လေညာ–မဏ္ဍိုင်တံတားတို့ကို ဖွင့်လှစ်ပြီး ဆက်လက်၍ ကျွဲကူး–ကျောက်ဖျာ တံတားကို ဖွင့်လှစ်ခဲ့သည်။

ယင်းကဲ့သို့ တံတားကြီးများ တစ်စင်းပြီးတစ်စင်း အောင်မြင်စွာ တည်ဆောက်ပြီးစီးခဲ့သည့်အတွက် ဒေသတစ်ခုနှင့်တစ်ခုအကြား သွားရေးလာရေး မြန်ဆန်လွယ်ကူလာပြီဖြစ်ရာ ယခင်ကသွားလာမှုခက်ခဲနေရသော တနင်္သာရီ၊ လေညာ၊ မဏ္ဍိုင်၊ ဘုတ်ပြင်း၊ ဟန်ကပြု၊ ကရသူရိစသည့်ဒေသများသည် မော်တော်ကားလမ်းကြောင်းဖြင့် ဆက်သွယ်သွားလာနိုင်ပြီ ဖြစ်သည်။

နိုင်ငံတော်က လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ကျွဲကူး–ကျောက်ဖျာတံတားကဲ့သို့ ပေ၁၀၀၀နှင့်အထက် တံတားကြီး ၃၇စင်း အပါအဝင် တံတားကြီးစာရင်းဝင် တံတားပေါင်း၁၆၃စင်းကို ပြည်ထောင်စုအနှံ့၌ တည်ဆောက်ခဲ့ပြီးဖြစ်ရာ ဘဏ္ဍာငွေကျပ်သန်း၈၈၀၀၀ခန့်နှင့် အမေရိကန်ဒေါ်လာသန်း ၁၅၀ခန့်ကုန်ကျခဲ့သည်။ တပ်မတော်က ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအတွက် တည်ဆောက်ပေးခဲ့သည့် တံတားသုံးစင်းပါဆိုလျှင် ယခုအခါ တံတားစုစုပေါင်း ၁၆၆စင်း ရှိပြီဖြစ်သည်။

နိုင်ငံတော်တွင် အမျိုးသားရေးစွမ်းအား၊ အမျိုးသားရေးအားမာန်များ အရင်းခံပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးကို နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့ လက်တွဲညီညီ ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ထိုသို့ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်နိုင်မှုကြောင့် ပြည်ထောင်စုတစ်ဝန်း၌ လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ၊ စီးပွားရေးအခြေခံ အဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လူမှုဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံများ အစီအရီ ပေါ်ထွန်းနေပြီဖြစ်သည်။

ထိုကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ အစီအရီပေါ်ထွန်းလာခြင်းမှာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ စဉ်ဆက်မပြတ်လမ်းညွှန်မှု၊ မြော်မြင်တွက်ဆနိုင်မှု၊ မှန်ကန်သည့် မူဝါဒများနှင့် ဦးဆောင်ပေးမှုများအပေါ် နိုင်ငံတော်၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်စသည့် အဆင့်ဆင့်၏ ကြပ်မတ်ဆောင်ရွက်မှု၊ ပညာရှင်များအပါအဝင် ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုတို့ကြောင့် ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများရှိသော်လည်း လမ်းပန်းဆက်သွယ်မှု မပြည့်စုံခြင်းကြောင့် တိုးတက်သင့်သလောက် မတိုးတက်ဘဲဖြစ်နေခဲ့ရသည့် တနင်္သာရီတိုင်းကို ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြုပြင်ဖန်တီးပေးသင့်သည်များကို စီမံချမှတ်ဆောင်ရွက်ရန် လမ်းညွှန်မှုများပြုခဲ့သကဲ့သို့ ကိုယ်တိုင်ကိုယ်ကျလည်း ကွင်းဆင်းလေ့လာပြီး ဆောင်ရွက်ပေးသင့်သည်များကို ဆောင်ရွက်ပေးခဲ့သည်။ တနင်္သာရီတိုင်းတွင် ဒေသဆန်ဖူလုံလာစေရန်၊ ဆီအုန်းတိုးချဲ့စိုက်ပျိုးခြင်းဖြင့် နိုင်ငံတော်၏ အနာဂတ် ဆီအိုးကြီးဖြစ်လာစေရန်၊ နယ်မြေလုံခြုံမှုရှိစေရန်၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

သို့ဖြစ်ရာ တနင်္သာရီတိုင်းတွင် အကြီးဆုံးနှင့် အရှည်ဆုံးတံတားဖြစ်သည့် ကျွဲကူး–ကျောက်ဖျာတံတားကြီး တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သဖြင့် မြန်မာနိုင်ငံမြောက်ဘက်စွန်းမှ တောင်ဘက်အစွန်ဆုံး ကော့သောင်းမြို့အထိ တစ်ဆက်တစ်စပ်တည်း ဆက်သွယ်သွားလာနိုင်ပြီဖြစ်၍ ဒေသဖွံ့ဖြိုးရေး၊လူနေမှုဘဝမြင့်မားရေးတို့အတွက် ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်တော့မည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အောက်တိုဘာ ၂၉ရက်က ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) မွမ်းမံသင်တန်းဆင်းပွဲတွင် သင်တန်းဆင်းအမှာစကားပြောကြားစဉ်။
(ဆောက်လုပ်ရေး)

လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)မွမ်းမံသင်တန်းဆင်းပွဲ ဝန်ကြီးဗိုလ်ချုပ်စောထွန်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၃၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) မွမ်းမံ သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက်၈နာရီခွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ) သင်တန်းခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းနှင့်ဦးစီးဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ သုဝဏ္ဏဗဟိုသင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ သင်တန်းဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး ဝန်ကြီးက သင်တန်းဆင်း အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ် ကြာမြင့်ခဲ့သည်။ **(သတင်းစဉ်)**

Human Resource Management ဆွေးနွေးပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၃၀

Human Resource Management ဆွေးနွေးပွဲကို အောက်တိုဘာ ၂၅ရက်နံနက်၁၀နာရီမှ ညနေ ၃နာရီအထိ ရန်ကုန်မြို့ Grand Plaza Parkroyal ၌ Executive စီးပွားရေးနှင့်စီမံခန့်ခွဲမှုမဂ္ဂဇင်းက စီစဉ်ပြီး တူဒေးစာနယ်ဇင်းထုတ်ဝေရေးလီမိတက်၊ City Mart Holiding Co., Ltd. နှင့် သရပါတံခါးဟိုတယ်တို့၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ဆွေးနွေးပွဲတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနမှ ပါမောက္ခဒေါက်တာခင်စန်းရီက လူသားအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာများ၊ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှ ဂုဏ်ထူးဆောင်ပါမောက္ခ ဆရာကြီး ဒေါက်တာကျော်စိန်က လူ့အရင်းအမြစ်နှင့် အလုပ်ခွင်ဆိုင်ရာစိတ်နေသဘာဝတို့ကို ဆွေးနွေးဟောပြောခဲ့သည်။ **(က–ပ)**

အကြိမ်(၁၁၀)မြောက် သွေးလှူ

ရန်ကုန် အောက်တိုဘာ ၃၀

ဦးစိုးတင့် လူမှုထူးချွန်(ပထမဆင့်) တိုက် ၃၄၇၊ အခန်း ၂၃၊ (၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်သည် ဗဟန်းမြို့နယ် မင်္ဂလာဇမ္ဗူဟာအသင်းချုပ်၌ အကြိမ် (၁၁၀)မြောက် သွေးလှူဒါန်းကြောင်း သိရသည်။ **(က–ပ)**

အောက်တိုဘာ ၂၆ ရက်က ကျောက်တံတားမြို့နယ် အလက(၁) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအုန်းသွင်က သူငယ်တန်းမှ ဒုတိယတန်းအထိ ထူးချွန်ပထမဆုရ မောင်ရှိုင်းရာဇာထက်မောင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က–ပ)

အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃၀

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရူပါ အေ–ဝမ်း အင်္ဂလိပ်စကားပြောအတတ်သင်တန်း၏ဆရာမကြီး ဒေါ်တင်လှိုင်အား (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂ရက် (တနင်္ဂနွေနေ့)မွန်းတည့်၁၂နာရီတွင်ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများနှင့်အသစ်များ တက်ရောက်ကြရန်နှင့် အသေးစိတ်သိလိုပါက ဖုန်း–၅၁၁၂၃၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဒဂုံမြို့သစ်(မြောက်ပိုင်း)ဓမ္မနီတိဓမ္မာရုံ၌ ကထိန်သင်္ကန်းကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၃၀

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၄၇)ရပ်ကွက် ဓမ္မနီတိဓမ္မာရုံ၌ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ တတိယအကြိမ်မြောက် ရပ်ကွက်လုံးဆိုင်ရာ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို တန်ဆောင်မုန်းလဆန်း ၉ ရက် (နိုဝင်ဘာ ၂ ရက်) နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်မည်ဟု သိရှိရသည်။ **(က–ပ)**

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးရေးနှင့်မွေးမြူရေးဒေသအလိုက်ဆောင်ရွက်ပေးလျက်ရှိ သိပ္ပံနည်းကျစိုက်ပျိုးရေး ဒေသခံတောင်သူများကို ဌာနဆိုင်ရာများက ကူညီပံ့ပိုးဆောင်ရွက်ပေး

ရန်ကုန် အောက်တိုဘာ ၃၀

ရခိုင်ပြည်နယ် စစ်တွေခရိုင် စစ်တွေမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးနှင့်အဖွဲ့ဝင်များနှင့်အတူ အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့မှ ရသေ့တောင်မြို့နယ် မူစေးကျွန်းသို့ အမြန်ရေယာဉ်ဖြင့် ရောက်ရှိပြီး အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းတွင် ရသေ့တောင်မြို့နယ် မူစေးကျွန်း ခြေတော်ရာကျေးရွာရှိ ခြေတော်ရာဘုရား တန်ဆောင်းပြာသာဒ်၏ ပန်းလည်တိုင် စိုက်ထူပွဲမင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အောင်မြေဗောဓိဓမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်သို့ ရောက်ရှိကြပြီး ဗောဓိသုခဓမ္မာရုံ ကျောင်းဆောင်၌ မြို့နယ်သံဃနာယက အဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ အာစရရံသီ အမှူးပြုသည့် မြို့နယ် သံဃနာယက အဖွဲ့ဝင် ဆရာတော်များ၊ အလိုတော်ပြည့်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သောဘန အမှူးပြုသည့် ဆရာတော် သံဃာတော်များအားဖူးမြော်ကာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ရသေ့တောင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး လူနာဆောင်များနှင့် ခွဲစိတ်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံသို့လာရောက်ကြသူများအား နွေးထွေးစွာကြိုဆို၍ စေတနာဖြင့်ပြုစုကုသပေးရန်၊ လိုအပ်သော ဆေးဝါးများအားကြိုတင်စုဆောင်းထားရှိရန်၊ ဆေးရုံအတွင်း အပြင် သန့်ရှင်းရေးအမြဲမပြတ် ကြပ်မတ်ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းသန်းမောင်က ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စီစဉ်ဆောင်ရွက်ပေး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းကဆွေးနွေးမှာကြားရာ၌ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အခြေခံပြီးဆောင်ရွက်ရာတွင် ဒေသအလိုက်သတ်မှတ်လျာထားချက်များချမှတ်၍ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ရသေ့တောင်မြို့နယ်အနေဖြင့် မိုးစပါးစိုက် ဧကထပ်မံတိုးချဲ့ စိုက်ပျိုးရန်လိုအပ်ကြောင်း၊ အထွက်နှုန်းမှာလည်း တစ်ဧကတင်း ၁၀၀ ထွက်ရှိရေးကို စီမံ ဆောင်ရွက်ရန်လိုကြောင်း၊ အထွက်နှုန်း တိုးတက်ကောင်းမွန်စေရန်အတွက် လယ်မြေများကို ရေတော် မိုးတော် ဖြစ်အောင်ဆောင်ရွက်ရေး၊ မျိုးကောင်း မျိုးသန့်များရွေးချယ်ပြီး သိပ္ပံနည်းကျ စိုက်ပျိုးရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ အသုံးပြုရေးတို့အတွက် ဌာနဆိုင်ရာများက တောင်သူများအား ပညာပေးခြင်း၊ ကူညီပံ့ပိုးခြင်းများ ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း၊ မတ်ပဲနှင့် ပဲတီစိမ်းတို့ချဲ့စိုက်ပျိုးရန်နှင့်အထွက်နှုန်းကောင်းမွန်ရန် စနစ်တကျစိုက်ပျိုးရန်လိုကြောင်း၊ မတ်ပဲကိုစိုက်ပျိုးရာတွင် သိပ္ပံနည်းကျစိုက်ပျိုးနိုင်ရေးအတွက်ဒေသခံတောင်သူများအား ပညာပေးဆောင်ရွက်ရန် လိုအပ်ကြောင်း။

နှစ်ရှည်ပင်အနေဖြင့်သစ်ဆိမ့်ပင်များ စိုက်ပျိုးရန်လိုကြောင်း၊ အမယ်သစ် (အမည်သစ်) သုံးမျိုးအနက် ငရုတ်ကောင်းကို စီးပွားဖြစ်စိုက်ပျိုးရန်နှင့် လိုအပ်သည့်အကူအညီများပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ မွေးမြူရေးအနေဖြင့် ဒေသကြက်များကို တစ်ပိုင်တစ်နိုင်မွေးမြူကြစေလိုကြောင်း၊ ဤဒေသတွင်ပုစွန်မွေးမြူရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ သို့ရာတွင် ပုစွန်ကန် တူးဖော်မွေးမြူခြင်းဖြင့် စိုက်ပျိုးလယ်မြေများ မပျက်စီး မလျော့နည်းရန် အထူးသတိပြုကြစေလိုကြောင်း၊ သက်ဆိုင်ရာများကလည်း ကြပ်မတ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နယ်မြေအေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် လိုအပ်သည်များ ပြုပြင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ရသေ့တောင်မြို့ကို မြို့အင်္ဂါရပ်နှင့် ညီညွတ်ပြီး သန့်ရှင်းသာယာလှပစေရေးအတွက် ဆောင်ရွက်ရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အမြန်ရေယာဉ်ဖြင့် ဘူးသီးတောင်မြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရသေ့တောင်မြို့နယ် ခြေတော်ရာဘုရားတန်ဆောင်းပြာသာဒ် ပန်းလည်တိုင် စိုက်ထူပွဲ အခမ်းအနားတွင် ပန်းလည်တိုင် စိုက်ထူပူဇော်ပေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဆရာတော်သံဃာတော်များအားလှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ပန်းလည်တိုင်ပူဇော်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ခြေတော်ရာဘုရား တန်ဆောင်း၏ ပြာသာဒ်အထက်သို့တက်ရောက်ကြပြီး အလိုတော်ပြည့်ဆရာတော် ဘဒ္ဒန္တ အရိယဝံသ ဦးဆောင်ကာ ပန်းလည်တိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် မင်္ဂလာအချိန်ကျရောက်သည်နှင့် ပန်းလည်တိုင်ကို စိုက်ထူပူဇော်ပေးသည်။

ယင်းနောက် ပန်းလည်တိုင်စိုက်ထူခြင်း မင်္ဂလာအခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်ဖြင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူးဗိုလ်ချုပ်မောင်ဦးတို့က ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးကြသည်။

အဆိုပါ ခြေတော်ရာ ဘုရားသည် နမ္မဒါမြစ်အတွင်းရှိ နမ္မဒါ နဂါးမင်း၏ လျှောက်ထား တောင်းပန်ချက်အရ မြတ်စွာဘုရားသည် လူနတ်ဗြဟ္မာ သတ္တဝါများ၏ အကျိုးအလို့ငှာနှင့် နောင်လာ နောက်သားများ ဖူးမြော်နိုင်ရန်အလို့ငှာ ရသေ့တောင်မြို့နယ် ခြေတော်ရာ မြစ်အနီး မူစေးကျွန်းရှိ ကျောက်တန်း ကျောက်ဖျာပေါ်၌ လက်ဝဲခြေတော်ရာအား ချီးမြှင့်တော်မူခဲ့ခြင်းဖြစ်ပြီး ခြေတော်ရာ ဘုရား၏ ထူးခြားအံ့ဖွယ်မှာ ပင်လယ်ရေ မည်မျှပင် တက်စေကာမူ ခြေတော်ရာ ကျောက်ဖျာကို နစ်မြုပ်ခြင်း၊ ဖုံးလွှမ်းခြင်းမရှိကြောင်း သိရသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီတွင် ရသေ့တောင်မြို့သို့ရောက်ရှိကြရာ ရသေ့တောင်တပ်နယ်မှ ဗိုလ်မှူးကြီး ဇော်သိုက်၊ ဗိုလ်မှူးကြီးဝင်းဆွေ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် နယ်မြေခံ တပ်ရင်းများ၌ စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော မိုးစပါး စိုက်ခင်းများ၊ လေကာပင်နှင့် အရိပ်ရပင်များ စိုက်ပျိုးထားရှိမှု၊ နှစ်ရှည်သီးပင်များ စိုက်ပျိုးထားရှိမှု၊ တပ်တွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ မိသားစုဝင်များ၏ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားရှိသည့် သီးပင်စားပင်နှင့် ဟင်းသီးဟင်းရွက်ပင်များ၊ ငါးမွေးမြူရေးကန်များ အခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် မွန်းလွဲပိုင်းတွင် ဒေသခံတပ်ရင်းခန်းမ၌ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရသေ့တောင်မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ မိုးစပါးအောင်မြင်ဖြစ်ထွန်းနေမှုများနှင့် ရိတ်သိမ်းရန်အသင့်ဖြစ်နေသည့် စပါးခင်းများ အခြေအနေ၊မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရသေ့တောင်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး သင်ကြားမှု သင်ယူမှု အထောက်အကူပြု ပစ္စည်းများဖြင့် ကျောင်းသားကျောင်းသူများ ပညာသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

အီရတ်နိုင်ငံတွင် အမေရိကန်တို့အား တိုက်ခိုက်မှုအရှိန်မြင့် အင်္ဂါနေ့တိုက်ခိုက်မှုကြောင့် လူလေးဦး သေဆုံးရ သေဆုံးသူများတွင် ဘဂ္ဂဒက် ဒုတိယမြို့တော်ဝန်တစ်ဦးပါဝင်

ဘဂ္ဂဒက် အောက်တိုဘာ ၂၉

ဘဂ္ဂဒက်မြို့ အနောက်ဘက်တွင် အင်္ဂါနေ့က ကားဗုံးတစ်လုံးပေါက်ကွဲသဖြင့် လူလေးဦးထက်မနည်း သေဆုံးသွားကြောင်း၊ အီရတ်မြို့တော် ဘဂ္ဂဒက်တွင် အသေခံဗုံးဖောက်ခွဲမှုများကြောင့် လူသုံးဒါဇင်ခန့် သေဆုံးခဲ့ရပြီးနောက် ယင်းဗုံးပေါက်ကွဲမှု ထပ်မံဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ဘဂ္ဂဒက် ဒုတိယမြို့တော်ဝန် သုံးဦးအနက် တစ်ဦးသည် ပစ်ပြေးပြေးသည့်တိုက်ခိုက်မှုကြောင့် သေဆုံးသွားခဲ့ရကြောင်း အမေရိကန်အရာရှိများက ပြောသည်။

ဘဂ္ဂဒက် ဒုတိယမြို့တော်ဝန် ဖာရစ်အဗ္ဗဒူအယ်အဆမ်သေဆုံးခဲ့ရသော နောက်ဆုံးဖြစ်ပွားသည့် တိုက်ခိုက်မှုများကြောင့် အမေရိကန်ဦးဆောင်သည့် ပူးပေါင်းအဖွဲ့တွင် ပါဝင်နေသူများနှင့် မိမိကိုယ်မိမိ အမေရိကန်တပ်ဖွဲ့ဝင်များထက် အန္တရာယ်ကင်းသည်ဟု ယူဆနေကြသော နိုင်ငံတကာအဖွဲ့အစည်းများကို အီရတ်တို့ ပစ်မှတ်ထားတိုက်ခိုက်မှုများ တိုးလာမည်ကို စိုးရိမ်သောကပွားနေကြရသည်။

အီရတ်နိုင်ငံ မြောက်ပိုင်းမြို့ကြီးနှစ်မြို့ရှိ အမေရိကန်စစ်စခန်းနှင့် ယာဉ်တန်းကို အင်္ဂါနေ့က တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ အီရတ်နိုင်ငံ၌ တိုက်ခိုက်မှုများ တိုး၍တိုး၍ ဖြစ်ပွားနေသည်ကို ပြသနေသည်။ အထူးသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များကို အဓိကထား တိုက်ခိုက်နေဆဲဖြစ်သည်။

ဘဂ္ဂဒက်မြို့တွင် ဒုံးပစ်လောင်ချာဖြင့် တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိသွားရသည်ဟု အမေရိကန်စစ်ဘက်က ကြေညာသည်။ **(အင်တာနက်)**

အောက်တိုဘာ ၂၈ ရက်က အီရတ်နိုင်ငံ တီကရစ်မြို့ရှိ အဓိက အမေရိကန်စစ်အခြေစိုက်စခန်း အပြင်ဘက်၌ ပစ်ခတ်မှုတစ်ရပ်ဖြစ်ပွားရာတွင် ဒဏ်ရာရရှိသွားသော အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးကို အမေရိကန်တပ်ဖွဲ့ဝင်များက အကူအညီပေးရေးစခန်း တစ်ခုအတွင်းသို့ သယ်ယူလာစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အမေရိကန်သမ္မတဘုရှ်အပေါ် လက်တင်အမေရိကပြည်သူများ အကောင်းမမြင်

မီယာမီ အောက်တိုဘာ ၂၉

အီရတ်နိုင်ငံအား အမေရိကန်တို့ စစ်ပွဲဆင်နွှဲခဲ့ခြင်းနှင့်ပတ်သက်၍ ကမ္ဘာပြည်သူတို့၏ သဘောထားကို အမေရိကန်ပြည်ထောင်စုသမ္မတ ဂျော့ဒဗလျူဘုရှ်က ဥပေက္ခာပြုခဲ့သဖြင့် သမ္မတဘုရှ်အပေါ် လက်တင် အမေရိကပြည်သူတို့က မကောင်းမြင် မြင်နေကြကြောင်း အင်္ဂါနေ့က ထုတ်ပြန်သည့် သဘောထား စစ်တမ်းတစ်ခုတွင် ဖော်ပြထားသည်။

ထို့အပြင် ဒေသအတွင်း လွတ်လပ်စွာ ကုန်သွယ်မှုရရှိရေးအတွက် ကြိုးပမ်းရာတွင် အမေရိကန်တို့၏ ရပ်တည်ချက်သဘောထားကိုလည်း ဆန့်ကျင်ကြောင်း စစ်တမ်း၌ဖော်ပြထားသည်။ **အမ်အင်အေ၊ရိုက်တာ**

အီရတ်နိုင်ငံတစ်ဝန်းတွင် ဗုံးပေါက်ကွဲမှုများ တသီတတန်းဖြစ် အမေရိကန်တို့ သိမ်းပိုက်ပြီးချိန်မှစ၍ သွေးချောင်းစီးတိုက်ပွဲများ ဖြစ်ပွားခဲ့

ဘဂ္ဂဒက် အောက်တိုဘာ ၂၉

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့များက ဘဂ္ဂဒက်ကို သိမ်းပိုက်ထားပြီးချိန်မှစ၍ ဘဂ္ဂဒက်မြို့တွင် သွေးချောင်းစီးတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး လူ ၄၃ ဦး သေဆုံးခဲ့ရသည့်နောက်တစ်နေ့ အင်္ဂါနေ့တွင် အီရတ်နိုင်ငံတစ်ဝန်း ဗုံးဖောက်ခွဲမှုများ တသီတတန်းကြီး ဖြစ်လာခဲ့သည်။

ဖော်လူဂျာမြို့တွင် ကားဗုံးဖောက်ခွဲ တိုက်ခိုက်မှုကြောင့် ကလေးတစ်ဦး အပါအဝင် ခြောက်ဦးထက်မနည်း သေဆုံးခဲ့သည်။

တီကရစ်မြို့တွင် အမေရိကန်စစ်စခန်းကို အင်္ဂါနေ့ညက တိုက်ခိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ထက်မနည်း ဒဏ်ရာရရှိသွားသည်။ ဘဂ္ဂဒက်မြို့တွင် ဘာဆယ်ဟိုတယ် အနီး ဒုံးကျည် ပေါက်ကွဲခဲ့သည်။ ကားထဲတွင် မော်တာကျည်များတွေ့၍ လေးဦးအဖမ်းခံရသည်။ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် ဘဂ္ဂဒက် ဒုတိယမြို့တော်ဝန်သေဆုံးခဲ့သည်။

ဘာဆာရာမြို့တွင် လမ်းဘေးရှိ ဗုံးပေါက်ကွဲရာ အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦး ဒဏ်ရာရရှိသည်။ အီရတ်ကန်ထရိုက်တစ်ဦး၊ အခြားကန်ထရိုက်တစ်ဦးတို့လည်း ဒဏ်ရာရရှိသည်။

ကာကွတ်မြို့တွင် စစ်ကင်းစခန်းတစ်ခု အင်္ဂါနေ့ညက ကက်ယုရှားရော့ကတ်ငါးချက်ပစ်ခတ်ခံရသည်။ **(အင်တာနက်)**

ဖော်လူဂျာမြို့ရှိရဲစခန်းအနီး အသေခံကားဗုံးဖောက်ခွဲတိုက်ခိုက် ကားမောင်းသူကိုယ်တိုင်နှင့် အီရတ်လေးဦးသေဆုံး

ဖော်လူဂျာ (အီရတ်) အောက်တိုဘာ ၂၉

ဖော်လူဂျာမြို့တွင် အသေခံဗုံးခွဲသူတစ်ဦးက ရဲစခန်းအနီး၌ အင်္ဂါနေ့တွင် ကားဗုံးဖောက်ခွဲတိုက်ခိုက်သဖြင့် ကားမောင်းသူကိုယ်တိုင်နှင့် အရပ်သားလေးဦး သေဆုံးသွားသည်ဟု ရဲအဖွဲ့က ပြောကြားသည်။

လူတစ်ဦးမောင်းလာသော ကားတစ်စီး ဘဂ္ဂဒက်မြို့အနောက်ဘက်ရှိ ယောကျ်ားလေး အလယ်တန်းကျောင်း အပြင်ဘက်ရဲစခန်းမှ မီတာ ၁၀၀ အကွာ၌ ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု ရဲအရာရှိများက ပြောဆိုသည်။

အီရတ်ပြောက်ကျားများသည် ဒေသရှိ အမေရိကန်တပ်ဖွဲ့ဝင်များကို နေ့စဉ်တိုက်ခိုက်ခဲ့ရာ အမေရိကန်ထောက်ခံသည့် ရဲအဖွဲ့ကဲ့သို့ သိမ်းပိုက်တပ်များနှင့်ပူးပေါင်းသော အီရတ်တို့ကိုလည်း တိုက်ခိုက်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ထိုင်းနိုင်ငံ၌ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်ရေး မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယား ပစ္စည်းသွင်းကုန်ခွန်လျှော့မည်

ဗန်ကောက် အောက်တိုဘာ ၂၈

ထိုင်းနိုင်ငံသည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးပွားရေးအတွက် လာအို၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့မှ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ကုန်ကြမ်းများအပေါ် သွင်းကုန်ခွန်လျှော့ချမည့် အနေအထားတွင် ရှိကြောင်း ထိုင်းသတင်းဌာနက အင်္ဂါနေ့တွင် ဖော်ပြသည်။

သွင်းကုန်ခွန်များကို သုည ရာခိုင်နှုန်းမှ ၅ရာခိုင်နှုန်းအထိ လျှော့ချသွားမည်ဖြစ်ကြောင်း ထိုင်းကူးသန်းရောင်းဝယ်ရေးဝန်ကြီး အဒီဆိုင်းဘိုဒါရာမစ်က ပြောကြားသည်ဟုလည်း ဖော်ပြထားသည်။

ဒေသခွဲကုန်သွယ်မှုကို စုပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်နိုင်ရေးအတွက် မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့မှအစိုးရဝန်ကြီးများတွေ့ဆုံဆွေးနွေးစဉ် အဒီဆိုင်းဘိုဒါရာမစ်က ယင်းကဲ့သို့ပြောကြားခြင်းဖြစ်သည်။

ယင်းသွင်းကုန်ခွန်လျှော့ချရေး အစီအစဉ်အရ အကောက်ခွန်လျှော့ချမည့် ကမ္ဘောဒီးယားသွင်းကုန်အမည်အရေအတွက်ကို ၄၈ခုမှ ၂၄၉အထိ တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ လာအိုသွင်းကုန်အမည် အရေအတွက်ကို ၂၆ခုမှ ၁၅၀အထိ တိုးမြှင့်ကာ မြန်မာနိုင်ငံမှ သွင်းကုန်ကို ၇၂ခုမှ ၃၀၀နှင့် ၄၀၀ကြားအထိ တိုးမြှင့်သွား မည်ဖြစ်ကြောင်းဖြင့်လည်း အဒီဆိုင်း ဘိုဒါရာမစ်က ပြောသည်။

အဆိုပါ သုံးနိုင်ငံမှ သွင်းကုန်ခွဲတမ်းကိုလည်း တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ ယင်းအစီအစဉ်ကို ယခုနှစ်ကုန်ပိုင်းတွင် အစိုးရအဖွဲ့ အစည်းအဝေး၌ အတည်ပြုချက်ရယူမည်ဖြစ်ကြောင်းဖြင့်လည်း ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

တီကရစ်၌ တိုက်ခိုက်မှုဖြစ် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦး ဒဏ်ရာရ

ဘဂ္ဂဒက် အောက်တိုဘာ၂၉

အီရတ်နိုင်ငံတွင် ဆက်ဒမ်ဟူစိန်၏ ဇာတိဖြစ်သည့် တီကရစ်မြို့ရှိ အမေရိကန်အခြေစိုက်စခန်းကိုသေနတ်သမားများက ယမန်နေ့က ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသွားကြောင်း သိရှိရသည်။ ထိုအတောအတွင်း အီရတ်နိုင်ငံသို့ နောက်ထပ်အမေရိကန်စစ်ဘက်ဆိုင်ရာများကို ပင်တဂွန်စစ်ဌာနချုပ်က ထပ်မံစေလွှတ်လျက်ရှိကြောင်း၊ အီရတ်နိုင်ငံတွင် နေ့စဉ်နှင့်အမျှအမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံနေရသည့်ကိစ္စကို စုံစမ်းထောက်လှမ်းမှုများ ပိုမိုတိုးချဲ့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဆိုင်ရာ ထိပ်တန်းအရာရှိ တစ်ဦးက ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

(၂၅)နှစ်အရွယ် ဂျော်ဒန်နိုင်ငံသူ ငါးမြွှာပူးမွေးဖွား မိခင်ရောကလေးများပါ ကျန်းကျန်းမာမာရှိနေ

အမ္မန် အောက်တိုဘာ ၂၈

အသက်(၂၅)နှစ်အရွယ် ဂျော်ဒန် နိုင်ငံသူတစ်ဦးသည် ယောကျ်ားလေး သုံးဦးနှင့် မိန်းကလေးနှစ်ဦးပါဝင်သည့် ငါးမြွှာပူးကလေးများမွေးဖွားကြောင်း၊ ဂျော်ဒန်နိုင်ငံသမိုင်းတွင် ပထမဦးဆုံး ငါးမြွှာပူးမွေးဖွားခြင်းပင်ဖြစ်ကြောင်း တနင်္လာနေ့ထုတ် ဂျော်ဒန်တိုင်းမ် သတင်းစာတွင် ဖော်ပြပါရှိသည်။

ကျန်းမာ

ထိုအမျိုးသမီးသည် ဂျော်ဒန်ဘုရင့် ဆေးရုံ၌ အောက်တိုဘာ ၁၁ ရက်က ငါးမြွှာပူးမွေးဖွားခဲ့ခြင်းဖြစ်ကြောင်း၊ မိခင်ရောကလေးများပါကျန်းကျန်းမာမာ ရှိနေကြောင်း ဆေးရုံအသိုင်းအဝိုင်းက ပြောသည်ဟုလည်း ဖော်ပြထားသည်။

ထိုငါးမြွှာပူးမိခင်သည် ကလေးများ မမွေးဖွားမီလွန်ခဲ့သည့် ခုနစ်နှစ်က ပဋိသန္ဓေဆေးများစားသုံးခဲ့ကြောင်း ဖြင့်လည်း အဆိုပါ အသိုင်းအဝိုင်းက ပြောသည်။

ထားရှိ

ကလေးငယ်များ၏ ကိုယ်အလေးချိန်မှာ ၁ ဒသမ ၃၅ ကီလိုမှ ၁ ဒသမ ၅၆ ကီလိုအထိ အသီးသီးရှိကြပြီး ဆက်လက်လေ့လာရန် ဆေးရုံတွင် မွေးစကလေးငယ်များအခန်း၌ ထားရှိကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ကျူးကျော်စစ်၏အောက်မှ လုံခြုံအေးချမ်းမှုနှင့် ကင်းဝေးနေရသည့် အီရတ်ပြည်သူများ

ဘဂ္ဂဒက်မြို့ ခါဒရာဆင်ခြေဖုံးရှိ ရဲစခန်းအား တနင်္လာနေ့က ဗုံးခွဲတိုက်ခိုက်ရာတွင် သေဆုံးသွားသော ဆေးဝယ်ရန်သွားသည့် (၁၅)နှစ်အရွယ်ရှိ အီရတ်ကလေး တစ်ဦး၏ ဈာပနအခမ်းအနားတွင် ငိုကြွေးနေသော အီရတ်အမျိုးသမီးများကိုတွေ့ရစဉ်။ ယင်းနေ့က အသေခံဗုံးခွဲတိုက်ခိုက်မှုလေးနေရာဖြစ်ပွားရာ လူ၄၃ဦး သေဆုံးပြီး ၂၃၀ဒဏ်ရာရသွားကြောင်း သိရသည်။
(ဓာတ်ပုံ-အင်တာနက်)

ဩဂုတ်လမှယခုအထိ အီရတ်တွင်ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုများ

ဩဂုတ်လအတွင်းမှစ၍ ယခုအချိန်အထိ အီရတ်နိုင်ငံတွင်ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုစာရင်းများကို အေပီသတင်းဌာနကစုစည်းလေ့လာပြီး အောက်ပါအတိုင်း စာရင်းပြုစုတင်ပြခဲ့သည်။

အောက်တိုဘာ၂၇ရက်တွင် မွတ်စလင်ဘာသာဝင်တို့၏ ဥပုသ်လ ရာမဒန်စတင်သောပထမနေ့တွင် ဘဂ္ဂဒက်မြို့တစ်ခွင်၌ ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့သည်။ ဗုံးများမှာ အပြည်ပြည်ဆိုင်ရာကြက်ခြေနီဌာနချုပ်အဆောက်အအုံနှင့် ရဲစခန်းလေးခုတို့တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုများကြောင့်လူ ၄၀ခန့်သေဆုံးခဲ့သည်ဟု ဆိုသည်။

အောက်တိုဘာ ၂၆ ရက်တွင် အစောင့်အကြပ်ထူထပ်စွာချထားသော အယ်လ်ရာရှစ်ဟိုတယ်ကိုဒုံးများဖြင့်အခွင်းခံရသောကြောင့် အမေရိကန် ဗိုလ်မှူးကြီး တစ်ဦးသေဆုံးသွားပြီး အခြား ၁၈ ဦး တို့ဒဏ်ရာရရှိသွားကြသည်။

အောက်တိုဘာ ၁၄ရက်တွင် အသေခံကားဗုံးခွဲမှုတစ်ခုတူရကီသံရုံး ပြင်ပတွင်ဖြစ်ပွားခဲ့သောကြောင့် ကားဗုံးခွဲသူတစ်ဦးနှင့်အခြားလမ်းမပေါ်ရှိလူ တစ်ဦးတို့သေဆုံးသွားရသည်။

အောက်တိုဘာ ၁၂ရက်တွင် ဘဂ္ဂဒက်ဟိုတယ်အနီးတွင် အသေခံ ကားဗုံးခွဲမှုဖြစ်ပွားရာ လူရှစ်ဦး သေဆုံးပြီး အနည်းဆုံး ၃၂ ဦးဒဏ်ရာရရှိသွားသည်။

အောက်တိုဘာ ၉ရက်တွင် အသေခံကားဗုံးခွဲသူတစ်ဦးက ဘဂ္ဂဒက်မြို့၏ ကာ့ဒ်မြို့ဒေသရှိ ရဲစခန်းတစ်ခုကို ဗုံးခွဲတိုက်ခိုက်ခဲ့သောကြောင့် ဗုံးခွဲသူနှင့်အခြားကိုးဦးတို့ သေဆုံးသွားကြသည်။

စက်တင်ဘာ ၂၅ရက်တွင် အင်ဘီစီသတင်းဌာန ရုံးစိုက်ရာဟိုတယ်ကို ဗုံးထောင်ပြီးဖောက်ခွဲခံရရာ ဆိုမာလီလူမျိုးအစောင့်တစ်ဦးသေဆုံးပြီး အင်ဘီစီမှ အသံဘက်ဆိုင်ရာ ဝန်ထမ်းတစ်ဦး အနည်းငယ် ဒဏ်ရာရရှိသွားသည်။

စက်တင်ဘာ ၂၂ရက်တွင် ဘဂ္ဂဒက်၌ ကုလသမဂ္ဂဌာနချုပ်ရှိ ရဲကင်းစခန်းကို အသေခံကားဗုံးခွဲသူက ကားမောင်း၍ ဝင်ရောက်ကာဖောက်ခွဲခဲ့သည်။ ထိုပေါက်ကွဲမှုကြောင့်ဗုံးခွဲသူနှင့်ရဲတပ်ဖွဲ့ဝင်တစ်ဦးတို့သေဆုံးသွားပြီး အခြား ၁၉ဦးတို့ ဒဏ်ရာရရှိသွားကြသည်။

စက်တင်ဘာ ၉ရက်တွင် အီရတ်နိုင်ငံမြောက်ပိုင်းရှိအမေရိကန်ထောက်လှမ်းရေးစခန်းဝင်းကို အသေခံ ဗုံးခွဲသူတစ်ဦးက တိုက်ခိုက်ခဲ့သည်။ ထိုဗုံးခွဲမှုကြောင့် လူသုံးဦးသေဆုံးသွားပြီး အမေရိကန်ထောက်လှမ်းရေးအရာရှိ လေးဦးတို့ သေဆုံးသွားသည်။

ဩဂုတ် ၂၉ရက်တွင် ကားဗုံးတစ်လုံးသည်နာဂျက်ဖ်မြို့တွင် ပေါက်ကွဲရာ လူ ၈၅ ဦးမက သေဆုံးသွားရသည်။

ဩဂုတ် ၁၉ရက်တွင်ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်ရုံးစိုက်ရာ ကယ်နယ်ဟိုတယ်ကို ထရပ်ကားဗုံးတစ်လုံးဖြင့်ဖောက်ခွဲ တိုက်ခိုက်ခဲ့ရာ ကုလသမဂ္ဂအထူး သံတမန် ဆာဂျီရို ဗီရာဒီမဲလိုးအပါအဝင် လူပေါင်း၂၃ဦး သေဆုံးသွားသည်။

ဩဂုတ် ၇ရက်တွင် ကားဗုံးတစ်လုံးသည် ဂျော်ဒန်သံရုံးနံရံ ပြင်ပတွင် ပေါက်ကွဲခဲ့သောကြောင့် ကလေးနှစ်ဦးအပါအဝင် လူ ၁၉ ဦး သေဆုံးသွားခဲ့သည်။ **(အင်တာနက်)**

အောက်တိုဘာ ၂၈ရက်က အီရတ်နိုင်ငံ တီကရစ်မြို့၌ မသင်္ကာဖွယ်ရာ အီရတ်တစ်ဦးအား အမေရိကန် တပ်ဖွဲ့ဝင်များက ရှာဖွေစစ်ဆေးစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ တနင်္လာနေ့က အသေခံဗုံးခွဲတိုက်ခိုက်မှု တစ်ရပ်၌ ပျက်စီးသွားသော မော်တော်ယာဉ်များကိုတွေ့ရစဉ်။ ယင်းတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဘာ့သ်ပါတီဝင်များနှင့် နိုင်ငံခြားတိုက်ခိုက်ရေးသမားများအား ဘုရှ်အပြစ်တင်လျက်ရှိသည်။
(ဓာတ်ပုံ-အင်တာနက်)

အောက်တိုဘာ ၃၀ရက်က အီရတ်နိုင်ငံ တီကရစ်မြို့၌ အမေရိကန် တပ်ဖွဲ့ဝင်များက ဝင်ရောက် စီးနင်းတိုက်ခိုက်စဉ်အတွင်း အီရတ်များကို ဖမ်းဆီးထားသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မကျေမနပ်ပစ်ခတ်

အမျိုးသမီးတစ်ဦး မကျေမနပ် ဒေါသဖြစ်ကာ သေနတ်ကို လေထဲသို့ ပစ်ခတ်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

31-10 (5).p65 1 3/24/05, 10:16 PM

အီရတ်တွင် သေဆုံးရမှုများအားလုံးအတွက် အမေရိကန်တို့၌ တာဝန်ရှိ
ဘဂ္ဂဒက်၌ ဗုံးခွဲတိုက်ခိုက်မှုသည် အမေရိကန်သိမ်းပိုက်ခြင်းကို တိုက်ခိုက်ခြင်းဖြစ်

ကိုင်ရို အောက်တိုဘာ ၂၉

ဘဂ္ဂဒက်တွင် နောက်ဆုံးဗုံးဖောက်ခွဲတိုက်ခိုက်မှုများသည် ဆင်ခြင်တုံတရားကင်းမဲ့သော အစုအပြုံလိုက် လူအများကို သတ်ဖြတ်ခြင်းဖြစ်ကြောင်း အာရပ်တို့က အင်္ဂါနေ့၌ ပြောဆိုကြသော်လည်း အချို့က အမေရိကန်သိမ်းပိုက်မှုကို တိုက်ခိုက်သည့် အစိတ်အပိုင်းဖြစ်ကြောင်း ပြောကြားကြသည်။

အများစုကမူ ထိုကဲ့သို့ အခြေအနေ ကစင့်ကလျားဖြစ်ခြင်းအတွက် အမေရိကန်သည် မိမိကိုယ်သာမိမိ အပြစ်ဖို့ရန်ရှိသည်ဟု သဘောတူကြသည်။ လူ ၃၅ ဦး သေဆုံးခဲ့ရသော ဘဂ္ဂဒက်၌ တနင်္လာနေ့က အသေခံတိုက်ခိုက်မှုများကို ကာကွယ်ရန် အမေရိကန်ပြည်ထောင်စုသည် အီရတ်တို့ကို လုံခြုံရေး လုံလောက်စွာမပေးခဲ့ကြောင်း အာရပ်တို့က ပြောဆိုကြသည်။ အီရတ်၌ သေဆုံးရမှုများအားလုံးအတွက် အမေရိကန်တာဝန်ဖြစ်ကြောင်း၊ ရာဇဝတ်ဂိုဏ်းများနှင့် သူခိုး သူပုန်များ ပေါ်ပေါက်လာခြင်းအတွက် အမေရိကန်၌ တာဝန်ရှိကြောင်း ပါလက်စတိုင်း အငှားယာဉ်မောင်းသမား ဒစ်ပ်အယ်လ်မာလက်ခ်က ဂါဇာ၌ ပြောကြားသည်။

အီရတ်ကို အမေရိကန် ကျူးကျော်ဝင်ရောက်ခြင်းကို မိမိဆန့်ကျင်ကြောင်း၊ အီရတ်ကို အမေရိကန်က ဆင်နွှဲသည့်စစ်သည် တရားမမျှတဟု မိမိယုံကြည်ကြောင်း ဆော်ဒီအာရေဗျရှိ အစိုးရအလုပ်သမားတစ်ဦးဖြစ်သူ မန်ဆူအဗ္ဗဒူလာ (၅၁)နှစ်က ပြောကြားသည်။

ဘဂ္ဂဒက်တွင် ယမန်နေ့က ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်သည် ရာဇဝတ်မှုတစ်ခုပင်ဖြစ်ကြောင်း၊ သို့ရာတွင် ယင်းသည် ရာဇဝတ်မှုတစ်ခုထက်ပို၍ အကျည်းတန်ရုပ်ဆိုးကြောင်း၊ ယင်းသည် လူသေစေသော မှားယွင်းသည့် နိုင်ငံရေးလုပ်ရပ်ပင်ဖြစ်ကြောင်း လက်ဘနွန်နိုင်ငံထုတ် သတင်းစာတစ်စောင်က ရေးသားသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပေါ်နေသဖြင့် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၂၈ ရက်က တွေ့မြင်ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

အီရတ်၌ဆက်နေရေး အမေရိကန်ဖိအားပေးမှု
ဂရုမစိုက်ဟု အိုင်စီအာရ်စီပြောကြား

ဂျီနီဗာ အောက်တိုဘာ ၂၉

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်မြို့ရှိ နိုင်ငံတကာကြက်ခြေနီအသင်း(အိုင်စီအာရ်စီ)၏ ဌာနချုပ်ကို အသေခံဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့သည့်တိုင်အောင် အီရတ်နိုင်ငံတွင် အဆိုပါအိုင်စီအာစီ ဆက်လက်နေထိုင်သွားရန် တိုက်တွန်းပေးဖို့ နိုင်ငံတကာကြက်ခြေနီအသင်းအကြီးအကဲအား အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က အင်္ဂါနေ့တွင် တယ်လီဖုန်းဖြင့် အကြောင်းကြားကြောင်း သိရသည်။

သို့ရာတွင် မိမိတို့အနေဖြင့် အီရတ်နိုင်ငံတွင် ဆက်နေထိုင်ရန် သင့်မသင့်ကို မိမိတို့ဘာသာမိမိတို့ ဆုံးဖြတ်မည်ဖြစ်ကြောင်း၊ မည်သည့်အမေရိကန်တိုက်တွန်းချက်ကိုမှ ဂရုမစိုက်ကြောင်းဖြင့် နိုင်ငံတကာ ကြက်ခြေနီအသင်းက ပြောကြားသည်။ **(အင်တာနက်)**

အီရတ်တွင်ဗုံးခွဲတိုက်ခိုက်မှုများ နောက်ထပ်ဖြစ်လာနိုင်
အိမ်ဖြူသတင်းစာရှင်းလင်းပွဲ၌ အမေရိကန်တာဝန်ရှိသူများပြောကြား

ဘဂ္ဂဒက် အောက်တိုဘာ ၂၈

ယမန်နေ့က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့ရာ အီရတ်နိုင်ငံ၏အခြေအနေများကောင်းမွန်တိုးတက်ကြောင်း ပြောကြားနေသော အမေရိကန်အစိုးရအတွက် အခက်တွေ့သွားစေသည်။ အာရှနိုင်ငံများအတွင်း ခရီးလှည့်လည်ပြီး အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် ပါဝင်ကူညီရန်ကြိုးစားခဲ့သည့် သမ္မတဘုရှ်အနေနှင့် ရင်မဆိုင်လိုသော ပြဿနာတစ်ရပ်ဖြစ်သည်။ အဆိုပါကိစ္စများကြောင့် အီရတ်ဆိုင်ရာ အမေရိကန်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာနှင့် အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

အိမ်ဖြူတော်၌ သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ရာတွင် အဆိုပါတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်နိုင်သေးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အမေရိကန်တို့က အီရတ်နိုင်ငံတွင် တိုးတက်မှုများဖြစ်ပေါ်လာစေရန် ကြိုးစားသွားမည်ဟု ကတိပြု ပြောကြားနေသော်လည်း အီရတ်တိုက်ခိုက်ရေးသမားများကမူ ဆက်လက်ခုခံတိုက်ခိုက်သွားမည်ဖြစ်ပြီး၊ တိုက်ခိုက်မှု ပိုမိုများပြားလာနိုင်ကြောင်း အိမ်ဖြူတော်က ယုံကြည်ထားသည်။ **(စီအင်န်အင်န်)**

ဘုရှ်ပြောကြားချက် ပြည်သူ့အမြင်နှင့် တခြားစီဖြစ်

ဘဂ္ဂဒက် အောက်တိုဘာ ၂၉

ဘဂ္ဂက်ဒက်မြို့တွင် ယမန်နေ့ကဖြစ်ပွားခဲ့သော ဗုံးခွဲတိုက်ခိုက်မှုများကြောင့် အမေရိကန်သမ္မတ ဂျော့ဘုရှ်က အရေးကြီးသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကိုပြုလုပ်ခဲ့ရာ ယင်း၏ပြောကြားချက်များသည် အမေရိကန်ပြည်သူများ၏ အမြင်သဘောထားနှင့် တခြားစီဖြစ်နေသည်ကို တွေ့ရှိရသည်။

စစ်ပွဲ ပြီးဆုံးပြီးနောက် အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၁၃ ဦး သေဆုံးခဲ့ပြီး တပ်ဖွဲ့ဝင်တစ်သိန်းသုံးသောင်း ငါးထောင်ကျော် ရှိနေခဲ့သည်။ အီရတ်တွင် ရောက်ရှိနေခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များသည် အမြဲတမ်း စိုးရိမ်ပူပန်နေရသည်။ တိုက်ခိုက်ခံရမှုများ နေ့စဉ် ဖြစ်ပွားနေမှုက ယင်းတို့၏ စိုးရိမ်နေမှုကို ပိုမိုတိုးပွားစေလျက်ရှိကြောင်း သိရသည်။ (စီအက်ဖ်အိုင်)

အီရတ်စားနပ်ရိက္ခာအရေး
လုံခြုံရေးကောင်စီနိုင်ငံများ စိုးရိမ်

ကုလသမဂ္ဂ အောက်တိုဘာ ၂၉

ကုလသမဂ္ဂက အီရတ်နိုင်ငံတွင် ဆောင်ရွက်နေသည့် စားနပ်ရိက္ခာအတွက် ရေနံဖလှယ်ရေး အစီအစဉ်ကို ရပ်ဆိုင်းရန်ပြင်ဆင်နေပြီဖြစ်ရာ အဆိုပါအစီအစဉ်ရှိ ရန်ပုံငွေနှင့်ကန်ထရိုက်လုပ်ငန်းများအား အမေရိကန်တို့ ဆက်လက်လုပ်ဆောင်မှုအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင်နိုင်ငံများက စိုးရိမ်ပူပန်လျက်ရှိသည်။

အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်လက်ထက်ကပင်လျှင် စီးပွားရေးပိတ်ဆို့မှုများကြားမှ အီရတ်လူမျိုး သန်းပေါင်းများစွာအား အငတ်ဘေးမကြုံရအောင် စားနပ်ရိက္ခာများ ဝေငှပေးနိုင်ခဲ့သည်။

ယခုလို ကုလသမဂ္ဂမှ စားနပ်ရိက္ခာဖြန့်ဝေမှု အစီအစဉ် ရပ်ဆိုင်းသွားလျှင် အီရတ်များအနေဖြင့် ပြည်ပမှ ဝယ်ယူစားသုံးရမည်ဖြစ်သည်။ အမေရိကန်တို့က နိုင်ငံပိုင်စက်ရုံများကို ပုဂ္ဂလိကပိုင်ပြုလုပ်ရန်စီစဉ်နေပြီး ဓာတ်ငွေ့နှင့် လောင်စာများဖြန့်ဝေမှုအခြေအနေသည်လည်း ယခင်ကကဲ့သို့ မဖြစ်နိုင်တော့ကြောင်း အီရတ်များက စိတ်ပူပန်လျက်ရှိသည်။ မက်ဒရစ်တွင်ကျင်းပသည့် အီရတ်ဆိုင်ရာ အလှူရှင်ညီလာခံပြီးဆုံးပြီးနောက် အီရတ်နိုင်ငံနှင့် ပြည်သူများအတွက် တိုးတက်မှုများ ရှိလာမည်ဖြစ်ကြောင်း အမေရိကန် တာဝန်ရှိသူများက ပြောကြားနေသော်လည်း အီရတ်ပြည်သူများအနေဖြင့် သေချာရေရာသည့် အတိတ်ကာလမှ မသေချာသည့်အနာဂတ်သို့ ကူးပြောင်းရေးကာလတွင် ဒုက္ခရောက်ရမည်ကို စိုးရိမ်ပူပန်နေကြသည်ဟု သိရသည်။ **(စီအင်န်အင်န်)**

ဥရောပသမဂ္ဂဝင်နိုင်ငံများ၏ သုံးပုံနှစ်ပုံသောနိုင်ငံသားများ
အီရတ်စစ်ပွဲ တရားမျှတမှုမရှိကြောင်းထင်မှတ်ကြ

ဘရပ်ဆယ် အောက်တိုဘာ ၂၈

ဥရောပသမဂ္ဂဝင်နိုင်ငံများ၏ သုံးပုံနှစ်ပုံသော နိုင်ငံသားများက အမေရိကန်ဦးဆောင်သော အီရတ်စစ်ပွဲ တရားမျှတမှုမရှိကြောင်း တွေးထင်မှတ်ကြပြီး အမေရိကန်ပြည်ထောင်စုအနေဖြင့် အီရတ်နိုင်ငံကိုပြန်တည်ဆောက်ပေးသင့်ကြောင်း တွေးထင်မှတ်ကြသည်ဟု ဥရောပကော်မရှင်အတွက် တနင်္လာနေ့က ကောက်ယူခဲ့သော လူထုသဘောထားကောက်ယူချက်အရ သိရသည်။

ဥရောပသမဂ္ဂဝင် ၁၅နိုင်ငံလုံးတွင် လူထုသဘောထားကို လွန်ခဲ့သည့် သီတင်းပတ်က မက်ဒရစ်၌ ကျင်းပခဲ့သော အလှူရှင်များ ညီလာခံကျင်းပချိန်အထိ ကောက်ယူခဲ့ရာ၌ ဥရောပတိုက်သား အများစုက ကုလသမဂ္ဂနှင့် အီရတ်ယာယီအစိုးရအဖွဲ့ကို ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှု၌ ဦးဆောင်စေလိုကြပြီး အမေရိကန်ကို ဦးမဆောင်စေလိုကြကြောင်းကို တွေ့ရှိခဲ့ရသည်။

ထို့ပြင် ဥရောပတိုက်သားအများစုက အီရတ်တွင် ငြိမ်းချမ်းရေးထိန်းသိမ်းရန် ၎င်းတို့နိုင်ငံ၏ တပ်များစေလွှတ်ခြင်းကို ကန့်ကွက်ခဲ့ကြသည်။

လူထုသဘောထားကောက်ယူမှု၌ အီရတ်ပြည်သူများအား အီးယူ၏ လူသားများအကျိုးပြု အထောက်အကူကို တစ်ခဲနက်ထောက်ခံကြသော်လည်း အီရတ်နိုင်ငံတည်ဆောက်ရေးတွင် ငွေကြေးပါဝင်ထည့်ဝင်ခြင်းကို အများအပြားက ထောက်ခံခြင်း မရှိပေ။

အလုံးစုံတွင် အီးယူနိုင်ငံသား ဖိုရာခိုင်နှုန်းက စစ်ပွဲသည်လုံးဝ တရားမျှတခြင်းမရှိကြောင်း ပြောဆိုကြသည်။ တရားမျှတကြောင်း ပြောဆိုသူမှာ ၂၉ ရာခိုင်နှုန်းသာရှိသည်။ **(အင်တာနက်)**

ဆေးလိပ်သောက်သုံးသူများ အာရုံကြောယိုယွင်းနိုင်

ဝါရှင်တန် အောက်တိုဘာ ၂၈

ဆေးလိပ်သောက်သူများသည် ဆေးလိပ်မသောက်သူများနှင့်နှိုင်းယှဉ်လျှင် အာရုံကြောယိုယွင်းပြီး ကိုယ်လက်လှုပ်ရှားမှု၊ စကားပြောဆိုမှုစသည်တို့ ထိန်းမရနိုင်သောရောဂါ သုံးဆပို၍ဖြစ်နိုင်ကြောင်း သုတေသီများက တနင်္လာနေ့တွင် ပြောကြားသည်။ နော်ဝေနိုင်ငံ ဘာဂျင်တက္ကသိုလ်နှင့် မက်ဆာချူးဆက်ပြည်နယ် ဟားဘတ်တက္ကသိုလ်တို့မှ သုတေသီများက အသက်(၄၀)မှ (၄၇)နှစ်အတွင်းရှိ လူ ၂၂၀၀၀ ကို ၁၉၉၇ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ သုတေသနပြုခဲ့ရာမှ ဆေးလိပ်သောက်သူအမျိုးသားများသည် မသောက်သူများထက် ထိုရောဂါ သုံးဆနီးပါးဖြစ်တတ်ပြီး ဆေးလိပ်သောက်သူအမျိုးသမီးများသည် ဆေးလိပ်မသောက်သည့် အမျိုးသမီးများထက် ထိုရောဂါနှစ်ဆပိုဖြစ်ကြသည်ကို တွေ့ရှိရသည်။

စီးကရက်သောက်ခြင်းသည်လည်း အာရုံကြောရောဂါဖြစ်နိုင်သည့် အလားအလာများကြောင့် ဟားဘတ်တက္ကသိုလ်ပြည်သူ့ကျန်းမာရေးဌာနခွဲမှ သုတေသီတစ်ဦးဖြစ်သူ အယ်လ်ဘာတိုအက်စချာရီယိုက ပြောသည်။ သူသည် အဆိုပါလေ့လာရေးလုပ်ငန်းတွင် ပါဝင်ခဲ့သူဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်

ရန်ကုန် အောက်တိုဘာ ၃၀

ဗဟန်းမြို့နယ် ဗိုလ်ချို(၁)ရပ်ကွက် ငါးထပ်ကြီးဘုရားလမ်း ဗြဟ္မဝိဟာရ ဓမ္မာရုံတွင် အောက်တိုဘာ ၂၆ ရက်မှ အောက်တိုဘာ ၂၉ ရက်ထိ လေးကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် မဟာကထိန်လှူဒါန်းပွဲကျင်းပရာ ရန်ကုန်မြို့ ဆုထူးပန် ပရိယတ္တိစာသင် ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဘဒ္ဒန္တ ပဏ္ဍိတနှင့် ဆရာတော် သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး အလှူရှင်များ တက်ရောက်ကြည်ညို ပူဇော်လှူဒါန်းကြသည်။ (က–ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် အောက်တိုဘာ ၃၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပဲခူးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးအဖြစ် ယင်းကောလိပ်မှ ဒုတိယကျောင်းအုပ်ကြီး ဦးသိန်းဝင်းအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။ **(သတင်းစဉ်)**

တိမ်ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

✻ ကိုယ်ပိုင်အမျိုးသားမှ

အကဲဖြတ်စိစစ်ရေးအဖွဲ့၏ စိစစ်အကဲဖြတ်ချက်အရ ပထမဆုကို စစ်သွေးကျော်(Photo-Art 2) ကလည်းကောင်း၊ဒုတိယဆုကိုကျော်သာကလည်းကောင်း၊ တတိယဆုကို အေးလွင်ဦး(ရွှေပန်းချီ) ရမည်းသင်းကလည်းကောင်း၊အထူးဆုများကို ဆန်းဦး(တိမ်လွှာ)၊ရွှေအင်းသားခင်မောင်ဝင်း၊ ညောင်ဦးဖိုးချို၊ မောင်မောင်မျိုးကြည်၊ ညောင်ဦးဖိုးချိုတို့က ရရှိကြသည်။

ဆက်သွယ်

ဆုရရှိသူများသည် ပြိုင်ပွဲဝင်ဓာတ်ပုံ၏ မူရင်းနဂတစ်ဖလင်ကို အမြန်ဆုံး ဆက်သွယ်ပေးပို့ကြရမည်ဖြစ်သည်။ ပထမ၊ဒုတိယနှင့် တတိယဆုရရှိကြသူများသည် ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၃ ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့၌ ကျင်းပမည့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဆုလက်ခံယူကြရမည်ဖြစ်ပြီး အထူးဆုရရှိသူများထံသို့ ဆုငွေများ ဆက်သွယ်ပေးပို့မည်ဖြစ်သည်။ **(သတင်းစဉ်)**

စိစစ်အကဲဖြတ်

၂၀၀၃ ခုနှစ် (၁၄)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် "ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု" ရောင်စုံဓာတ်ပုံ ပြိုင်ပွဲကို ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်နှင့် အဖွဲ့က စိစစ်အကဲဖြတ်ကြစဉ်။ (သတင်းစဉ်)

ဒုတိယဆု ကျော်သာ

ကျေးလက်အိမ်ရာစီမံကိန်းနှင့်အပူပိုင်းဒေသ ကျေးလက်ရေရရှိရေးစီမံကိန်းများညှိနှိုင်း

ရန်ကုန် အောက်တိုဘာ ၃၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ယမန်နေ့ နံနက် ၈ နာရီတွင် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းလမ်းရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသော စည်ပင်သာယာရေးဦးစီးဌာန၏ ကျေးလက်အိမ်ရာစီမံကိန်း၊ ရိုးမအနောက်ခရိုင်ချင်းဆက် လမ်းဖောက်လုပ်ရေးစီမံကိန်း၊ အပူပိုင်းဒေသ ကျေးလက်ရေရရှိရေး စီမံကိန်းများ ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးက အမှာစကားပြောကြားသည်။ ဆက်လက်၍ စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး မျိုးမြင့်က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံကိန်းနှင့် သက်ဆိုင်သော ပြည်နယ်/တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးများက မိမိတို့ပြည်နယ်/တိုင်းများအတွင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်၊ လိုအပ်သည့်ငွေကြေးနှင့် ယာဉ်ယန္တရားအခြေအနေများကို တင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်ဆိုင်ရာဗဟုသုတဉာဏ်စမ်းပြိုင်ပွဲ တက္ကသိုလ်အဆင့်မှဆုရရှိသူများကြေညာ

ရန်ကုန် အောက်တိုဘာ ၃၀

၂၀၀၃ ခုနှစ်(၁၄)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတဉာဏ်စမ်းဖြေဆိုပြိုင်ပွဲများ ပြုလုပ်ပေးခဲ့ရာ တက္ကသိုလ်အဆင့်မှ ဆုရရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာမှ ယနေ့ ထုတ်ပြန်ကြေညာသည်။

တက္ကသိုလ်အဆင့်ပြိုင်ပွဲတွင် စစ်တက္ကသိုလ်မှ ဗိုလ်လောင်းဝင်းလတ်က ပထမ၊ တပ်မတော်နည်းပညာတက္ကသိုလ်မှ ဗိုလ်လောင်းမြတ်ကိုကိုက ဒုတိယ၊ ယဉ်ကျေးမှုတက္ကသိုလ်မှ မောင်တင်လတ်ယုက တတိယ၊ စစ်တက္ကသိုလ်မှ ဗိုလ်လောင်းရဲလင်းထွဋ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်မှ ဗိုလ်လောင်းဝေဇင်သိန်းတို့က နှစ်သိမ့်ဆုများ အသီးသီးရရှိကြသည်။

ပထမ၊ဒုတိယ၊တတိယ ဆုရရှိသူများကို စာဆိုတော်နေ့အကြို ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၃ ရက် (တနင်္ဂနွေနေ့) တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ အခမ်းအနားဖြင့် ဆုများချီးမြှင့်မည်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများသည် ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၀ ရက် ရုံးချိန်အတွင်း ဦးကိုကိုထွေး အတွင်းရေးမှူး ပြိုင်ပွဲကျင်းပရေး ကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထံသို့ လူကိုယ်တိုင် သတင်းပို့ကြရမည်ဖြစ်သည်။ **(သတင်းစဉ်)**



အထူးဆု ရွှေအင်းသား ခင်မောင်ဝင်း

တတိယဆု အေးလွင်ဦး–ရွှေပန်းချီ (ရမည်းသင်း)

အထူးဆု မောင်မောင်မျိုးကြည်

အထူးဆု ညောင်ဦးဖိုးချို

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၇)ရက် (အဖိတ်နေ့)
၃၁–၁၀–၂၀၀၃ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၅	၆။	ကြေးမုံရိပ်သွင် တေးနုယဉ်
၈:၁၅	၇။	ကံတင်ဘီးလင်း ရေလှောင်တမံ
၈:၃၀	၈။	International News
၈:၄၅	၉။	English For Everyday Use

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice In Reading
၁၆:၄၀	၄။	တေးဂီတအစီအစဉ်
၁၆:၅၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
၁၇:၁၀	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၂၅	၇။	**"နိုင်ငံ့သားကောင်းဟူသည်"** (ဋ္ဌေးဝင်း၊မြင့်ဝေ၊သန်းဝင်း၊ ကျော်ရိုန်၊တင်တင်အိ၊ တင်မို့မို့အေး) (ဒါရိုက်တာ–ဋ္ဌေးဝင်း)
၁၇:၃၅	၈။	နည်းစနစ်မှန်မှန် အားကစားအခြေခံ
၁၇:၄၅	၉။	လက်ဆင့်ကမ်းပေး ဂီတတေး
၁၇:၅၀	၁၀။	ပသောင်းတံတား
၁၈:၀၀	၁၁။	တေးဂီတအစီအစဉ်
၁၈:၁၅	၁၂။	Discovery
၁၈:၃၀	၁၃။	ညနေခင်းသတင်း
၁၉:၀၀	၁၄။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၅။	Milo Success In Soccer
၁၉:၁၀	၁၆။	တေးဂီတအစီအစဉ်
၁၉:၂၅	၁၇။	နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၉:၃၅	၁၈။	နှောင်းခေတ်တေးပဒေသာ
၂၀:၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
	၂၃။	၂၀၀၃ခုနှစ် ကောဒသမအကြိမ် (၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ
	၂၄။	မြန်မာရုပ်ရှင် **"ပန်းတစ်ပွင့် ဖန်ဆင်းခြင်း" (အပိုင်း–၁)** (လွင်မိုး၊လူမင်း၊ထက်ထက်မိုးဦး၊ လှအဥ္စလီတင့်) (ဒါရိုက်တာ–ကြည်ဖြူသျှင်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

▼ ***နိုင်ငံတော်မှ***

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရ ရွှေမန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သာသနာ့မဏ္ဍိုင်ကျောင်းတိုက်အတွင်း တည်ဆောက်လျက်ရှိသော သာသနာ့ပါလ ဓမ္မရက္ခိတဓမ္မာရုံ တည်ဆောက်ရေးအတွက် အလှူငွေများကို အသီးသီးပေးအပ်လှူဒါန်းကြရာ တည်ဆောက်ရေးလုပ်ငန်း တာဝန်ခံက လက်ခံရယူသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ကျောင်းတိုက်အတွင်း ဝတ်ရွတ်စဉ်များ ရွတ်ဆိုပူဇော်နေကြသော ဝတ်အသင်းအတွက် အလှူငွေများပေးအပ်လှူဒါန်းပြီးနောက် သာသနာ့ပါလ ဓမ္မရက္ခိတ ဓမ္မာရုံတည်ဆောက်ရေးလုပ်ငန်းခွင်တွင် တာဝန်ရှိသူများအား လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့ရှိ ဒေသခံပြည်သူများ၏ နေအိမ်အသီးသီးသို့ ရင်းရင်းနှီးနှီး ဝင်ရောက်နှုတ်ဆက်ပြီးနောက် မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့သည် ဆေးရုံခန်းမ၌ ကျင်းပနေသည့် ကိုကိုးကျွန်းမြို့ အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုးနှံခြင်း အခမ်းအနားသို့ တက်ရောက်၍ ကလေးငယ်များအား ဝက်သက်ကာကွယ်ဆေးထိုးနှံမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့သည် မြို့နယ်ပြည်သူ့ဆေးရုံအတွင်းရှိ ခွဲစိတ်ဆောင်၊ သွားဆေးကုသဆောင်နှင့် လူနာဆောင်များကို လှည့်လည်ကြည့်ရှုပြီး ဆေးရုံတက်လူနာများကို တွေ့ဆုံကြည့်ရှုအားပေးသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ကိုကိုးကျွန်းမြို့ရှိ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်တွင် ဆရာတော် သံဃာတော်များအား ဖူးမြော်ကန်တော့ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (ထ-ပ-ဆ)

ဆွေးနွေးမှာကြား

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် နယ်မြေခံ တပ်နယ်ရှိ စုပေါင်းခန်းမ၌ တပ်နယ်မှ အရာရှိ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် လက်တွဲ၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရ ရွှေမန်းနှင့် အဖွဲ့သည်တပ်နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရ ရွှေမန်းသည် တပ်နယ်ဧည့်ရိပ်သာ ခန်းမ၌ ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအားတွေ့ဆုံရာ ရှေးဦးစွာဌာနအလိုက်တာဝန်ခံများက လုပ်ငန်းကဏ္ဍအလိုက်အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ကိုကိုးကျွန်းမြို့သည် ယခင်ကနှင့် မတူဘဲ တိုးတက်လာသည်ကို တွေ့မြင်ရသဖြင့် ဝမ်းမြောက်မိပါကြောင်း၊ ယခုကဲ့သို့ တိုးတက်လာခြင်းမှာ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ၏ အားသွန်ခွန်စိုက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်းအကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေး စီမံဆောင်ရွက်ပေးလျက်ရှိရာ ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းကဏ္ဍအလိုက် တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရန် လိုကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ် အောင်မြင်ရေးအတွက်လည်း ဌာနဆိုင်ရာ အချင်းချင်း ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များအတွက် ထောက်ပံ့ငွေများနှင့် အားကစားပစ္စည်းများကို ပေးအပ်ရာ ဌာနအလိုက် တာဝန်ခံများက လက်ခံရယူကြသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့မှ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ပြန်လည်ထွက်ခွာလာရာ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောက်တိုဘာ ၃၀ ရက် က အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာနှင့် ဇနီးတို့က အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီးဌာန (၁၁)ကြိမ်မြောက် မိသားစုဘုံ က ထိန် တွင် က ထိန် လျာ သင်္ကန်းကို ဆရာတော်များအား ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

■ ***၂၀၀၂ ခုနှစ်မှ***

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို အောင်သူရိန်(ပုလဲ)၏ 'မေတ္တာခိုင်မြဲ သတ္တိဖွဲ့နှင့်အခြားဝတ္ထုတိုများ' ကလည်းကောင်း၊ ဒုတိယဆုကို ထားမြတ်မာ (ဒဂုံတက္ကသိုလ်)၏ 'ခိုင်မာနေသော ကြိုးမျှင်လေးနှင့် အခြားဝတ္ထုတိုများ' ကလည်းကောင်း၊ တတိယဆုကို သောင်းမြင့်ဦး(ကွမ်းခြံကုန်း)၏ 'မဆုံးသောခရီး၊ မပြီးသောတရားနှင့် အခြားဝတ္ထုတိုများ'ကလည်းကောင်း ရရှိသည်။

ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ရွှေမြိုင်မောင်ဖူးဝါ၏ 'ရေကြည်တစ်မှုတ် ပန်းတစ်ဆုပ် ကဗျာပေါင်းချုပ်'ကလည်းကောင်း၊ ဒုတိယဆုကို မောင်သက်နှင်း(မ/ဥ)၏ 'အလင်္ကာ ပုလဲပန်းကဗျာစု'ကလည်းကောင်း၊ တတိယဆုကို ဇာနည်၏ 'သစ္စာရိပ်မြုပန်းမှုန့်လှိုင် ကဗျာများ'ကလည်းကောင်း ရရှိသည်။

သုတပဒေသာ(ဝိဇ္ဇာပညာရပ်)ဆုတွင် ပထမဆုကို ဦးသောင်းငွေ၏ 'ရတနာသုံးသွယ်'ကလည်းကောင်း၊ ဒုတိယဆုကို ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ) ၏ 'နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း'ကလည်းကောင်း၊ တတိယဆုကို မောင်နွယ်သန်း(ပြန်/ဆက်)၏ 'ကံမှသကြားပြည့်စီးပွား'က လည်းကောင်း ရရှိသည်။

သုတပဒေသာ (သိပ္ပံနှင့်အသုံးချ သိပ္ပံပညာရပ်)ဆုတွင် ပထမဆုကို နိုင်ရွှေမိုး၏ 'မြန်မာ့မှတ်သုံ'က လည်းကောင်း၊ ဒုတိယဆုကို ထင်လင်းအောင် (မြို့ပြ)၏ 'လက်တွေ့အခြေခံအဆောက်အအုံပညာ'ကလည်းကောင်း၊ တတိယဆုကို ရွှေနဂါးတင်ဝင်း၏ 'ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇီဝဓာတ်ငွေ့နည်းပညာ' က လည်းကောင်းရရှိသည်။

စာပဒေသာဆုတွင် ပထမဆုကို မောင်စိန်ထွေး၏ 'ဦးနှောက်တစ်လုံး၊ လက်တစ်ဖက်၊ မျက်စိတစ်လုံး ဘဝခရီးအဆက်'ကလည်းကောင်း၊ ဒုတိယဆုကို ယောနကဘိုးထောင်၏ 'ပန်းအလင်္ကာ'ကလည်းကောင်း၊ တတိယဆုကို မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၏ 'စာပေဘဏ္ဍာတိုက်'ကလည်းကောင်း ရရှိသည်။

မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေဆုတွင် ပထမဆုကို ပန်းချီလှတင်ထွန်း၏ 'မြန်မာပန်းချီရေစီးကြောင်း'ကလည်းကောင်း၊ ဒုတိယဆုကို အောင်ငြိမ်းချမ်း(မန်းတက္ကသိုလ်) ၏ 'ကြေးသွန်းကြေးခတ်ပန်းတဉ်းအတတ်ပန်းတစ်ရပ်'ကလည်းကောင်း၊ တတိယဆုကို ဇင်မင်း(သမိန်ထော)၏ 'ဆိုင်းနောက်ထ'ကလည်းကောင်း ရရှိသည်။

ကလေးစာပေဆုတွင် ပထမဆုကို ဆုလာဘ်ထွန်း၏ 'နုနုငယ်ငယ်ကလေးအရွယ် ပုံဝတ္ထုများ'ကလည်းကောင်း၊ ဒုတိယဆုကို ရဲဘော်မြသိန်း(ဟိုပုန်း)၏ 'ကိုရင်လေးရှင်ပညာနှင့် အခြားဝတ္ထု တိုများ'ကလည်းကောင်း၊ တတိယဆုကို မောင်မွန်မြတ်(ကျေးလက်-မကွေး) ၏ 'မြန်မာပြည် ကမ္ဘာတည်ပါစေ ကလေးဝတ္ထုတိုများ'ကလည်းကောင်း ရရှိသည်။

လူငယ်စာပေဆုတွင် ပထမဆုကို မအူပင်လွင့်ကျော်၏ 'အမေ့သားဂျာအေးနှင့် အခြားလူငယ်ဝတ္ထုတိုများ'ကလည်းကောင်း၊ ဒုတိယဆုကို တင့်ထွန်း(ချောက်)၏ 'ဗြဟ္မစိုရ်အရပ်က ရွာသောမိုး'က လည်းကောင်း ရရှိသည်။

ပြဇာတ်စာပေဆုတွင် ဒုတိယဆုကို ဇင်မင်း(သမိန်ထော)၏ 'သူရဲကောင်းစိတ်ဓာတ်ပြဇာတ်များ'ကလည်းကောင်း၊တတိယဆုကိုတင်ထွန်းဦး (ယဉ်ကျေးမှု)၏ 'တို့မြေ၊ တို့ရေ၊ တို့လေ့ ပြဇာတ်'က လည်းကောင်း ရရှိသည်။

ဘာသာပြန်စာပေ ဆုတွင် ပထမဆုကို ဇော်ထွန်းအောင်၏ 'ဒစ်ဂျစ်တယ်မျက်မှောက်ခေတ်'က ရရှိသည်။

စာပေဗိမာန်စာမူဆုတွင် ဘာသာရပ် ၁၂ မျိုး သတ်မှတ်ထားသည့်အနက် နိုင်ငံရေးစာပေဆုအတွက် အဆင့်မီသော စာမူများမရရှိသဖြင့် ဆုရွေးချယ်နိုင်ခြင်းမရှိကြောင်း သိရသည်။

ဆုရရှိကြသော စာရေးဆရာများသည် ရန်ကုန်မြို့၊ အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ စာပေဗိမာန်၊ တယ်လီဖုန်းအမှတ် ၂၅၂၅၆၀၊ ၂၄၀၀၄၈ နှင့် ၃၈၁၄၄၉ တို့သို့ အမြန်ဆုံး ဆက်သွယ်ကြရန်ဖြစ်ပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို စာဆိုတော်နေ့အကြို ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၄:၀၀ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

ဆုရသူများသည် နိုဝင်ဘာလ ၇ ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့၊ ကုန်သည်လမ်း၊ စာပေဗိမာန်၊ စာတည်းမှူးချုပ်ထံ သတင်းပို့ကြရန် ဖြစ်ကြောင်း သတင်းရရှိသည်။

စာမူပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသော စာမူရှင်များသည် ဆုရွေးချယ်ခြင်းမခံရသော စာမူများကို ဆုစာရင်း ထုတ်ပြန်ပြီးနောက် ခြောက်လအတွင်း လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ ပြန်လည်ထုတ်ယူနိုင်သည်။

၂၀၀၃ ခုနှစ်အတွက် စာပေဗိမာန်စာမူပြိုင်ပွဲ ယှဉ်ပြိုင်လိုသူများသည် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ တင်သွင်းနိုင်သည်။ ပြိုင်ပွဲပုံစံနှင့် စည်းကမ်းချက်များ နယ်မှ မှာယူလိုသူများသည် တံဆိပ်ခေါင်းကျပ် ၄၀ ဖိုး ပေးပို့၍ မှာယူနိုင်ပြီး စည်းကမ်းချက်တွင်ပါရှိသည့် ဘာသာရပ်အလိုက် စာလုံးရေ ကန့်သတ်ချက်အတိုင်း ပြိုင်ပွဲဝင်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရွှေတောင်စာအုပ်တိုက် အမှတ်(၉၀/၉၂)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၂၄၂၈၃၃ က ထုတ်ဝေဖြန့်ချိသော ဆရာ ဦးမောင်မောင်သန်း(ရင်ကိုအေးမြစေသား)၏ နိမိတ်များကို လေ့လာခြင်း စာအုပ်မျက်နှာဖုံး။

(က-ပ)

ဆေးလိပ်နှင့် ဆေးရွက်ကြီးထိန်းချုပ်ခြင်း မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုး

ရန်ကုန် အောက်တိုဘာ ၃၀

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံများ လေးနှစ်ကြာညှိနှိုင်းဆွေးနွေးပြီးနောက် ၂၀၀၃ ခုနှစ် မေ ၂၆ ရက်တွင် အဖွဲ့ဝင်နိုင်ငံအားလုံးက တညီတညွတ်တည်း အတည်ပြုခဲ့ကြသော ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်ခြင်းအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း (Framework Convention on Tobacco Control)တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံက ၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂအဖွဲ့ချုပ်ရုံး၌ လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ ကွန်ဗင်းရှင်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဦးဆောင်၍ ရေးဆွဲသည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ပထမဆုံးကွန်ဗင်းရှင်းဖြစ်သည်။ ကွန်ဗင်းရှင်းရေးဆွဲရေး ညှိနှိုင်းဆွေးနွေးပွဲအဆင့်ဆင့်တွင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြပြီး စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများ ညှိနှိုင်းအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ၂၀၀၂ ခုနှစ် ဩဂုတ်လအတွင်း လက်ခံကျင်းပ၍ ရန်ကုန်ကြေညာစာတမ်းကို ထုတ်ပြန်ကြေညာခဲ့သည်။ ယခုအခါ အဆိုပါ ကွန်ဗင်းရှင်းကို သဘောတူ လက်မှတ်ရေးထိုးပြီးသော နိုင်ငံပေါင်း ၇၅ နိုင်ငံရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

▼ ဒီမိုကရေစီ

မှားယွင်းနေသည့်အတွက် အလွန်တရာ ဝမ်းနည်းဖွယ်ရာ ဖြစ်ပါသည်။

အဆိုပါ အစီရင်ခံစာသည် ဓမ္မဓိဋ္ဌာန်ကျမှုမရှိဘဲ မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးရန် ကြိုးပမ်း လှုံ့ဆော်မှု သက်သက်သာဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော ကြီးမားသည့်ပြောင်းလဲတိုးတက်မှုများကို မျက်ကွယ်ပြုထားပြီး အထူးသဖြင့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းရေးအတွက် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို လျစ်လျူရှုထားပါသည်။

ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်အစိုးရ၏ စနစ်တကျ ကြိုးပမ်းဆောင်ရွက်မှု အဆင့်ဆင့်သည် ငြင်းကွယ်၍ မရနိုင်သည့် ဆောင်ရွက်ချက်ပင်ဖြစ်ပါသည်။ ဒီမိုကရေစီနိုင်ငံတော်သို့ ချောမွေ့စွာ ပြောင်းလဲရေးကိုအာမခံမည့် နိုင်ငံတော် ရှေ့လုပ်ငန်းစဉ် ခုနစ်ရပ်ကို နိုင်ငံတော် တစ်ဝန်းလုံးရှိ ပြည်သူတစ်ရပ်လုံးက ကြိုဆိုထောက်ခံလျက် ရှိပါသည်။ နိုင်ငံတော်၏ ပကတိ အခြေအနေများနှင့် ပြည်သူလူထု၏ လိုအင်ဆန္ဒများနှင့် လိုက်လျောညီထွေသည့် ဒီမိုကရေစီ လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ကို တည်ဆောက်ရန် မြန်မာနိုင်ငံအစိုးရက ခိုင်မာသောသန္နိဋ္ဌာန်ချထားပြီးဖြစ်ပါသည်။ ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်းတည်ဆောက်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ပေါ်ထွက်လာရေးကို ဦးတည်သော အမျိုးသားညီလာခံ ပြန်လည် ကျင်းပရေးအတွက်လည်း စနစ်တကျလုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက် လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေနှင့် ၅၂ သန်းသော ပြည်သူများ၏ အကျိုးစီးပွားကိုသာ ဦးထိပ်ထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်၍ မည်သည့်ခြိမ်းခြောက်မှုနှင့် စိန်ခေါ်မှုများကြောင့် မိမိတို့ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်မှ သွေဖည်သွားမည် မဟုတ်ပါ။ ဒီမိုကရေစီကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ အင်အားစုများကသာ ဖန်တီးဖော်ဆောင်နိုင်ပြီး ပြည်ပမှ မည်သို့မျှ ဖိအားပေးဝင်ရောက်စွက်ဖက်၍ မရနိုင်ပါ။

စီးပွားရေး အခြေအနေနှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်စီးပွားရေးပိတ်ဆို့မှုများ ချမှတ်ထားခြင်းမှာ မည်သို့မျှထိရောက်မှုရှိမည် မဟုတ်ကြောင်း သာမန်လေ့လာသူတစ်ဦးကပင် လေ့လာတွေ့ရှိနိုင်ပါသည်။ ၎င်းတို့ အနေနှင့် မြန်မာအစိုးရအပေါ် ထပ်မံတိုးမြှင့် ဖိအားပေးခြင်းဖြင့် မြန်မာအစိုးရ၏ အခြေခံမူဝါဒများကို ပြောင်းလဲပစ်နိုင်လိမ့်မည်ဟု ယူဆနိုင်သည့် အခြေအနေတွင်မရှိကြောင်း အစီရင်ခံစာကိုယ်တိုင်က ဝန်ခံထားပါသည်။ ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရသည် မိမိပြည်တွင်းရှိ အင်အားစုများနှင့် အိမ်နီးချင်း မိတ်ဆွေနိုင်ငံများ၏ ထောက်ခံအားပေးမှုဖြင့် နိုင်ငံသားများ၏ လူနေမှုဘဝအဆင့်ကို မြှင့်တင်ပေးလျက်ရှိပါသည်။ တိုတောင်းသော အချိန်ကာလအတွင်း မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ၊ ပြည်သူပြည်သားများ၏ ကျန်းမာရေးနှင့်ပညာရေး အဆင့်အတန်းများကို သမိုင်းတစ်လျှောက် မည်သည့် အခါကမျှ မကြုံဖူးအောင် သိသာထင်ရှားစွာတိုးမြှင့်ပေးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းမှုလုပ်ငန်းတွင် သန္နိဋ္ဌာန်ချလျက် ထိထိရောက်ရောက်ဆောင်ရွက်နေသည်ကို မည်သူမျှ အငြင်းပွားနိုင်ဖွယ်ရာမရှိပါ။ သို့သော်ငြားလည်း အမေရိကန်အစိုးရ၏ အစီရင်ခံစာ၌ မြန်မာနိုင်ငံ အနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရာတွင် မိမိ၏လုပ်ဆောင်ရန်တာဝန်ရှိသော လုပ်ငန်းများကို အပြည့်အဝ လုပ်ဆောင်ရန် ပျက်ကွက်လျက်ရှိသည်ဟု မည်သို့မျှ ရှင်းလင်းဖော်ပြခြင်း မပြုဘဲစွပ်စွဲထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရာတွင် ရနိုင်သမျှသော အင်အားစုများကို အသုံးချဆောင်ရွက်နေပါသည်။ ထို့အတူဒေသအတွင်းနှင့် နိုင်ငံတကာမှ လုပ်ဖော်ကိုင်ဖက်များနှင့် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အဆိုပါ အစီရင်ခံစာသည် အမေရိကန်အစိုးရ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အေဂျင်စီ၏ စာရင်းဇယားများကိုသော်လည်းကောင်း၊ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့၏ စာရင်းဇယားများကို သော်လည်းကောင်း ထည့်သွင်းစဉ်းစားထားခြင်း မရှိသည်မှာ သိသာထင်ရှားပါသည်။ မြန်မာနိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စု ဘိန်းထုတ်လုပ်မှုစစ်တမ်းကောက်ယူရေးအဖွဲ့နှင့်အတူ (၉)ကြိမ်ပူးပေါင်းဆောင်ရွက်ခဲ့ပြီးဖြစ်ရာ သက်ဆိုင်ရာ အမေရိကန်အစိုးရဌာနမှလည်း မြန်မာနိုင်ငံ၌ ယင်းအစီအစဉ် စတင်ခဲ့သည့် ၁၉၉၃ ခုနှစ်မှစ၍ ဘိန်းထုတ်လုပ်မှု (၇၇) ရာခိုင်နှုန်းမျှ ကျဆင်းခဲ့သည်ကို သိသာထင်ရှားစွာ အသိအမှတ်ပြုထားပြီး ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့၏ အစီရင်ခံစာကို ကိုးကားဖော်ပြရမည်ဆိုပါလျှင် မြန်မာနိုင်ငံ၌ လွန်ခဲ့သည့် ခြောက်နှစ်အတွင်း ဘိန်းထုတ်လုပ်မှု(၅၀)ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု အတိအလင်း ဖော်ပြထားပါသည်။

သို့ဖြစ်ပါ၍ အမေရိကန် အစိုးရအနေဖြင့် မြန်မာနိုင်ငံအပေါ် ပိုမို၍ အပြုသဘောဆောင်သည့် မူဝါဒများချမှတ်ရန် အချိန်ကျရောက်ပြီဖြစ်ပါသည်။ ယခုအချိန်သည် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် အခြေအနေများအပေါ် မျှတ၍ ဓမ္မဓိဋ္ဌာန်ကျသော အမြင်ဖြင့် စတင်ရှုမြင်ရန်အချိန်လည်း ကျရောက်ပြီ ဖြစ်ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံအတွက် သော်လည်းကောင်း၊ အမေရိကန် နိုင်ငံအတွက်သော်လည်းကောင်း အကျိုးမပြုသည့် မူဝါဒများကို ပြန်လည်သုံးသပ်ရန် အချိန်ရောက်ပြီ ဖြစ်ပါသည်ဟု ဖော်ပြထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● မှန်ကန်ပြည့်စုံမှ

ဆရာသည် (ဘ)ဝတ္ထုဖြင့် စာပေလောကတွင် ထင်ရှားသူဖြစ်ပြီး မြန်မာ၊အင်္ဂလိပ်သတင်းစာတွင်လည်း ဆောင်းပါးများရေးသားခဲ့သည်။စာရေးဆရာသာမကရန်ကုန်သတင်းစာ တွင် အယ်ဒီတာချုပ်အဖြစ်ပါ တာဝန်ယူဆောင်ရွက်ခဲ့သူဖြစ်သည်။ ဆရာကြီးသည် မြန်မာစာပေလောကအတွက် ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သူဖြစ်သောကြောင့် အမျိုးသားစာပေ တစ်သက်တာဆုကို ရွေးချယ် ချီးမြှင့်ခြင်းခံရသည်။

ဘာသာပြန် (ရသ)ဆု

စာဖတ်သူကလည်း ဂန္ထဝင်စာပေမျိုး များများ ဖတ်စေချင်တယ်။ စာပေစိတ် ရှိတဲ့ ထုတ်ဝေသူမျိုးလည်း များများရှိစေချင်တယ်။

ဆရာနတ်နွယ်



စာပဒေသာဆု

စာပေဆုချီးမြှင့်ခြင်းဖြင့်စာကောင်းပေမွန်များ စာဖတ်ပရိသတ်အတွင်း ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့လာနိုင်ပါတယ်။

ဆရာမောင်ခင်မင် (ဓနုဖြူ)

လူမှုရေးဆောင်းပါးများ၊ ဝတ္ထုများ၊ ဇာတ်ညွှန်းများ အရေးများကြောင်း၊ သဏ္ဍာန်မဲ့ထုထည် ဝတ္ထုတိုစုနှင့် ပတ်သက်၍ မျက်မှောက် ကာလတွင် ကြုံတွေ့နေရသော လူနေမှုစရိုက်များ၊ လူတွေထားသည့် စေတနာ၊ မေတ္တာများ၊ ပတ်ဝန်းကျင်မှ ရိုက်ခတ်လာသော အကြောင်း တရားများကို ခံစားနိုင်ရန် ရည်ရွယ်ရေးသားထားခြင်းဖြစ်ကြောင်း၊ စာပေဆုရရှိခြင်းမှာ စာရေးသူ၏ အရည်အချင်း တစ်ခုတည်းကြောင့် မဟုတ်ဘဲ စာရေးသူကျင်လည်ထိတွေ့ ဖြတ်သန်းလာခဲ့ရသည့် ပတ်ဝန်းကျင်၏ ကျေးဇူး

ပြန်ပြီးရင်လည်း ထုတ်ပေးမည့် စာပေတိုက်ရှိမှ ဖြစ်ကြောင်း၊ အာမခံချက်ရှိမှ စာရေးဆရာကလည်း ရေးအားရှိကြောင်း၊ ကျွန်တော့်စာအုပ်ကို ထုတ်ပေးသလို စာပေစိတ်ရှိသည့် ထုတ်ဝေသူမျိုး များများ ရှိစေချင် ကြောင်း၊ စာဖတ်သူကလည်း ဂန္ထဝင်စာပေမျိုး များများဖတ်စေချင်ကြောင်း၊ ယခုလို စာဖတ်သူရော၊ ထုတ်ဝေသူပါ များများရှိမှ စာကောင်းပေကောင်းများများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ ယခုလို နိုင်ငံတော်ကပါ အားပေးချီးမြှင့်လို့ ကျေးဇူးအထူးတင်ရှိကြောင်း” ပြောပြသည်။

ဆက်လက်ပြီး **သမိုင်းရှာပုံတော် ခရီးနှင့်အခြားစာတမ်းများ**စာအုပ်ဖြင့် သုတပဒေသာ(ဝိဇ္ဇာ) စာပေဆုရ **ဆရာမကြီးမကြန်** အား သွားရောက်တွေ့ဆုံမေးမြန်းရာ ဆရာမကြီးက “ဘာကြောင့်လွတ်လပ်ရေး ဆုံးရှုံးသွားရသလဲဆိုသည့် ပျော့ကွက်ဟာကွက်၊ အားနည်းချက်များကို သမိုင်းလေ့လာရင်း တွေ့ရှိလာရကြောင်း၊ လေ့လာတော့မှ မြန်မာ့သမိုင်းကို နိုင်ငံခြားသားတွေရေးတာ တစ်ဖက်သတ်ဆန်ကြောင်း၊ နှိမ့်ချရေးသားထားသည်ကို သိလာရကြောင်း၊ သမိုင်းဆောင်းပါး တစ်စောင် ဖြစ်ဖို့၊ စာအုပ်တစ်အုပ်ဖြစ်ဖို့ ဘယ်လောက်ကြိုးစားရတယ်၊ ဘယ်လောက်ရှာဖွေရတယ်၊ ဘယ်လောက် ခက်ခဲပင်ပန်းတယ်ဆိုတာ သိလာရကြောင်း၊ ဒီစာအုပ်ရေးရသည့် ရည်ရွယ်ချက်မှာ နောက်တစ်ကြိမ် လွတ်လပ်ရေးမဆုံးရှုံးရအောင် သတိထားသင့်ကြောင်း၊ လွတ်လပ်ရေး ဆုံးရှုံးခဲ့ရ၍ မည်မျှ ထိခိုက်နစ်နာ ဆုံးရှုံးမှုများရှိခဲ့ကြောင်း သတိပြု

ဝတ္ထုတို ပေါင်းချုပ်ဆု

လူမှုရေးနှင့် ပရဟိတလုပ်ရှားမှု ပတ်ဝန်းကျင်မှ ရိုက်ခတ်လာသော ခံစားမှုများကို ရေးဖွဲ့ထားခြင်း ဖြစ်ပါတယ်။

ဆရာမ သန်းမြင့်အောင်

ဆရာကြီးက တစ်သက်တာ စာပေဆုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် တစ်သက်တာ စာပေဆုရွေးချယ်ရေးအဖွဲ့က မိမိအား သတိရပြီးပေးသဖြင့် ဝမ်းသာကြောင်းဖြင့် ပြောကြားသည်။

သဏ္ဍာန်မဲ့ထုထည် ဝတ္ထုတိုစု ဖြင့် ဝတ္ထုတိုပေါင်းချုပ်ဆုရရှိသူ စာရေးဆရာမ **သန်းမြင့်အောင်** အား သွားရောက်တွေ့ဆုံမေးမြန်းရာ ဆရာမက “စာပေနယ်သို့ ၁၉၈၇ ခုနှစ်တွင် တယ်လီဗီးရှင်းဝေဒနာ ဝတ္ထုတိုဖြင့် စတင်ဝင်ရောက်ခဲ့ပြီး ယခုအထိ မဂ္ဂဇင်း၊ ဂျာနယ်များတွင် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါးများ ရေးသားဆဲဖြစ်ကြောင်း၊ ယခုအချိန်အထိ ဝတ္ထုတို ပေါင်းချုပ် ငါးအုပ်၊ အခြားစာရေးဆရာများနှင့်တွဲ၍ ဝတ္ထုလတ်လေးအုပ်၊ လုံးချင်းဝတ္ထု နှစ်အုပ် ထုတ်ဝေခဲ့ပြီးဖြစ်ကြောင်း၊ လူမှုရေး ပရဟိတလုပ်ငန်းကို စိတ်ဝင်စား၍

တရားများကြောင့်ရရှိခြင်းဖြစ်ကြောင်း၊ အမျိုးသားစာပေဆုရရှိ၍ အလွန် ဝမ်းသာကြောင်း”ရှင်းပြသည်။

ကာရာမာဇေ ညီအစ်ကိုများစာအုပ်ဖြင့် ဘာသာပြန်(ရသ)စာပေဆု ရရှိသော **ဆရာနတ်နွယ်** အား ဆရာရှိရာ နွယ်နီမဂ္ဂဇင်းတိုက်သို့ သွားရောက်တွေ့ဆုံမေးမြန်းဖြစ်သည်။ ဆရာနတ်နွယ်သည် မဂ္ဂဇင်းလုပ်ငန်းဖြင့် မအားမလပ်သည့်ကြားမှ စာပေရေးသားခြင်းကို တစိုက်မတ်မတ် အပတ်တကုတ် လုပ်ကိုင်နေသူ တစ်ဦးဖြစ်သည်။ ဆရာက စာပေဆု ရရှိခြင်းနှင့် ပတ်သက်၍ ပြောပြရာတွင် “အလွန်အောင်မြင်တဲ့ စာအုပ်က ကမ္ဘာ့ဂန္ထဝင် စာအုပ်ကို စာရေးဆရာ အတော်များများ ပြန်စေချင်ကြောင်း၊

မိစေရန် ရည်ရွယ်ကြောင်း၊ အမျိုးသားစာပေဆုကို ယခုအကြိမ်ပါနှင့်ဆိုလျှင် နှစ်ကြိမ်ရရှိခြင်းဖြစ်ကြောင်း၊ ပထမအကြိမ်က မြန်မာနိုင်ငံ အခြေအနေ ၁၈၈၅-၈၆ ဆိုသည့် စာအုပ်ဖြင့် ရခဲ့ကြောင်း” ပြောကြားသည်။

နှစ်လေးဆယ်ဘဝမှတ်တိုင် များ စာအုပ်ဖြင့် စာပဒေသာဆု ဆွတ်ခူးရရှိသွားသော ဆရာမောင်ခင်မင် (ဓနုဖြူ)အား တွေ့ဆုံမေးမြန်းရာ “စာပေဗိမာန်ဆုက စတင် အခြေခံပြီး တစ်နှစ်အတွင်း ထုတ်ဝေသည့် စာအုပ်များထဲက စာဖတ်ပရိသတ်အတွက် အကျိုးရှိတဲ့အကျိုးပြုတဲ့ စာကောင်းပေမွန်များအဖြစ် ရွေးချယ်ချီးမြှင့်လိုက်ခြင်းဖြင့် စာဖတ်ပရိသတ်အတွင်း ပိုမိုကျယ်ပြန့်ပြီး အသိအမြင်

ပွားစရာဆိုရင်လည်း ပိုမို အသိအမြင် ပွားများလာမည် ဖြစ်ကြောင်း၊ ရသစာပေ၊စေတနာနှိုးဆော်သည့်စာပေဆိုလျှင်လည်း ရင်ထဲမှာစိတ်ကောင်း စေတနာကောင်းတွေ ပိုမိုနိုးကြားပြီး ဒီစိတ်ကောင်း စေတနာကောင်းများကြောင့် မိမိအကျိုး၊ မိမိအသိုင်းအဝိုင်း ပတ်ဝန်းကျင်အကျိုး၊ မိမိနိုင်ငံအကျိုးအတွက် အကျိုးပြုလိုသည့် စိတ်ကောင်းစေတနာကောင်းတွေ ပေါ်ထွက်လာနိုင်ကြောင်း၊ ဒီလိုစာကောင်းပေမွန်တွေ အများကြီးပေါ်ထွက်လာပြီး စာဖတ်ပရိသတ်အတွင်း များများ ပြန့်ပွားလာသည်နှင့်အမျှ စာဖတ်ပရိသတ်အတွက် အများကြီးအကျိုးရှိလို့ စာပေဆုရွေးချယ်ချီးမြှင့်သည့် အစဉ်အလာသည်အင်မတန်ကောင်းမွန်သည့် အစဉ်အလာဖြစ်ကြောင်း” ပြောကြားသည်။

အောက်တိုဘာ ၂၆ ရက်က ပန်းဘဲတန်းမြို့နယ် အမက(၂) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုရရှိသောတတိယတန်း(ခ)မှ မစုမြတ်ရည်နိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်စန်းနွဲ့က ဆုချီးမြှင့်စဉ်။ (က-ပ)

စီးပွားကူးသန်း ရှေ့သို့လှမ်း

အောက်တိုဘာ ၃၀ ရက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ “မြန်မာ့ရေထွက်ကုန်နှင့်မွေးမြူရေးထုတ်ကုန်ပစ္စည်းပြပွဲ ၂၀၀၃” ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ရန်ကုန်မြို့သို့ ရောက်ရှိလာသော ထိုင်းနိုင်ငံကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Dr. Adisai Bodharamik ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပဏာမသွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု အကောင်းဆုံးကျေးလက်ကျန်းမာရေးဆုချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၃၀

ပဏာမသွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုစီမံချက် စံပြကျေးလက်ကျန်းမာရေးဌာနဆုပေးပွဲ အခမ်းအနားကို အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမအသစ်၌ ကျင်းပရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေက အမှာစကားပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံJapanese Foundation for Oral Health Promotion (JFOHP)မှ ဥက္ကဋ္ဌ ပါမောက္ခ Dr. Motoi Morimoto က ဂုဏ်ပြုလွှာကို ချီးမြှင့်ရာ ကျေးလက်ကျန်းမာရေး ဌာနဆုရရှိသည့် ဝန်ထမ်းများကိုယ်စား ကျောက်ပန်းတောင်းမြို့နယ် မန်ကျည်းတိုင်းကျေးလက် ကျန်းမာရေးဌာနမှ လက်ထောက်ကျန်းမာရေးမှူး ဒေါ်ချစ်ချစ်ကလက်ခံသည်။

ဆက်လက်၍မန်ကျည်းတိုင်း ကျေးလက် ကျန်းမာရေးဌာနနှင့် ဝန်ထမ်းများအတွက် ဆုကြေးငွေကျပ် ၃၇၀၀၀၀ နှင့် မီးစက် တစ်လုံးပေးအပ်ရာ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ ဆေးရုံမှ သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာမောင်စိန်က လက်ခံယူကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြေနီကုန်းဖိုးလုံး၊ မောင်ဝံသ၊ ဇင်လူ၊ မင်းရွှေမောင်၊ စိုးမြင့်လတ်၊ ဇင်မော်၊ ဘုန်းစည်သူတို့၏ ဆောင်းပါးများ၊ အင်တာဗျူးများနှင့် တစ်ပတ်အတွင်း သတင်းဒိုင်ယာရီစသည့် နိုင်ငံတကာသတင်းများကို အင်တာနက်သတင်းဓာတ်ပုံဝေဝေဆာဆာဖြင့် အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ဝေသည့် ရီပိုတာဂျာနယ် မျက်နှာဖုံး။

(က-ပ)

တိမ်အသင့်အတင့်

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ကထိန်သင်္ကန်းဝယ်ယူလှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၃၀

ဝိနည်းတော်နှင့် အညီ သေသပ် ခိုင်ခံ့စွာ ချုပ်လုပ်ထားသော ကြာငါးခိုင် ကထိန်သင်္ကန်းများကို ပစ္စည်းမှန်၊ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီ၊ လက်ကား ရောင်းချပေးလျက်ရှိရာ ဦးညွန့်ဌေး–ဒေါ်နီလာရွှေ အမှတ် ၈၃၊ အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၅၃၅၁၆၂၊ အမှတ်၅၉၊ အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၅၂၄၁၈၂၊အမှတ် ၁၀၅၊ ကုန်ဈေးတန်း လမ်း(အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၃၇၅၄၅၈ တို့တွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(က–ပ)**

သားငါးဖွံ့ဖြိုး ပြည်အကျိုး

နယ်စပ်မှတ်တမ်း (ရှမ်းဒေသ)

မြင့်စိုး (နတလ)

သံလွင်ကိုဆန်ကြည့်ခြင်း

နယ်စပ်ဒေသ အထူးအုပ်ချုပ်ရေးအဖွဲ့ (ဟိုမိန်း) အဖွဲ့ဝင်များ (တစ်နည်းအားဖြင့် ကျွန်တော်တို့ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းများ) အတူနေ၊ အတူစား၊ အတူသွားကြသည်ဆိုသော်ငြား နေရာတစ်ခုကို သွားကြည့်လို၍ ကျွန်တော်က အဖော်ညှိသောအခါ သူတို့ ခေါင်းကိုခါကြသည်။ ခင်ဗျားနယ်ဗျာ၊ သွားစရာရှားလို့ဟု ပြောသူကပြော၏။ အင်း…သည်လူတွေ သည်လောက်တောင် အကြောက်အကန် ငြင်းနေမှဖြင့် တန်တော့…ဤနေရာကား ဤစာရေးသူ ငါတို့ကိုပြောခဲ့ဖူးသည့် အိမ်အမှတ် ၈/၁၀ လို ဟိုဒင်း ဟိုအဂ္ဂ အိမ်မျိုးပင်ဖြစ်ရမည်ဟု မှောက်မှောက်မှားမှား မထင်စေလိုပါ။ ကျွန်တော်သွားကြည့်လိုသောနေရာမှာ ဟိုမိန်း သုသာန်ပင်တည်း။

နယ်ဘက်သို့ ကူးပြောင်းကြရသောအခါ မိမိအား ထုတ်ပေးထားသည့် လက်နက်ကိရိယာ၊ ချပ်ဝတ်တန်ဆာများ၊ လက်ရှိတာဝန်ဝတ္တရားများကို တပ်မတော်သို့ ပြန်အပ်လိုက်သော်ငြား၊ ပြန်လည်အပ်နှံ၍မရသော အရာတော်တော်များများက ကိုယ်နှင့်မကွာ ပါလာသည်။ ယုံကြည်ချက်၊ ခံယူချက်နှင့် အလေ့အကျင့်များ။ အထူးသဖြင့် Second Nature များ။ ဤ Second Nature ဆိုတာကြီးကြောင့် ဘာပဲလုပ်လုပ် အမြင် (၄)မြင်က အလိုလိုပါလာတော့သည်။ ဆိုကြပါစို့၊ SURA ဦးမိုးဟိန်းကြီး နယ်စပ်တွင် ကွယ်လွန်သည်။ ထို့အတူ SSA မှ စိုင်းလိတ် (ကုလား)လည်း နယ်စပ်တွင် ကွယ်လွန်သည်။ ဤသို့ သိထားခဲ့ဖူး၏။ စူးစမ်းလိုသောအကျင့်က ပေါ်လာပြန်သည်။ ဘာကြောင့်၊ ဘယ်အချိန်တုံးက၊ ဘယ်နေရာမှာလဲ။

ဦးမိုးဟိန်းကြီးက ပန်မိုက်ဆွန်တွင် ကွယ်လွန်၍ ပိန်းလုံတွင် ဂူသွင်းသင်္ဂြိုဟ်ကြောင်း သိရသည်။ ဟိုမိန်းတွင် စိုင်းလိတ်(ကုလား)နေသွားသော တိုက်ခံ အိမ်နီနီလေး တစ်လုံးရှိနေသည်။ ဆိုင်ကယ်တစ်စီးငှား၍ သင်္ချိုင်းထဲ လျှောက်ကြည့်သောအခါ စိုင်းလိတ်(ကုလား)၏ အုတ်ဂူကို တွေ့ရသည်။ မဟောင်းနွမ်းသေး။ အတော်အသင့်ကြီးမား၏။ ဟိုမိန်းသုသာန်၌ သိလိုတာသိ၊ မြင်လိုတာမြင်ခဲ့ရငြား ကျွန်တော်ငှားစီးသွားသော ဆိုင်ကယ်ပိုင်ရှင်မှာ စိုင်းလိတ်(ကုလား)၏ တူမအရင်းခေါက်ခေါက်ကြီးဖြစ်နေကြောင်း နောင်သူများပြောမှ သိရသည်။

လက်ရှိတရားဥပဒေဘောင်အတွင်း ဝင်ရောက်လာသော SSA ငြိမ်းချမ်းရေးအဖွဲ့မှ မိတ်ဆွေများ၊ ပိန်းလုံဘက်တွင် ကွယ်လွန်ခဲ့သော ဦးမိုးဟိန်း၊ ဟိုမိန်းတွင် ကွယ်လွန်သူ စိုင်းလိတ်(ကုလား) MTA ထဲရောက်နေသော ဦးနော်မိန်း၊ဦးစံမိုင်၊ဦးကောက်တိုင်း စသည့်၊ စသူတို့အကြောင်း ဆက်စပ်စဉ်းစားလျှင် SSA၊ SURA နှင့် ဗကပတို့၏ သုံးပွင့်ဆိုင် ခွဲရေးတွဲရေးဇာတ်လမ်းများကို အမှတ်ရစေသည်။ နယ်ချဲ့၏ သွေးထိုးသပ်လျှိုမှုပယောဂများကြောင့် လက်နက်ကိုင် သောင်းကျန်းမှု အမျိုးမျိုးပေါ်ပေါက်လာသကဲ့သို့၊ ဗကပလက်ထက် စိမ့်ဝင်ထိုးဖောက်မှုများ (အထူးသဖြင့် ၁၉၇၅ ခုနှစ် အောက်တိုဘာလတွင် ချမှတ်ခဲ့သော ဗကပ ဗဟိုကော်မတီ၏ ၇၅၁၀ စီမံကိန်းကြောင့်) ကချင်ဒေသ၊ ကယားဒေသ၊ ပအိုဝ်းဒေသ၊ ရှမ်းဒေသများတွင် လေ့ကြီးပေါ်လေ့ငယ်ဆင့်ကာ၊ လက်နက်ကိုင် အမည်ကွဲ၊ အဖွဲ့ကွဲများ တိုးပွားလာစေခဲ့သည်။

စိုင်းလိတ်(ကုလား)ကဲ့သို့ နောက်တစ်ဦးကို အမှတ်ထားမိသည်။ ကျွန်တော်၏ 'မိုင်းကိုင်လွမ်းချင်း' ဆောင်းပါးတွင် နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ဖွဲ့မှ ၁၉၈၄ ခုနှစ် မိုင်းကိုင်မြို့၌ ကပြဖျော်ဖြေသွားသော 'မောမြေသစ္စာ' ပြဇာတ်တစ်ပုဒ်အကြောင်း ရေးခဲ့ဖူးသည်။ ဤပြဇာတ်ထဲမှ အဓိကသရုပ်ဆောင် စိုင်းလှအောင်ဆိုသည်မှာ ၁၉၈၃ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် မိုးနဲဒေသ၌ အလင်းဝင်ရောက်ခဲ့သော SSPP ဥက္ကဋ္ဌဟောင်း စိုင်းလှအောင်အား ရည်ညွှန်းတင်ဆက်ထားခြင်းသာတည်း။

SSA အဖွဲ့အတွင်း ဗကပ စတင်လွှမ်းမိုးသော ၁၉၇၃ ခုနှစ်ခန့်မှ နောက်ကြောင်းပြန် ဆန်တက်ကြည့်လျှင် ကျွန်တော်စိတ်ဝင်စားသည့် ကာလများကို တွေ့ရပြန်သည်။ ၁၉၆၉ ခုနှစ်တွင် ဗကပကိုအကြောင်းပြု၍ SSA မှ မိုးဟိန်းခွဲထွက်သွားပြီး SURA ပေါ်ပေါက်ခဲ့ရသည်။ ၁၉၆၈ ခုနှစ်တွင် SSA ထဲမှ ပလောင်တပ်ရင်း (၂)ရင်း ခွဲထွက်ခဲ့ပြီးနောက် ကျောက်မဲဒေသတစ်ဝိုက် လှုပ်ရှားခဲ့သည်။ ထိုမှ လှမ်းမျှော်ကြည့်လိုက်ပြန်လျှင် ၁၉၆၅ ခုနှစ် အစပိုင်း၌ SSIA နှင့် SNURF အဖွဲ့များပူးပေါင်းပြီး SSA ဖွဲ့စည်းဖြစ်တည်လာမှုကို ထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်၏။ ရေဆန်လမ်းကို သည်ထက်ပို၍ ဆန်မကြည့်လိုတော့ပြီ။

ထူးဆန်းသောမြို့ကလေး

ထိုစဉ်ကာလက တန့်ယန်းကို လက်ဝါးသာသာမြို့ကလေးဟု ကျွန်တော် မကြာခဏတင်စားဖူးသည်။ ဤလက်ဝါးသာသာ လောက်သာရှိသော မြို့ကလေးသည် ကျွန်တော့်အဖို့ရာတွင်မူ ထူးဆန်းနေ၏။ ၁၉၅၉ ခုနှစ်တုန်းက ဤမြို့ကလေးကို ခေတ္တခဏ တိုက်ခိုက်သိမ်းပိုက်ခဲ့ဖူးသော ဗိုလ်မောင်၏အကြောင်းကို သိလိုပါသလား။ သူ၏ သားသမီးများ၊ မြေးမြစ်များ ဤမြို့တွင် ရှိနေသည်။ ဦးခွန်ဆာ၏ဘဝ၊ MTA ၏သမိုင်းအစနှင့် ပတ်သက်၍လည်း ဤမြို့ကလေးတွင် တူးဆွကြည့်နိုင်သော နေရာများစွာရှိနေ၏။ တရုတ်ဖြူ ကျူးကျော်သူများအကြောင်းကိုလည်း လွယ်ဆေးတောင်ကြောကြီးကို သက်သေထား၍ ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောပြနိုင်ကြသည်။ ထိုတွင်မက ဗကပအကြောင်း၊ SSA အကြောင်း စသည့် အကြောင်းများစွာနှင့် ဆက်စပ်မှုရှိနေသော မြို့ကလေးပင်တည်း။

ရပ်ကွက် ၄၊ ၅ ခုသာရှိသော ဤမြို့ကလေးတွင် မြို့အင်္ဂါရပ် အားလုံးရှိပါသည်။ ဘုရားကျောင်း ကန်၊စေတီ ပုထိုး၊ ဆေးရုံ၊ ကျောင်း၊ ဈေးနှင့် ပန်းခြံ၊ ဌာနဆိုင်ရာ ရုံးအဆောက်အအုံလေးများ။ သို့သော် အဝေးပြော တယ်လီဖုန်းမရှိ၊ ကြည့်စရာရုပ်မြင်သံကြားမရှိ။ မြို့တွင်း၌ ခြေကျင်လျှောက်သူများသည်။ ကားတဝီဝီ လျှောက်စီးရလောက်အောင် မကျယ်ဝန်း။ ရှားရှားပါးပါးတွေ့ရသော ကားသုံးစီးမှာ စစ်ဗျူဟာမှူး၏ မာဇဒါဂျစ်၊ တပ်ရင်းမှူး၏ မာဇဒါဂျစ်၊ ကောင်စီဥက္ကဋ္ဌ၏ ဝီလီဂျစ် ဒါပဲရှိသည်။ နှစ်ပေါင်းများစွာ အလှကြည့်လာခဲ့သော ရုပ်ရှင်ရုံ တစ်ရုံလည်း ရှိသေးသည်။ ဤကဲ့သို့ ဘာဆို ဘာမျှမရှိသော မြို့ကလေးတွင် ကျွန်တော် အပါအဝင် လူတော်တော်များများ ပျော်မွေ့နှစ်ခြိုက်စွာ နေနိုင်ခဲ့ခြင်းကိုက အတော်ထူးဆန်းနေ၏။

အမှတ်တရ (၇)မိုင်

ကျွန်တော်တို့ရောက်ချိန်အထိ တန့်ယန်း၌ တပ်ရင်း တစ်ရင်းသာ ရှိသေးသည်။ ၁၉၈၇ ခုနှစ်ကုန်ခါနီးနှင့် ၁၉၈၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဤတပ်ရင်းသို့ ရှေ့ဆင့်နောက်ဆင့် ရောက်လာကြသူများမှာ ဗိုလ်မှူးစိုးလွင်၊ ဗိုလ်မှူးကျော်ဆန်း၊ ဗိုလ်မှူးသိန်းစိုး၊ ဗိုလ်မှူးထင်အောင်မြင့်၊ ဗိုလ်မှူးစိုးလှိုင်၊ ကိုချစ်ဦး၊ ကျွန်တော်၊ အောင်နိုင်ဦး စသည်ဖြင့်။ တပ်ရင်းမှူးမှာ ဒုတိယဗိုလ်မှူးကြီးတင်အေး (ယခု မြောင်းမြခယက ဥက္ကဋ္ဌ)ဖြစ်သည်။ နယ်မြေအားဖြင့် မြောက်ဘက်ပွိုင့် ၆၀၄၁ မှ သံလွင်တစ်လျှောက် တောင်ဘက် တာစွတ်ကျက်၊ နားဟန်၊ တာပန်မှူ ကူးတို့ဆိပ်များအထိ၊ ထိုမှ တပ်မ ၇၇ တပ်များနှင့် ဆက်စပ်ဧရိယာ ဂျေ–၈၄ မျဉ်းအထိ။ ဒီတော့ အများဆုံးကြုံရသည်က ဗကပ၊ SSA၊ MTA ဖြစ်လာသည်။ SSA အဖွဲ့နှင့်မူ မိုင်းကိုင်၊ ပန်ကေတု၊ တုံလောဘက်သို့ ဝင်ရောက်စဉ်ကတည်းက မိတ်ဟောင်း၊ ဆွေဟောင်းများ ဖြစ်ခဲ့ဖူး၏။ တန့်ယန်းနယ်မြေအတွင်း တိုင်းစစ်ဌာနချုပ်၏ အစီအမံအရ ဗိုလ်မှူးသိန်းစိုး၏ တပ်ခွဲအား အထူးတပ်ခွဲအနေဖြင့် လူ၊ လက်နက်အင်အား ပိုမိုဖြည့်တင်းပေးပြီး ထိုးဖောက်လှုပ်ရှားစေသောအခါ တိုက်ပွဲဖြစ်သံတွေ သောသောညံလာသည်။ သိန်းစိုး ရောက်လာမှပဲ တန့်ယန်းမှာ ပွဲဆူတော့တယ်ဟု တိုင်းမှူး၊ စစ်ဗျူဟာမှူးတို့က ကောင်းချီးပေး၏။ တပ်မတော်သားဘဝ၌ ရေလိုကျင့်ရသော အခါလည်းရှိသည်။ မီးလိုကျင့်ရသော အခါလည်းရှိသည်။ မီးလိုကျင့်ကြံနေချိန်၌ တိုက်ပွဲဖြစ်လိုက်ရမှ၊ သေနတ်သံကြားလိုက်ရမှ စားဝင်အိပ်ပျော်၍ နေသာထိုင်သာ ရှိတတ်ကြစမြဲပင်။ ထိုအချိန်က တန့်ယန်းဒေသသည် ဦးပန်ဖ၏ SSA တပ်မဟာ(၁) လှုပ်ရှားရာနယ်မြေဖြစ်သည်။

ကျွန်တော် အမှတ်ထင်ထင်ရှိနေသော နေရာတစ်ခုမှာ တန့်ယန်း–လားရှိုး ကားလမ်းဘေးမှ ဘုရားကုန်းလေးဖြစ်သည်။ တန့်ယန်းမှ ခုနစ်မိုင်ခန့်သာ ကွာဝေးသည်။ လမ်းလုံခြုံရေးထွက်ယူမည့် တပ်စိတ် နှစ်စိတ်အား အရှင်ဖမ်းမည်ဆိုကာ ကျင်းတူးစောင့်နေသော ဗကပ၊ SSA ပူးပေါင်းအင်အား ၆၀ ခန့်နှင့် ကျွန်တော့်တပ်ခွဲ ဤနေရာတွင် တိုက်ပွဲဖြစ်ခဲ့ဖူး၏။ သာယာသောနံနက်ခင်းကို အကျည်းတန်အောင် နှစ်ဖက် ပစ်ခတ်တိုက်ခိုက်နေကြရသည်။ ၆၀ မမပေါက်ကွဲမှုများကို ဗျူဟာကုန်းပေါ်မှ လှမ်းမြင်ရသည်ဆို၏။ တိုက်ပွဲနေရာမှအပြန် စစ်ဗျူဟာ အမြောက်တပ်ခွဲတွင် တာဝန်ကျနေသော သူငယ်ချင်း မော်စီက "ငါ့အမြောက်နဲ့ လှမ်းပစ်ပေးဦးမလို့ဘဲကွ၊ တော်ကြာ အမြောက်ကျည်ဆန်က ဂယောင်ပြပြီး မင်းခေါင်ပေါ် ကျလာမှာစိုးလို့"ဟု မထိတထိနောက်သည်။ နှစ်ပေါင်းအတန်ကြာပြီးမှ တန့်ယန်းသို့ တစ်ကြိမ်သွားခွင့်ကြုံသောအခါ ကျွန်တော့်တပည့်သုံးဦး အသက်စွန့်သွားသည့် ဤဘုရားကုန်းကလေးကို ကျွန်တော် ငေးကြည့်မိသည်။ ထိုအချိန်၌ SSA သည် တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ ပြီးတည်း။

SSA ငြိမ်းချမ်းရေးအဖွဲ့၏ ဘော်ကြို သကြားစက်။

အမှတ်တရ ရန်အောင်မြင်

ရန်အောင်မြင်ဆိုသည်မှာ ခလရ(၃၃)၏ တပ်ရင်းရိပ်သာဖြစ်သည်။ ၁၉၈၉ ခုနှစ်မတိုင်မီအထိ ဤရိပ်သာသို့ ရောက်ရှိလာကြကုန်သော ပုဂ္ဂိုလ် ကြီးငယ်မှန်သမျှ၊ စစ်ဆင်ရေးကိစ္စနှင့်သာ အများဆုံးပါဝင်ပတ်သက်နေသည်။ ရိပ်သာဝန်းကျင်၌ တိုက်ဖို့ခိုက်ဖို့၊ သိမ်းဖို့ပိုက်ဖို့၊ သတ်ဖို့ဖြတ်ဖို့အသံများသာ ပျံ့လွင့်နေ၏။ ငြိမ်းချမ်းရေး ရယူတည်ဆောက်ပြီးသောအခါ 'ဝ'တိုင်းရင်းသားခေါင်းဆောင်များ ရောက်လာဖူးသည်။ ယင်းနောက် SSA ငြိမ်းချမ်းရေးအဖွဲ့ဝင်များ ရောက်လာဖူးသည်။ သူတို့၏ ဇနီးသားသမီးများလည်း ခေတ္တတည်းခိုနေထိုင်ကြသည်။

ထိုအခါ ရိပ်သာဝန်းကျင်၌ ငြိမ်းချမ်းရေး ချိုးကူသံများ၊ ဒေသဖွံ့ဖြိုးရေးအတွက် ညှိနှိုင်းဆွေးနွေးသံများ၊ လွတ်လပ်ပေါ့ပါးစွာ ခင်မင်ရင်းနှီးစွာ ရယ်မောသံများကိုသာ ကြားရတော့သည်။

ရှမ်းဒေသ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ

SSA အဖွဲ့သည် ၁၉၈၉ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့၌ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည်။ ထိုနှစ်အတွင်း စတုတ္ထမြောက် ဝင်ရောက်လာသော အဖွဲ့အစည်းပင်တည်း။ ၎င်းအဖွဲ့ ဝင်ရောက်လာချိန်တွင် ကျွန်တော် တန့်ယန်း၌ပင် ရှိသေး၏။ စစ်ဗျူဟာ(၁) အနေဖြင့် 'ဝ'ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုသာ တာဝန်ယူရသည်။ ရှမ်းဒေသအတွက် တိုင်းစစ်ဌာနချုပ်မှ တိုက်ရိုက်ကွပ်ကဲဆောင်ရွက်ပေးသည်။

ရှမ်းဒေသ၏ ဖွံ့ဖြိုးရေးဧရိယာများထဲတွင် လားရှိုးမြို့နယ်၊ သိန္နီမြို့နယ်၊ ကျောက်မဲမြို့နယ်၊ သီပေါနှင့် နောင်ချိုမြို့နယ်များ ပါဝင်သည်။ လမ်းတံတားကဏ္ဍ၌ ဘော်ကြို–အုံမုလမ်း၊ ပုန်းထွန်–ဟန်နားလမ်း၊ ဆောင်ကြဲ–မိုင်းခေးလမ်း၊ မိုင်းခေး–မန်မွန်းလမ်း၊ နားမွန်း–ဆောင်ကြဲ–ဆင်ကျော့–မိုင်းရယ်လမ်း၊ နမ့်လန်–ဟိုခိုလမ်း၊ သီပေါ–ကွန်ဟောက်လမ်းများ ဖောက်လုပ်ပြုပြင်ပေးခဲ့သည်။ မိုင်းရယ်မြို့တွင်းလမ်းများနှင့် ဆင်ကျော့ဒေသလမ်း၊ တံတားလုပ်ငန်းများလည်း ပါဝင်သည်။

ပညာရေးလုပ်ငန်းတွင် အမက ၁၄ ကျောင်း၊ အလက တစ်ကျောင်း၊ အထက တစ်ကျောင်း ဖွင့်လှစ်ပေးပြီးဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ နှစ်ရုံ၊ ဆေးပေးခန်း ငါးခု၊ ကျေးလက်ကျန်းမာရေးဌာန လေးခု ဖွင့်လှစ်ထားပြီး ဖြစ်သည်။ ရှမ်းဒေသအတွင်း စိုက်ပျိုးရေးရုံး သုံးရုံး၊ စိုက်ပျိုးရေးစခန်း ငါးခု၊ ထွန်စက်စခန်း နှစ်ခု၊ မွေးမြူရေးခြံ တစ်ခြံ၊ တိမွေးကုရုံ တစ်ရုံ၊ ရေအားလျှပ်စစ်စက်ရုံ တစ်ရုံ၊ စာတိုက်တစ်ခု၊ ရေဒီယိုကြေးနန်းရုံး နှစ်ရုံး၊ ကယ်ရီယာစက် လေးခု၊ ဂြိုဟ်တုဆက်သွယ်ရေးရုံး တစ်ရုံး၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံလေးရုံ တည်ဆောက်ဖွင့်လှစ်ပေးပြီး ဖြစ်သည်။

ဝမ်ဟိုင်းဒေသ၌ ၅၀ ဝပ်လွှင့်အားရှိ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ တစ်ရုံ ထပ်မံတည်ဆောက်၍ ၁၂–၉–၂၀၀၃ ရက်နေ့တွင် ထုတ်လွှင့်ပြသနေပြီ ဖြစ်သည်။ SSA ငြိမ်းချမ်းရေးအဖွဲ့သည် ဘော်ကြိုကျေးရွာ ဒုဋ္ဌဝတီမြစ်အနီး၌ သကြားစက်ရုံ တစ်ရုံတည်ဆောက်ခဲ့ရာ အဆိုပါ ဘော်ကြိုသကြားစက်ရုံကို ၁၉၉၈ ခုနှစ် မေလ ၅ ရက်နေ့တွင် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် (ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်) တက်ရောက် ဖွင့်လှစ်ပေးခဲ့သည်။ နိုင်ငံတော်အစိုးရက ဒေသဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ တပ်ဖွဲ့ဝင်မိသားစုများ၏ ရေရှည်ဘဝရပ်တည်ရေးတို့ကို စနစ်တကျ စီမံဆောင်ရွက်ပေးသောအခါ ဤကျေးဇူးတရားကို တုံ့ပြန်သောအားဖြင့် ဒေသအလိုက် ကိုယ့်အားကိုယ်ကိုး ဖွံ့ဖြိုးရေးလုပ်ငန်းများ ပေါ်ပေါက်လာခဲ့သည်။

SSA ငြိမ်းချမ်းရေးအဖွဲ့သည် တန့်ယန်းမြို့နယ်အတွင်း၌ ခေါက်နွဲ့၊ ပန်ကစ်၊ လွယ်ကော်ကျေးရွာတို့၌ အမကကျောင်းများ၊ မိုင်းကောင်းကျေးရွာ အလကကျောင်းနှင့် လားရှိုးမြို့နယ် ဟန်နားကျေးရွာ အလကကျောင်းများကို လည်းကောင်း၊ ဟန်နားကျေးရွာ၌ ကျေးလက်ဆေးပေးခန်းကို လည်းကောင်း ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ကြသည်။ ဒေသအတွင်း၌ လမ်းသစ်များဖောက်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ စိုက်ပျိုးရေးအတွက် ဆည်များတည်ဆောက်ခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိသည်။

၂၀၀၃ ခုနှစ်တွင် ဦးပန်ဖ၏ SSA တပ်မဟာ(၁) နယ်မြေ၌ မြေပဲ၊ နှမ်းနက်၊ လိမ္မော်၊ ပြောင်း၊ လက်ဖက်၊ သစ်ဆိမ့်ပင်တို့ စိုက်ပျိုးခဲ့ရာ စိုက်ဧက ၉၄၈ ဧကရှိခဲ့ပြီး အထူးအထွက်တိုးစပါးဧက ၁၀၀ ကိုပါ စိုက်ပျိုးခဲ့ကြသည်။ တန့်ယန်းမြို့နယ် တော်လောက်ကျေးရွာ၌ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိရာ အထွက်တိုးဝက်များ၊ နွားမျိုးကောင်းမျိုးသန့်များ မွေးမြူထားပြီး ငါးမွေးမြူရေးလုပ်ငန်းအတွက် ငါးကန် ၇၇ ကန်ရှိသည်။ ဝမ်ဟိုင်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း နိုင်ငံတော်အစိုးရက အာရုံစူးစိုက် ဆောင်ရွက်ပေးခဲ့သည်။ ခနောက်စိမ်း၊ ကျောက်မီးသွေး စသော သတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်။

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူသော တစ်အူထုံ့ဆင်း သွေးချင်းညီအစ်ကိုများသည် ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ကို နှလုံးအိမ်ဝယ် ခိုင်မြဲစွာသိမ်းထုတ်၍ ရင်းနှီးချစ်ကြည်စွာ အတူတကွ လက်တွဲနေထိုင်သွားပါက အနာဂတ်ခရီးတစ်လျှောက် သံသယ အမှောင်လမ်းဆိုသည်မှာ တွေ့နိုင်ကောင်းသော၊ မြင်နိုင်ကောင်းသော၊ ရှိနိုင်ကောင်းသော အရာမဟုတ်ပေ။ အခြားဒေသများ ဖွံ့ဖြိုးတိုးတက်သကဲ့သို့ ရှမ်းဒေသလည်း ဖွံ့ဖြိုးတိုးတက် အေးချမ်းသာယာလာမည်သာ။ ကျွန်တော် ဤသို့ယုံကြည်မျှော်လင့်သည်။ ။

တောတိုက်ဓမ္မရိပ်သာ ဘုံကထိန်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃၀

မင်္ဂလာဒုံမြို့နယ် တောတိုက်ဓမ္မရိပ်သာ၏ ဦးစီးပဓာန နာယကနိုင်ငံတော် ဩဝါဒါစရိယအဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ကျေးဇူးတော်ရှင် ဘဒ္ဒန္တ ဓမ္မသာရ ဆရာတော် အမှူးပြုသော ဝါဆိုသံဃာတော် ၂၄၃ ပါးနှင့် ပင့်သံဃာ ၁၇၀ ကျော်တို့အား စုပေါင်းမဟာဘုံကထိန် လှူဒါန်းပွဲကို(တန်ဆောင်မုန်းလပြည့်) နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည် ဖြစ်၍ မည်သူမဆို ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဖြိုးမြဲချောတာ ထိန်းပါလေလွှင့် ထုတ်ကုန်မြင့်

နှင်းဆီကုန်းဘိုးဘွားရိပ်သာ

ရီရီမြင့်(သတင်းစဉ်)

**"တည်သန္တေလက်ရင်းကြောင့်၊ ခက်ခြင်းကြီးခက်ချေ
ပျက်ယွင်းပြီး ပျက်ကြွေတယ်၊ ကျက်သရေမဲ့ရေး
ဝင့်ဇာတိအစလာလျှင် ဇရာတာ ဆိုက် ရမည့်ဘေး။
သွားကျိုးလို့ပါးပိန်၊ အားအရှိန်ပျက်သေး
စားမမြိန် စက်မမှေးနိုင်ဘူး၊ အခက်ရေးတန်တန်
ဆံဖြူတွေရှုပ်ပွေစရယ်နဲ့၊ ဒုက္ခေန ဒုက္ခတစ်ရန်။
တုန်ချည့်ချည့်(မှုန်မျက်စိ) ခါးကိုင်းဟန်၊ နားထိုင်းပြန်
ယိုယွင်းလို့ အိုမင်းမှု ကုန်းကွဇရာ၊ သုံးမကျပါ
သေမင်းက မယူလာတောင် လူအရာဝင်ဘူးကွယ့်လေး"**

ဟု "ဇရာ"၏ မင်းမူခြင်း၊ အနိုင်အထက်ပြုခြင်း၊ အနှိပ်အစက်ခံရသော အသက် (၇၀)၊ (၈၀) အရွယ်ဇရာ ဒုဗ္ဗလတို့၏ ဆင်းရဲခြင်းဒုက္ခတို့ကို သံဝေဂယူ၍ ဖြေဆည်နိုင်ကြစရာ သဘာဝ ဓမ္မတာတေးထပ်ကို လယ်တီပဏ္ဍိတ ဦးမောင်ကြီးက ညည်းညူမြည်တမ်း ဥဒါန်းဖွင့်ခဲ့ပေသည်။

အားတော်ဆယ်တန်၊ ဉာဏ်တော်ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်တော်ပင်လျှင် ဇရာ၏ အလွှမ်းမိုး နှိပ်စက်မင်းမူခြင်းဒဏ်မှ မလွတ်နိုင်၊ ဇာတိဖြစ်လာကတည်းက ဇရာ၊ မရဏဟူသည် ကပ်လျက်ပါလာစမြဲဖြစ်သည်ဟု ဇာတိ၊ ဇရာ၊ ဗျာဓိမရဏ သဘောကိုဆင်ခြင်နိုင်ရန် မြတ်စွာဘုရား ဟောကြားခဲ့ပေသည်။

ထိုသို့ ဇရာအို အဘိုးအဘွားများ စုဝေးနေထိုင်ရာ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသည် ဘွားဦးဇွန်း စတင်တည်ထောင်သည့် ၁၉၃၃ခုနှစ်မှ စတင်ရေတွက်ပါက လာမည့် ၂၀၀၃ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် သက်တမ်းနှစ်(၇၀)ပြည့်ပြီ ဖြစ်သည်။

မန္တလေးမြို့မှ ပတ္တမြားအုတ်ကျောင်းအမကြီး တိုင်းကျိုးပြည်ကျိုးဆောင် လူမှုရေးအာဇာနည်ဒေါ်ဦးဇွန်းသည် ၁၉၃၃ခုနှစ်တွင် ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် နှင်းဆီကုန်းရပ်ကွက်၌ နှင်းဆီကုန်းလူအိုရုံကို စတင်တည်ထောင်ခဲ့သည်။

နှင်းဆီကုန်းလူအိုရုံကို စတင်တည်ထောင်ပြီး (၈)နှစ်ကြာ ဒုတိယကမ္ဘာစစ်ကြီးဘေးရန် စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီးယိုယွင်းခဲ့ပြီး လူမှုရေးစိတ်ဓာတ်ပြင်းထန်သော စေတနာရှင် ရဟန်းသံဃာလူပုဂ္ဂိုလ်များစုပေါင်း၍ နှင်းဆီကုန်းလူအိုရုံကို ပြန်လည်အသက်သွင်း အကောင်အထည်ဖော်ခဲ့ကြသည်။

၁၉၄၃ ခုနှစ် မတ်လ ၁၀ ရက်နေ့တွင် ဒေါ်ဉာဏ၊ ဒေါ်ဆိုင်နှင့် အာရှလူငယ်အစည်းအရုံးဝင်အချို့သည် မြန်မာ့အလင်းသတင်းစာ အယ်ဒီတာဦးတင်ထံသွားရောက်၍ အကူအညီတောင်းခံကြရာ ဦးတင်က မြန်မာ့အလင်းသတင်းစာတွင်ထည့်ပြီး နှင်းဆီကုန်းလူအိုရုံအား ကူညီကြပါရန် နှိုးဆော်မေတ္တာရပ်ခံခဲ့သည်။ ယင်းနှိုးဆော် မေတ္တာရပ်ခံချက်ကြောင့် အလှူရှင်များက အလှူငွေများလာရောက်လှူဒါန်းကြသည်။

ထို့နောက် နှင်းဆီကုန်းလူအိုရုံရှိ ဘိုးဘွားများအား ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန် သက်ကြီးပုဂ္ဂိုလ်များပါဝင်သော အစည်းအဝေးတစ်ရပ်ကို ၁၉၄၃ခုနှစ် ဧပြီလ ၄ရက် တနင်္ဂနွေနေ့တွင် သင်္ဃန်းကျွန်းကျိုက္ကစံစေတီအနီးရှိ ဦးဘတူဇရပ်၌ ကျင်းပခဲ့ပြီး နှင်းဆီကုန်းလူအိုရုံ စောင့်ရှောက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

နှင်းဆီကုန်း လူအိုရုံစောင့်ရှောက်ရေးအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ပြီးသော်လည်း ပျက်စီးနေသောအဆောက်အအုံ၊ ပန်းကန်အသုံးအဆောင်၊ အဝတ်အထည်များအတွက် အဖွဲ့ဝင်လူကြီးများကိုယ်တိုင် အလှူခံပြီးနောက် အဘိုး ငါးဦး၊ အဘွား ခုနစ်ဦး စုစုပေါင်း ၁၂ဦးဖြင့် အသစ်တစ်ဖန် ပြန်လည်ထူထောင်ကာ စောင့်ရှောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရသည်။

၁၉၄၃ခုနှစ်တွင် ဘွားဦးဇွန်းမှ မြန်မာ့အလင်းဦးတင်ထံ နှင်းဆီကုန်းလူအိုရုံကို လွှဲပြောင်းပေးခဲ့သည်။

ဒေါ်ဦးဇွန်း၏ မွန်မြတ်သော လူမှုဝန်ထမ်းလုပ်ငန်းဖြစ်သည့် လူအိုရုံတည်ထောင်ခြင်းကို ချီးကျူးဂုဏ်ပြုသည့်အနေဖြင့် အင်္ဂလိပ်အစိုးရက TPS (Taingkyo Pyikyo Saung) တိုင်းကျိုးပြည်ကျိုးဆောင် တီပီအက်စ်ဘွဲ့ကို အပ်နှင်းခဲ့သည်။

ပထမဆုံး လူမှုဝန်ထမ်းလုပ်ငန်းကို မျိုးစေ့ချပေးခဲ့သူ ဘွားဦးဇွန်းသည် ၁၃၀၆ခုနှစ် ကဆုန်လပြည့်ကျော် ၅ရက်၊ ၁၉၄၄ခုနှစ် မေလ ၁၁ရက် အသက်(၇၆)နှစ်တွင် မင်းကွန်းလူအိုရုံ၌ ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

ဘွားဦးဇွန်း၏ ကြေးရုပ်တုကို မင်းကွန်းလူအိုရုံ၌ ဂုဏ်ပြုထားရှိခဲ့သည်။ ဘွားဦးဇွန်း၏ ကိုယ်ကျိုးစွန့် အနစ်နာခံမှု၊ ဖြူစင်ထက်သန်သော စေတနာ၊ ခိုင်မာသောဇွဲ၊ လုံ့လ၊ ဝီရိယ၊ ရိုးရိုးကျင့်မြင့်မြင့်ကြံစသော စိတ်ဓာတ်တို့ကား စံထားအားကျဖွယ်၊ အတုယူလိုက်နာဖွယ် ဖြစ်ချေသည်။

ဘွားဦးဇွန်းသည် မျိုးချစ်စိတ်ဓာတ်၊ လူသားချင်းရိုင်းပင်းကူညီလိုသည့် မုဒိတာတရားများဖြင့် မိမိပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာများကို စွန့်လွှတ်၍ နှင်းဆီကုန်းလူအိုရုံကို စတင်တည်ထောင်ခဲ့သူဖြစ်သည်။

ဘွားဦးဇွန်း၏ နောက်လက်ဆင့်ကမ်း တာဝန်ယူ၍ ဆက်လက်ပျိုးထောင်ခဲ့သူမှာ မြန်မာ့အလင်းဦးတင်ဖြစ်ပြီး စေတနာမေတ္တာနှင့် လုပ်ရည်ကိုင်ရည်များကြောင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာမှာ ယခုထိ နှစ်ပေါင်း(၇၀)တိုင်ဆက်လက်တိုးတက်လျက် ရှိပေသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ "ရောက်သူတိုင်း၊ စိတ်ချမ်းသာသည်" ဟူသော ဆောင်ပုဒ်သည်လည်း မြန်မာ့အလင်းဦးတင်က ပေးခဲ့ခြင်းဖြစ်သည်။ နှင်းဆီကုန်းဘိုးဘွားရိပ်သာဥက္ကဋ္ဌ မြန်မာ့အလင်းဦးတင်၏ စနစ်တကျစောင့်ရှောက်ထိန်းသိမ်းနိုင်ရန် ဘိုးဘွားအသစ်များလက်ခံခြင်း၊ အလှူငွေများစနစ်တကျကောက်ခံခြင်း၊ စာရင်းများကို စာရင်းစစ်နှင့်စစ်ဆေးပြီး တစ်နှစ်တစ်ခါ အလှူရှင်စာရင်းများ ထုတ်ပြန်တင်ပြခြင်း၊ ဘိုးဘွားများ၏ စားဝတ်နေရေး၊ဆေးဝါကုသရေးနှင့် ကုသိုလ်ရေးပါမကျန် စီစဉ်ဆောင်ရွက်မှုများကို ပြုလုပ်ခဲ့သည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာဥက္ကဋ္ဌ မြန်မာ့အလင်းဦးတင်၏ စနစ်တကျစီမံကွပ်ကဲမှုကောင်းခြင်း၊ ကြိုးစားအားထုတ်ခြင်းနှင့်စေတနာရှင်အလှူရှင်များ၏ သဒ္ဓါတရားထက်သန်မှုများကြောင့် ယခုနှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးမောင်တင် လက်ထက်ထိတိုင် ဘိုးဘွား ၂၄၀အထိ တိုးတက်လက်ခံစောင့်ရှောက်ထားနိုင်ပြီဖြစ်သည်။

စရိုက်အမျိုးမျိုး၊ ဘဝအဖုံဖုံ၊ အတွေ့အကြုံစုံလင်စွာ ကျင်လည်ဖြတ်သန်းခဲ့ရသော ဘိုးဘွားများသည် ထိုရိပ်သာ၌ စိတ်အေးချမ်းမြေ့စွာ နေထိုင်လျက်ရှိပြီး မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ အဆုံးအမဖြစ်တော်မူသော ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ၊ ဘာဝနာတရားများကို အလေးအနက်ထား ကျင့်ကြံအားထုတ်လျက် ရှိပေသည်။

ဘိုးဘွားများက နေ့စဉ်ပို့သလျက်ရှိသည့် မေတ္တာအအေးဓာတ်ရောင်ပြန်ဟပ်မှုကြောင့် စေတနာရှင် အလှူရှင်များသည်လည်း နေ့စဉ်လာရောက်၍ သဒ္ဓါဖွေးဖြူပေးလှူလျက်ရှိရာ ဘိုးဘွားများသည် ဘဝ၏နေဝင်ချိန်ကို ပြုံးပန်းများပွင့်၍ သာယာလှပစွာ ဖြတ်သန်းနိုင်ကြလေသည်။

ယခုကဲ့သို့ ဘိုးဘွားများ၏စားဝတ်နေရေး၊ကျန်းမာရေး၊ကုသိုလ်ရေးပါမကျန် အဘက်ဘက်ကပြည့်စုံအောင် စောင့်ရှောက်နိုင်ခြင်းမှာ နိုင်ငံတော်အစိုးရနှင့်စေတနာရှင် အလှူရှင်များ၏ လှူဒါန်းမှုအစုစုကြောင့်ပင် ဖြစ်သည်။

ထိုအလှူရှင်များသည် မြတ်စွာဘုရားရှင်၏ **"ယော ဘိက္ခဝေ မံ ဥပဋ္ဌဟေယျ၊ သော ဂိလာနံ့ဥပဋ္ဌဟေယျ။"** "ချစ်သားတို့ငါဘုရားကိုလုပ်ကျွေးပြုစုလိုသော ပုဂ္ဂိုလ်များသည် ဂိလာနဘိုးဘွားများကို လုပ်ကျွေးပြုစုလော" ဟုမိန့်ကြားခဲ့သောစကားကို မြေဝယ်မကျနားထောင်သော သူတော်ကောင်းများ ဖြစ်ကြလေရာ စေတနာရှင် အလှူရှင်များအားလုံး အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ကျန်းမာခြင်း အကျိုးကျေးဇူးများကို မုချမသွေခံစားနိုင်ကြပြီး နှင်းဆီကုန်းဘိုးဘွား ရိပ်သာကြီးကိုလည်း နှစ်(၇၀)ပြည့်မှသည် နှစ်ပေါင်းရာထောင်မက တည်တံ့ခိုင်မြဲနိုင်စေရန် ကူညီစောင့်ရှောက်လှူဒါန်းနိုင်ကြပါစေဟု ဆုမွန်ကောင်း တောင်းလိုက်ပါသည်။ ။

အမှတ် ၆၉၂၊ မေတ္တာလမ်း၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ကိုဇင်မောင်စိုး–မခင်သူဇာလွင်တို့က နှစ်ဖက်သောမိဘများအား အမှူးထား၍ မင်္ဂလာဦးအလှူအဖြစ် ဗိုလ်တဒါနသံဃာ့ဆေးရုံကြီး၏ ထာဝရဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်တို့အတွက် အလှူတော်ငွေကျပ် တစ်သိန်းကို လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးသန်းရွှေနှင့် ဒုအုပ်ချုပ်ရေးမှူး ဦးသန်းအောင်တို့က လက်ခံယူစဉ်။ (က–ပ)

ဘာသာစကားသင်တန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် အေးသာယာလမ်းထောင့်၊ အဝိုင်းလေးမှတ်တိုင်အနီးရှိ ပဋ္ဌိမာရုံ စာသင်တိုက်တွင် ကျောင်းတိုက် ဆရာတော်ကြီးက ဦးဆောင်ကြီးမှူးလျက် ဆရာဦးထွန်းစိန် EEE၊ ဆရာဦးအေးချစ် EEAC နှင့်ဝါရင့်ဆရာဆရာမများက သင်ကြားပို့ချပေးမည့် အင်္ဂလိပ်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား ဘာသာစကားနှင့် စာရင်းကိုင်ပညာ LCCI-Level I, II, III အပတ်စဉ် (၁၂)ကိုနိုဝင်ဘာ ၁၅ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းသို့ဖြစ်စေ၊ ဖုန်း–၅၅၉၃၃၂၊ ၃၈၀၁၉၃၊ ၅၇၈၃၈၀ တို့သို့ ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းတက်ရောက်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ၂၀၀၃–၂၀၀၄ ခုနှစ် ဆောင်းသီးနှံနှင့် နွေစပါးတာဝန်ပေးအပ်ပွဲကို အောက်တိုဘာ ၂၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးရဲနိုင်က ကျေးရွာအုပ်စုအလိုက် တာဝန်ပေးအပ်စဉ်။ (၁၃၄)

မြဝတီရုပ်မြင်သံကြား

၃၁–၁၀–၂၀၀၃
(သောကြာနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၄။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀ ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ဒုတိယနှစ်(အင်္ဂလိပ်စာ) (ခ)ဒုတိယနှစ် (သမိုင်း)
၅:၁၅ ၁၀။ ပညာခေတ်
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လျှို့ဝှက်ချက်"** (အပိုင်း–၉)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ **"မဟာဂန္ဓာရုံမှာ ဆရာဒကာညီညွတ်စွာ"**
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းညီနောင်"** (အပိုင်း–၂၁)
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။



အောက်တိုဘာ ၁၈ ရက်က မကွေးတိုင်း၊ ဆိပ်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဆိပ်ဖြူ–ချောင်းမကြီး ကျေးလက်မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မြို့နယ်အမှုဆောင်အရာရှိ ဦးထန်းနိုင်းနှင့် အင်ဂျင်နီယာ ဦးမြတ်သူတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

အင်္ဂလိပ်စကားပြောနှင့် သဒ္ဒါသင်တန်းများဖွင့်လှစ်မည်

ရန်ကုန် အောက်တိုဘာ ၃၀

အင်္ဂလိပ်စကားပြောနှင့် အင်္ဂလိပ်စာကို စနစ်တကျမှန်ကန်စွာ ပြောဆို၊ ရေးသား၊ တတ်မြောက်စေရန်ရည်ရွယ်၍ တက္ကသိုလ်ဝင်တန်းနှင့် တက္ကသိုလ်ဝင်တန်းအောင်များ၊တက္ကသိုလ်ကျောင်းသားကျောင်းသူများနှင့်ဘွဲ့ရများအတွက် 'YES Language Centre'မှ လစဉ်ဖွင့်လှစ်လျက်ရှိသော Basic Spoken English (B.S.E)သင်တန်းများကို နိုဝင်ဘာ ၁၊၁၅၊၁၇၊၂၂၊၂၄နှင့် ၂၉ ရက်များတွင်လည်းကောင်း၊ Pre Intermediate English (P.I.E) သင်တန်းများကို နိုဝင်ဘာ ၁၇ရက်တွင်လည်းကောင်း၊ Grammar Foundation Course (G.F.C)သင်တန်းများကို နိုဝင်ဘာ ၁၅ရက်နှင့် ၂၄ ရက်များတွင်လည်းကောင်း၊ Vocabulary Enrichment Course (V.E.C)သင်တန်းများကိုလည်းကောင်း ဖွင့်လှစ်မည်ဖြစ်ပြီး ဆရာဦးမြင့်အောင် သင်ကြားသော TOEFL နှင့် IELTS သင်တန်းများ၊ SAT I, Academic Writing Course (A.W.C) နှင့် AE/SAT II သင်တန်းများကို နိုဝင်ဘာ ၄ ရက်နှင့် ၁၇ ရက်များတွင် ဖွင့်လှစ်မည်ဖြစ်၍ အမှတ် ၁၁၉၊ Y.W.C.A အဆောက်အအုံ (ပထမ) ထပ်၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင် မြို့နယ်၊ ဖုန်း–၂၄၅၈၂၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ယာဉ်တိုက်မှုကျဆင်းရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင် ယာဉ်နှင့်လမ်းစည်းကမ်း ပညာပေးလုပ်ငန်းများထိရောက်အောင်မြင်

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ (၁၀၅)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၃၀

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ (၁၀၅)ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် သဃ်ာန်းကျွန်းမြို့နယ် သံသုမာလမ်းရှိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေနှင့် ကော်မတီဝင်များ၊ ပညာပေးရေးနှင့် စည်းကမ်းသတ်မှတ်ရေးဆပ်ကော်မတီ၊ စစ်ဆေးအရေးယူရေးဆပ်ကော်မတီနှင့် တက္ကစီအငှားယာဉ်ကြီးကြပ်ရေး ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီသည် ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်ရေး၊ လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်တစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကိုလည်း နိုင်ငံတကာအဆင့်မီ ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ရန်ကုန်မြို့သည် နိုင်ငံ၏မြို့တော်ဖြစ်သဖြင့် ပြည်နယ်၊ တိုင်းအားလုံးနှင့် လမ်းပန်းဆက်သွယ်မှု ပိုမိုများပြားလာကြောင်း၊ ထိုသို့များပြားလာသဖြင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းများလည်း ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ရန် လိုအပ်လာကြောင်း၊ ရန်ကုန်မြို့တော်ကို သန့်ရှင်းသာယာလှပအောင် ဥယျာဉ်မြို့တော်ကြီးအဖြစ် တည်ဆောက်လျက်ရှိကြောင်း၊ မြို့နယ်အလိုက် သန့်ရှင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နေရာ မော်တော်ယာဉ်များပေါ်မှ အမှိုက်မပစ်ဖို့၊ ကွမ်းတံတွေးမထွေးဖို့ စသည်များဆောင်ရွက်နေကြကြောင်း၊ နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးဖြစ်အောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီကို ၁၉၈၉ ခု အောက်တိုဘာ ၂၀ ရက်မှ စတင် ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ (၁၄) နှစ်အတွင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ၌ ယာဉ်တိုက်မှုကျဆင်းရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ အာဆီယံနိုင်ငံအဖွဲ့ဝင်ဖြစ်သည်နှင့်အညီ ယာဉ်တိုက်မှု၊ သေကျေပျက်စီးမှု အနည်းဆုံးဖြစ်အောင် ဝိုင်းဝန်းလုပ်ဆောင်ကြရန်လိုကြောင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်ပြီး ပညာပေးလုပ်ငန်းများဖြင့် ပညာပေးမှုများ ထိရောက်အောင်မြင်သည်ကို တွေ့ရကြောင်း၊ ဗီဒီယိုအခွေများတွင် ထည့်သွင်းပြသခြင်း၊ ရုပ်ရှင်ရုံများတွင် ဆလိုက်ထိုးပြသခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့သည် အင်မတန်ကောင်းသည့် နည်းလမ်းများ ဖြစ်၍ ဆက်လက်ဆောင်ရွက်ကြစေလိုကြောင်း။

ရန်ကုန်မြို့ (၂၅)မြို့နယ်မှာ ဟွန်းသံကင်းမဲ့ဇုန် သတ်မှတ် ဆောင်ရွက်မှု အောင်မြင်သဖြင့် ပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာနေထိုင်နိုင်သည်ကို တွေ့ရကြောင်း၊ အနေးယာဉ်များနှင့် လမ်းကူးသူများကိုလည်း စည်းကမ်းတကျ ရှိစေရန် ထိထိရောက်ရောက် အရေးယူဆောင်ရွက်ခဲ့သည်မှာ ယနေ့ထိ ဖြစ်ကြောင်း၊ ခရီးသည်တင်ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များကိုလည်း စည်းကမ်းလိုက်နာတတ်စေရန်၊ ဆက်ဆံမှုပြေပြစ်မှုရှိစေရန် အရေးယူဆောင်ရွက်ခြင်း၊ ပညာပေးဟောပြောမှုများပြုလုပ်ခြင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ဆိုလျှင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနက ရွှေမြင်သာ ယာဉ်မောင်းသင်တန်းကျောင်း ဖွင့်လှစ်ဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ကလည်း သီရိမြိုင် ယာဉ်မောင်းသင်တန်း ကျောင်းဖွင့်လှစ်ထားပြီ ဖြစ်ကြောင်း၊ ယာဉ်မောင်းသင်မည့်သူများကို စိတ်စစ်ဆေးရေးမေးခွန်းတွေ စစ်ဆေးပြီးမှ သင်တန်းတက်စေမှာဖြစ်လို့ ယာဉ်မောင်းကျွမ်းကျင် လိမ္မာသူများ မွေးထုတ်နိုင်မှာဖြစ်ပြီး ယာဉ်တိုက်ခိုက်မှုများ ဧကန်မလွဲ ကျဆင်းလာမှာ ဖြစ်ကြောင်း၊ ယာဉ်မောင်းများ၊ လမ်းအသုံးပြုသူများအားလုံး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာပြီး ယာဉ်တိုက်မှုများမဖြစ်ပွားအောင် ဝိုင်းဝန်းထိန်းသိမ်းကြပါက မလိုလားအပ်သော သေကျေဒဏ်ရာရမှု၊ ဆုံးရှုံးနစ်နာမှုများမဖြစ်ပွားနိုင်သဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုစေမှာ ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသွားသည်။

(သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ၁၇ ရက်မြောက်ယှဉ်ပြိုင်

ရန်ကုန် အောက်တိုဘာ ၃၀

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ၁၇ ရက်မြောက် ပြိုင်ပွဲအစီအစဉ်များကို ရန်ကုန်မြို့ရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာဖြင့် ယနေ့ဆက်လက်ကျင်းပသည်။

ယနေ့ ကျင်းပသည့် ဧကာဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကျင်းပရာသို့ ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်ခ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာကို လေးစားချစ်ခင်မြတ်နိုးကြသူများ၊ ကမ္ဘာလှည့်ခရီးသည်များ၊ ကျောင်းသားကျောင်းသူများ တက်ရောက် ကြည့်ရှုနားသောတဆင် အားပေးကြသည်။

ဧကာဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ၏ ၁၇ ရက်မြောက် အဆိုပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ဆက်လက်ကျင်းပရာ ပညာရှင်အဆင့် (အမျိုးသမီး)မဟာဂီတအဆိုပြိုင်ပွဲတွင် 'ရွှေပန်းပန် အစချီ လေးထွေသံကပ်နှင့် မြင်းခင်း' သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဒေါ်သန်းသန်းငြိမ်း၊ မွန်ပြည်နယ်မှ ဒေါ်မြတ်မြတ်မိုး၊ ဧရာဝတီတိုင်းမှ ဒေါ်ခင်သန်းမြင့်၊ မန္တလေးတိုင်းမှ ဒေါ်သပြေ၊ ရှမ်းပြည်နယ်မှ ဒေါ်ခင်သန်းမြင့်၊ ရန်ကုန်တိုင်းမှ ဒေါ်သူဇာအောင်၊ မန္တလေးတိုင်းမှ ဒေါ်ဝါဝါရွှေနှင့် ရခိုင်ပြည်နယ်မှ ဒေါ်ရည်ဖုန်းဆွေတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

အဆိုပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသား) မဟာဂီတ အဆိုပြိုင်ပွဲ၌ 'အောင်မြေမြမန်း'(ပတ်ပျိုး) သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်ဇာနည်ဝင်း၊ စစ်ကိုင်းတိုင်းမှ မောင်မွန်ချမ်းသာဦး၊ ကချင်ပြည်နယ်မှ မောင်အောင်ကြည်စိုး၊ ရန်ကုန်တိုင်းမှ မောင်ဟိန်းထူးဇော်၊ ကရင်ပြည်နယ်မှ မောင်စောကျော်သိဏ်းထိ၊ ရန်ကုန်တိုင်းမှ မောင်ဇေယျာပြည့်ဖြိုး၊ တနင်္သာရီတိုင်းမှ မောင်ဟန်စိုး၊ မကွေးတိုင်းမှ မောင်မျိုးခိုင်(ခ)စတား၊ မန္တလေးတိုင်းမှ မောင်သန့်ဇော်၊ ပဲခူးတိုင်းမှ မောင်ကြာခိုင်နှင့် ဧရာဝတီတိုင်းမှ မောင်ဝင်းထွဋ်တို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ညနေပိုင်းတွင် ၁၇ ရက်မြောက် အဆိုပြိုင်ပွဲ အစီအစဉ်များကို ရပ်နားလိုက်သည်။

အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသမီး) ဓမ္မပူဇာတေး အဆိုပြိုင်ပွဲနှင့် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား) ခေတ်ဟောင်းကာလပေါ်တေး အဆိုပြိုင်ပွဲတို့ကို နောက်ဆုံးနေ့အဖြစ် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ဧကာဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မယ်ဒလင်အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဒဂုံမြို့နယ်မြို့မကျောင်းလမ်းရှိအမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသား) မယ်ဒလင် အတီးပြိုင်ပွဲကို စတင်ကျင်းပရာ 'ဆန်းရွှေဦး' (ယိုးဒယား) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ဉာဏ်မင်းထွန်း၊ ရန်ကုန်တိုင်းမှ မောင်သန်းလှိုင် (ခ) ဟိန်းထက်၊ ရခိုင်ပြည်နယ်မှ မောင်ပြည့်စုံဖြိုး၊ ဧရာဝတီတိုင်းမှ မောင်သက်အောင်စိုး၊ မကွေးတိုင်းမှ မောင်လှိုင်မိုး၊ ပဲခူးတိုင်းမှ မောင်ကိုကိုဝင်းနှင့် မန္တလေးတိုင်းမှ မောင်မိုးထက်ကျော်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲတွင် 'ကျွန်းကျွန်းပိုင်သ' (ကြိုး)သီချင်းဖြင့် ပဲခူးတိုင်းမှ မနန်းသူဇာနှင့်မကွေးတိုင်းမှ မအိသန္တာအောင်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲကို ကျင်းပရာ အဆိုတော်ဒေါ်မေရှင်သီဆိုခဲ့သည့် 'တေမိယ' ခေတ်ဟောင်းကာလပေါ် သီချင်းဖြင့် တနင်္သာရီတိုင်းမှ မောင်သူရကျော်ပါဝင်ယှဉ်ပြိုင်သည်။

ဧကာဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပတ္တလားအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ဝါသနာရှင်အဆင့်(အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲတွင်'ရဝေဒေါင်းယဉ်ပျံ'(ပတ်ပျိုး) သီချင်းခေါင်းစဉ်ဖြင့် မန္တလေးတိုင်းမှ မသဉ္ဇာမျိုး၊ ရန်ကုန်တိုင်းမှ ဒေါ်မြင့်မြင့်အေး၊ ရန်ကုန်တိုင်းမှ ဒေါ်အေးမာသီ၊ မန္တလေးတိုင်းမှ ဒေါ်ကြည်ကြည်စန်း၊ ဧရာဝတီတိုင်းမှ မြန်မာပြည်စိမ်းနှင့် ပဲခူးတိုင်းမှ ဒေါ်စန္ဒာလင်း(ခ)စုစုလှိုင်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့် အသက်(၁၅- ၂၀)နှစ်(အမျိုးသား)ပတ္တလားအတီး ပြိုင်ပွဲတွင် 'မြိုင်ကြီးဟေမာ' (ယိုးဒယား) သီချင်းခေါင်းစဉ်ဖြင့် ဧရာဝတီတိုင်းမှ မောင်ဝင်းထွဋ်၊ မကွေးတိုင်းမှ မောင်တင်နိုင်လင်း၊ မန္တလေးတိုင်းမှ မောင်ဗိုလ်မြင့်နိုင်၊ ရခိုင်ပြည်နယ်မှ မောင်မြတ်ဇော်၊ ရန်ကုန်တိုင်းမှ မောင်သူရကြည်မိုး(ခ) ဖိုးသကြိန်၊ ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခ)ဖိုးလပြည့်၊ ပဲခူးတိုင်းမှ မောင်စိုးသိန်း၊ မွန်ပြည်နယ်မှ မောင်ဟိန်းမင်းသူနှင့် မန္တလေးတိုင်းမှ မောင်ဟန်ထက်အောင်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဧကာဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ စောင်းတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား) စောင်းတီးပြိုင်ပွဲတွင်'ဇေယျာမြို့'(ကြိုး) သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်ရဲမင်းအောင်၊ ရန်ကုန်တိုင်းမှ မောင်ထက်နိုင်လင်း၊ မန္တလေးတိုင်းမှ မောင်သိုင်းထက်နှင့် ဧရာဝတီတိုင်းမှ မောင်အောင်နိုင်စိုးတို့ ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသမီး) စောင်းတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ 'မြို့နန်း'(ကြိုး)သီချင်းဖြင့် ဧရာဝတီတိုင်းမှ မမေမြတ်တင်၊ မန္တလေးတိုင်းမှ မဟိန်းထက်၊ ရခိုင်ပြည်နယ်မှ မနှင်းနှင်းလှိုင်၊ မွန်ပြည်နယ်မှ မမြစန္ဒာနိုင်၊ မန္တလေးတိုင်းမှ မကေသာယုနှင့် ရန်ကုန်တိုင်းမှ မဆုရည်ကိုကိုတို့ ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် ဝါသနာရှင်အဆင့် (အမျိုးသား) စောင်းတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ 'ဦးကင်ဘုံမြင့်'(ဘွဲ့)သီချင်းဖြင့် မန္တလေးတိုင်းမှ ဦးမြင့်မောင်၊ ဧရာဝတီတိုင်းမှ မောင်ညီညီအောင်၊ ရန်ကုန်တိုင်းမှ မောင်စိန်လွင်၊ ရန်ကုန်တိုင်းမှ မောင်ချမ်းသာ၊ ပဲခူးတိုင်းမှ ဦးစန်းကိုလေး၊ မွန်ပြည်နယ်မှ မောင်သဲအောင်ချစ်နှင့် မန္တလေးတိုင်းမှ ဦးရဲမျိုးနောင်တို့ ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ ဝါသနာရှင် အဆင့် (အမျိုးသမီး) စောင်းတီးပြိုင်ပွဲကို ကျင်းပရာတွင် 'ဦးကင်ဘုံမြင့်' (ဘွဲ့) သီချင်းဖြင့်ပင် မန္တလေးတိုင်းမှ ဒေါ်ခင်ဆွေမြည္ဟန်၊ ဧရာဝတီတိုင်းမှ ဒေါ်မို့မို့၊ တနင်္သာရီတိုင်းမှ မလွင်မာသိန်းနှင့် မန္တလေးတိုင်းမှ ဒေါ်ဝင်းသိဂ်ကျော်တို့ ပြိုင်ပွဲဝင်ကြသည်။ **(သတင်းစဉ်)**

ဧကာဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

နေရာ ➡		(အမျိုးသားပြတိုက်)	(ပဒုမ္မာဇာတ်ရုံ)
စဉ်	**ရက်စွဲ**	**အဆို**	**အတီး**
၁၈	၃၁-၁၀-၂၀၀၃ (သောကြာနေ့)	**ဓမ္မပူဇာတေး(နံနက်)** (၁) အခြေခံ(၅-၁၀)(မ) **ခေတ်ဟောင်း/ကာလပေါ်(နေ့လယ်)** (၂) အခြေခံ(၅-၁၀) (ကျား)	**နဲ** (၁) ပညာရှင် **(နံနက်)** (၂) အခြေခံပညာ(၁၀-၁၅) **(နေ့လယ်)** (၃) အခြေခံ (၅-၁၀) **(နေ့လယ်)**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးဆိုင်ရာ အဆောက်အအုံများ

၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်က ဖွင့်လှစ်ခဲ့သော ဆေးတက္ကသိုလ် (မကွေး) သင်ကြားရေးသုံးထပ်ဆောင်သစ်ကြီးကို တွေ့ရစဉ်။

ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တက္ကသိုလ်(ပင်မ)ခန်းမ အဆောက်အအုံကို တွေ့ရစဉ်။

အခြေခံပညာနှင့် အဆင့်မြင့်ပညာ ကျောင်းသူကျောင်းသားများ၊ ဆရာဆရာမများ ပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ထားသော ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုသဘင် အဆောက်အအုံကို တွေ့ရစဉ်။

ပညာရေးကဏ္ဍအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် စွမ်းဆောင်ပေးနိုင်မည့် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်အပြင် ကျန်းမာကြံ့ခိုင်ပြီး စိတ်ဓာတ်ရေးရာ ထက်မြက်မြင့်မားသော အမျိုးသားရေးစွမ်းအားစုကြီး ပေါ်ထွန်းလာစေရန်နှင့် ခိုင်မာတောင့်တင်းပြီး မိမိအင်အားအပေါ် မိမိရပ်တည်နိုင်သော စီးပွားရေးအင်အားစုကြီး ဖြစ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမဝန်ကြီးဌာနက သန်လျင်မြို့နယ်တွင် သမဝါယမဒီဂရီကောလိပ်ကို ဖွင့်လှစ်ပေးထားသည်။

ဗဟိုဝန်ထမ်း တက္ကသိုလ်

နိုင်ငံအတွင်းရှိဝန်ထမ်းများအရည်အသွေးမြင့်မားစေရေးအတွက် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးတွင် အသစ်ဖွင့်လှစ်ခဲ့သည့်ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တက္ကသိုလ် (ပင်မ) အဆောက်အအုံကို တွေ့ရစဉ်။



ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲဒုတိယနေ့(၁၈)ကျင်းပြိုင်

ရန်ကုန် အောက်တိုဘာ ၃၀

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့ကကြီးမှူးကျင်းပသော မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ၂၀၀၃ (Myanmar Golf Tour 2003)၏ တတိယပွဲစဉ် Kambawza Open Golf Championship ပြိုင်ပွဲကို ယနေ့နံနက် ၉နာရီတွင် တောင်ကြီးမြို့အမှတ်(၂)တပ်မတော်ဂေါက်ကွင်း(အေးသာယာဂေါက်ကွင်း)၌ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ ဒုတိယနေ့(၁၈)ကျင်းကစားအပြီး၌ Professional Golfers ပြိုင်ပွဲတွင် မင်းနိုင်(Srixon)က ၇၂+၇၂ပေါင်း ၁၄၄ချက်ဖြင့်ဦးဆောင်ကစားလျက်ရှိသည်။ အောင်ဝင်း(Y.C.D.C)က ၇၆+၇၀ပေါင်း၁၄၆ ချက်နှင့်ဖော်ဖော်လတ်(Pan-West)က ၇၀+၇၆ပေါင်း ၁၄၆ချက်စီဒုတိယလိုက်ပြီး နန္ဒကျော်(Y.C.D.C)က ၇၃+၇၄ပေါင်း ၁၄၇ချက်ဖြင့် တတိယလိုက်နေသည်။

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် ယဉ်အောင်လတ်ကပင် ၇၄+၇၂ပေါင်း ၁၄၆ချက်ဖြင့်ဦးဆောင်ကစားလျက်ရှိသည်။ အောင်အောင်ကျော်က ၇၅+၇၃ပေါင်း ၁၄၈ချက်ဖြင့် ဒုတိယ၊ ဇော်ဇင်ဝင်းက ၇၈+၇၂ပေါင်း အချက် ၁၅၀ ဖြင့် တတိယနှင့် သိန်းဇော်မြင့်က ၇၈+၇၃ ပေါင်း ၁၅၁ချက်ဖြင့် စတုတ္ထလိုက်နေသည်။

ယင်းပြိုင်ပွဲကို Tour Sponsor အဖြစ် Rothmans of Pall Mall Myanmar Pte.,Ltd. ကလည်းကောင်း၊ TLE Sponsor အဖြစ် KBZ Bank Ltd.ကလည်းကောင်း၊ Official Air Line အဖြစ် Air Mandalay ကလည်းကောင်း၊ Official Sports Wear အဖြစ် Grand Slam (Musing Wear) ကလည်းကောင်း၊ Official Drinking Water အဖြစ် Loi-Hein (Alpine)ကလည်းကောင်း၊ Official Golf Equipment Supplier အဖြစ် K.M Golf Centre၊ Maruman နှင့် Wilson တို့ကလည်းကောင်း၊ Official Office Equipment Supplier အဖြစ် Cannon ကလည်းကောင်း၊ Official Paint Supplier အဖြစ် UPG ကလည်းကောင်း၊ Eden Group Co.,Ltd. ကလည်းကောင်း အသီးသီး ပံ့ပိုးကူညီကြသည်။

တတိယပွဲစဉ် ဖြစ်မြောက်အောင်မြင်ရေးအတွက် (Organized by Han Event Management) ကတာဝန်ယူဆောင် ရွက်ပေးသည်။ တတိယနေ့ (၁၈) ကျင်း ပြိုင်ပွဲကို အောက်တိုဘာ ၃၁ ရက် နံနက် ၈ နာရီတွင် အမှတ်(၂)တပ်မတော်ဂေါက်ကွင်း(အေးသာယာဂေါက်ကွင်း)၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ယှဉ်ပြိုင်

ပြည်တွင်းပတ်လည် ဂေါက်သီးရိုက် ပြိုင်ပွဲ တတိယပွဲစဉ် ဒုတိယနေ့ ပြိုင်ပွဲတွင် ဦးဆောင်ကစားလျက်ရှိသော မင်းနိုင် (Srixon)က ယှဉ်ပြိုင်စဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

(၉)ကြိမ်မြောက်အာဆီယံခရီးသွားလုပ်ငန်း လူ့စွမ်းအားဖွံ့ဖြိုးမှုလုပ်ငန်းအဖွဲ့စည်းဝေး

ရန်ကုန် အောက်တိုဘာ ၃၀

အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာ အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ညောင်ဦးမြို့နယ် ပုဂံ၌ ကျင်းပလျက်ရှိပြီး (၉)ကြိမ်မြောက် အာဆီယံ ခရီးသွားလုပ်ငန်း လူ့ စွမ်းအားဖွံ့ဖြိုးမှု လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပုဂံဟိုတယ်၌ ကျင်းပရာ အာဆီယံအဖွဲ့ဝင် နိုင်ငံများဖြစ်သော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊မြန်မာ၊ဖိလစ်ပိုင်၊စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ် နိုင်ငံတို့မှ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့များ၏ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူး အဖွဲ့ရုံးမှ ကိုယ်စားလှယ်များ စုစုပေါင်း ၂၆ ဦး တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံ ခရီးသွားလုပ်ငန်း လူ့စွမ်းအား ဖွံ့ဖြိုးရေးသဘော တူညီမှုလုပ်ငန်းစီမံချက်၊ ခရီးသွားလုပ်ငန်း၏ လူ့စွမ်းအားဆိုင်ရာ အချက်အလက်များ သုတေသနပြုစုခြင်း၊ လက်ရှိခရီးသွားသင်တန်းများ ဖွင့်လှစ်မှုပညာရေးအစီအစဉ်များနှင့် သုတေသန လုပ်ငန်းရပ်များကို စုစည်းမှုပြုခြင်း၊ အာဆီယံနိုင်ငံများ၏ ယေဘုယျခရီးသွားလုပ်ငန်းကျွမ်းကျင်မှု စံနှုန်းဆိုင်ရာ ပထမအကြိမ် အထူးလုပ်ငန်းအဖွဲ့အစည်းအဝေး၏ အစီရင်ခံစာ၊ Terms of Reference အကြံပြုစာတမ်း၊လူအင်အား စံနှုန်းဇယားများပြုစုထားရှိမှုနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းလိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်္ဂလိပ်စာ-အင်္ဂလိပ်စကား သင်တန်းများဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၃၀

UKMH English language Institute တွင် ကျောင်းသူကျောင်းသားများ၊ လုပ်ငန်းခွင်ဝင်မည့် သူများ၊ Local NGO နှင့် International NGO များတွင်ရှိ ဝန်ထမ်းများ အားလုံးအတွက် အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားပြော သင်တန်းများဖြစ်သည့် Grammar & Writing Class, Grammar & Spoken English Class,Grammar & Four Skills Class (General English Course)TOEFL & TWE Class, IELTS Class သင်တန်းများကို လစဉ်တန်းခွဲ သစ်များဖွင့်လှစ်၍ ဆရာဦးခင်မောင်ဌေး(ကုလသမဂ္ဂ၊ ငြိမ်း)က ဦးစီးသင်ကြားလျက်ရှိရာ အမှတ် ၂၃၊ ၃လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၇၁၀၂၅ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၁၅၃၊ ၅(က)လွှာ Quality Publishing House စာအုပ်တိုက် ဖုန်း-၇၂၁၀၆၇၊ ၇၀၆၄၁၄၊ ၂၈၂၆၀၄ ကထုတ်ဝေဖြန့်ချိသော စာရေးဆရာကြီး ဒဂုန်ရွှေမျှား၏ ထောင်မင်းသား ဦးဘိုးထော် စာအုပ်မျက်နှာဖုံး။

(က-ပ)

အလှပြင်သင်တန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၃၀

အလှပြင်ဆိုင်ဖွင့်ရန်နှင့် အလုပ်ဝင်ရန် ဝါသနာရှင်များအတွက် တစ်ဦးချင်း လက်တွေ့ဖြင့် ဆိုင်ဖွင့်နိုင်သည်အထိသင်ကြားပေးပြီး သင်တန်းကာလပြီးမြောက်လျှင် အောင်လက်မှတ်ချီးမြှင့်ပေးမည်ဖြစ်သည်။ စိတ်ဝင်စားသူများ SUD SUAT၊ အမှတ် ၂၈၃၊ (မြေညီ ထပ်)လမ်း ၄၀၊ ကျောက်တံတား မြို့နယ် ဝါဝါသန်းအလှပြုပြင်ရေး အမှတ် ၆၈၊ (မြေညီထပ်) အနော်ရထာ လမ်းနှင့် ဗိုလ်အောင်ကျော်လမ်း ထောင့်၊ ရန်ကုန် ဖုန်း-၂၄၅၄၈၃နှင့် Cute Care Good Manufacturing Co., Ltd. အမှတ် ၅၅(စီ)၊ ရှင်စောပုလမ်း၊ စမ်းချောင်း မြို့နယ်၊ ရန်ကုန်မြို့သို့ ဆက်သွယ် စုံစမ်း နိုင်ကြောင်း သိရသည်။ **(က-ပ)**

သဃၤန်းကျွန်းမြို့နယ် ၁၆/၃ရပ်ကွက်ပုညကုသလယုဝနိဗ္ဗာန်ဆော်လူငယ်များ၏ ဝါတွင်းဆွမ်းအောင်ပွဲကို အောက်တိုဘာ ၁၀ ရက်က ကျင်းပရာ အမှတ်(၁၂) ရပ်ကွက် ဇေယျာမြေမမ္မာရုံ ဥက္ကဋ္ဌထံ နိဗ္ဗာန်ဆော် ဥက္ကဋ္ဌက အလှူငွေလှူဒါန်းစဉ်။ (က-ပ)

အိမ်ရှင်မများသို့ မြန်မာ့ရိုးရာတိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေးစောင့်ရှောက်မှုသင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၃၀

မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီ၏စီမံမှု၊ တိုင်းရင်းဆေးတက္ကသိုလ် မန္တလေး၏ ကူညီပံ့ပိုးမှုဖြင့် အမှတ်(၃) စက္ကူစက်(ပလိပ်) မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲကကြီးမှူး၍ အိမ်ရှင်မများသို့ မြန်မာ့ရိုးရာ တိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေး စောင့်ရှောက်မှု သင်တန်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက် နံနက် ၇နာရီခွဲတွင် အမှတ်(၃) စက္ကူစက် (ပလိပ်) မြရွှေဝါခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် တိုင်းရင်းဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးဝထွန်း (**အပေါ်ပုံ**)နှင့် အမှတ်(၃) စက္ကူစက် (ပလိပ်)စက်ရုံမှူး ဗိုလ်မှူးပိုက်ထွေးတို့က အမှာစကား ပြောကြားကြသည်။

သင်တန်းကာလမှာ အောက်တိုဘာ ၂၀ရက်မှ ၂၄ ရက်အထိဖြစ်ပြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင် သင်တန်းသူ ၅၂ ဦး တက်ရောက်ကြကြောင်း သိရသည်။ **(က-ပ)**

အင်္ဂလိပ်စာသင်တန်းဖွင့်လှစ်

ရန်ကုန် အောက်တိုဘာ ၃၀

မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားတတ်စေရန်နှင့် အင်္ဂလိပ်စကားပြောတတ်စေရန်အတွက် ဆရာဦးအောင်ဟိန်းကျော်က Translation၊ Speaking၊ Grammar၊ Phonetics သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ တက်ရောက် သင်ကြားလိုသူများသည် အမှတ် ၃၆၅၊ မဟာဗန္ဓုလလမ်း (၃၈ လမ်းနှင့် ဆိပ်ကမ်းသာကြား)သို့ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က-ပ)

လမင်းကိုစိန်ခေါ်ကြသူများရုံသုံးရုံအပြိုင်တင် ပြသဆဲမြန်မာဇာတ်ကားများဆက်လက်ပြသ

ယခုသောကြာပတ်တွင် ဒါရိုက်တာ မောင်တင်ဦး ရိုက်ကူးပြီး လူမင်းနှင့် အိန္ဒြာကျော်ဇင်တို့ ခေါင်းဆောင်ပါဝင်သော လမင်းကိုစိန်ခေါ်ကြသူများ ဇာတ်ကားသစ် သမ္မတ၊ သွင်၊ မင်္ဂလာ အဆင့်မြင့်ရုံများတွင် ဝင်လာသည်။

ငွေကြေးခနပြည့်စုံပြီး နိုင်ငံတကာ အဆင့်မီ ဓာတ်ပုံပညာရှင် လူငယ်လေးနှင့် ပုပ္ပားတောင်တွင် မျောက်စာရောင်းသောမိန်းကလေးတစ်ဦး၏ အချစ်ဇာတ်လမ်းကို အခြေခံ ရိုက်ကူးထားသော မေတ္တာဘွဲ့ ဇာတ်ကား တစ်ကား ဖြစ်သည်။

နေပြည်တော်၊ ရှေ့ဆောင်နှင့် နဝဒေးရုံများတွင် ဒါရိုက်တာ နောင်ထွန်းလွင်၊ ညီညီထွန်းလွင် ရိုက်ကူးပြီး ရာဇာနေဝင်း၊ ခိုင်သင်းကြည်တို့ ခေါင်းဆောင်ပါဝင်သော အမုန်းပြိုင်ပွဲ ပြသနေသည်။

ရုပ်ရှင်သတင်းထောက်

မြို့မတန်းမြင့်ရုံတွင် အိန္ဒိယရုပ်ရှင်ဇာတ်ကား Bagavathi ဆက်လက်အောင်ပွဲခံပြသနေသည်။ Bagavathi ဇာတ်ကားတွင် Vijay, Reema Sen တို့ခေါင်းဆောင်ပါဝင်ထားကြသည်။

ရွှေဂုန်အဆင့်မြင့်ရုပ်ရှင်ရုံတွင် ဒါရိုက်တာ ခင်စောမျိုး ရိုက်ကူးပြီး ကျော်သူ၊ ဇင်ဝင်း၊ မင်းမော်ကွန်းနှင့် စိုးမြတ်နန္ဒာတို့ ပါဝင်သရုပ်ဆောင်ထားသည့် ဆားပုလင်းနှင့်မောင်နှင့်ဘုမ္မာဝတီ အရုပ်တော်ပုံ DVD ဇာတ်ကားရုံဝင်လာသည်။

လမင်းကိုစိန်ခေါ်ကြသူများဇာတ်ကားမှဇာတ်ဝင်ခန်းတစ်ခန်း။

စိတ်ကြွရူးသွပ်ဆေးပြားများ တာချီလိတ်မြို့နယ်၌ဖမ်းဆီးရမိ

ရန်ကုန် အောက်တိုဘာ ၃၀

နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များနှင့် မိုင်းလင်းရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် တာချီလိတ်မြို့နယ် မိုင်းလင်း(အရှေ့)အုပ်စု နမ့်ခမ်းရွာနေ ဒေါ်အားအီ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအိမ်ရှေ့ရှိ ဝါးကျည်တောက်အတွင်း ပလတ်စတစ်အိတ် ၄၄ အိတ်ဖြင့် ထည့်ထားသော ဒဗလျူပိုင်စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၅၉၀၅၀ ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ တာချီလိတ်မြို့နယ် မိုင်းလင်း(အရှေ့)အုပ်စု နမ့်ခမ်းရွာနေ ဦးကျလော၏ သမီး ဒေါ်အားအီအား မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက် အမှတ် ၂/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)အရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒါတွေကိုသိဖို့လိုတယ်

- မြောက်တိုင်းလည်း မမြောက်နဲ့
- ခြောက်တိုင်းလည်း မကြောက်နဲ့
- ချော့တိုင်းလည်း မပျော့နဲ့

အရောက်လာခဲ့ပါ ကျွဲကူး–ကျောက်ဖျာ တံတားကြီးမဟာ

မောင်မောင်ညွန့်တင်(ပုလဲမြေ)

ကျွဲကူးရွာသည် မြိတ်မြို့မှ တောင်ဘက်သို့ ကိုးမိုင် တိတိဝေးကွာသော ကားလမ်း၏အဆုံး၌ တည်ရှိသည်။ မြိတ်မြို့သို့ ကူးလူးဆက်ဆံသွားလာရာ အဓိက လမ်းခရီး ဖြစ်သော ကားလမ်း၊ ရေလမ်းတို့၏ အချက်အချာကျသော တံခါးပေါက်လည်းမည်ပါ၏။ ကျောက်ဖျာမြစ်သည် တသွင်သွင် စီးဆင်းနေသည်။ ကျွဲကူးရွာသည် ကျောက်ဖျာမြစ်၏ ဒီမှာဘက်ကမ်း၌ တည်ရှိပြီး ကျောက်ဖျာရွာသည် ဟိုမှာဘက်ကမ်း၌တည်ရှိသည်။ ထို့အပြင် ရန်ကုန်–မော်လမြိုင်–ရေး–ထားဝယ်–ပုလော–မြိတ်မြို့ ကားလမ်းပေါ်တွင်လည်း တည်ရှိနေပြန်သည်။

ကျောက်ဖျာမြစ်သည် ပေ ၃၂၀၀ကျော်ခန့် ကျယ်ဝန်းပြီး ကျွဲကူး ကူးတို့ဆိပ်မှ ကျောက်ဖျာမြစ်ကြောင်းအတိုင်း အရှေ့ဘက်သို့ ဆက်လက်ဆန်တက်သွားပါက မြိတ်မြို့ ဆိပ်ကမ်းသို့ ရောက်ရှိသည်။ ထိုနည်းတူ ကျွဲကူး ဆိပ်ကမ်းမှ ကျောက်ဖျာမြစ်ကြောင်းအတိုင်း အနောက်ဘက်သို့ စုန်ဆင်းသွားပါကလည်း မြိတ်မြို့ဆိပ်ကမ်းသို့ ရောက်ရှိသည်။ အကြောင်းမူ မြိတ်မြို့သည် ရေပတ်လည် ဝိုင်းရံထားသော 'မြိတ်ကျွန်းကြီး'ပေါ်၌ တည်ရှိသော ကြောင့်တည်း။

ကျောက်ဖျာရွာသည် မြစ်ကိုကျောပေးကာ မြစ်ကမ်းနဖူးပေါ်တွင် မေးတင်၍ တန်းစီအိမ်ဆောက်ထားသော ရွာဖြစ်သည်။ အလယ်တွင် လမ်းတစ်လမ်းသာရှိပြီး တောင်ကိုကျောခိုင်းကာ မြစ်ကမ်းဘက်သို့ မျက်နှာမူလျက် မျက်နှာချင်းဆိုင်အိမ်များ ဆောက်လုပ်နေထိုင်ကြသည့် လှပတင့်တယ်သော တံငါရွာတန်းရှည်ကြီးဖြစ်သည်။

ယင်းကျောက်ဖျာရွာသည် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည်စသည့် ပင်လယ်ထွက်ပစ္စည်းအကောင်းစားများ ထုတ်လုပ်ရာတွင်လည်း နာမည်ကြီးသည်။ မြိတ်(ဘိတ်)က လာတဲ့ငံပြာရည် ဆိုသည်မှာ ဤကျောက်ဖျာရွာမှ ထုတ်လုပ်သော ငံပြာရည်ပင်ဖြစ်သည်။

ကျွဲကူးရွာတွင်မူကား ကျောက်ဖျာမြစ်ကမ်းနဖူးဘက်သို့ မျက်နှာမူ၍ ကမ်းစပ်တွင် တည်ဆောက်ထားသော အိမ်များရှိသော်လည်း ကျောက်ဖျာရွာလောက် ရွာတန်းမရှည်ပါ။ ကျွဲကူး ကူးတို့ဆိပ် ကျောက်တံတားမှသည် ကားလမ်းကို တစ်ဖက်တစ်ချက် မျက်နှာမူ၍ အိမ်များ အစီအရီ ဆောက်လုပ်ထားသည့် ရွာကြီးဖြစ်သည်။

လွန်ခဲ့သော ၅၃နှစ်ခန့်က ကျွန်တော်တို့သည် ကျွဲကူးနှင့် ကျောက်ဖျာကို စိတ်ကူးဖြင့် မြစ်ကူးတံတား တည်ဆောက်ခဲ့ကြသည်။ ယခုမူ အမှန်တကယ် လက်တွေ့ တံတားကြီး ဖြစ်ပေါ်လာခဲ့သည်ကို ဝမ်းသာကြည်နူးစွာ တွေ့မြင်နေရပေပြီ။

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ထူထောင်ရာတွင် စီးပွားရေး အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးစည်ပင်တိုးတက်ရေးကို ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်ရသည့်နည်းတူ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံ အဆောက်အအုံများ ပြည့်စုံကောင်းမွန်တိုးတက် မြင့်မားလာစေရန်လည်း ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ကြရသည်။ တစ်မြို့နယ်နှင့်တစ်မြို့နယ်သာမက ပြည်နယ်နှင့်တိုင်းအသီးသီးကို ဆက်သွယ်ပေးမည့် လမ်းတံတားများကိုလည်း အရေးထားဆောင်ရွက်ပေးနေရသည်။

နိုင်ငံတော်အတွင်း အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် တစ်နံ တစ်လျား လွယ်ကူချောမွေ့လုံခြုံစွာသွားလာနိုင်သည့် ကွန်ရက်သဖွယ်လမ်းမကြီးများကို တိုးချဲ့ဖောက်လုပ်နေသကဲ့သို့ မြစ်ကူးတံတားကြီးများ၊ ချောင်းကူးတံတားကြီးများ တစ်စင်းပြီးတစ်စင်း အစီအရီ တည်ဆောက်လျက်ရှိရာ ကျွဲကူး–ကျောက်ဖျာတံတားကြီးလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ယခုအခါ မြန်မာပြည် မြောက်ဘက်စွန်း ပူတာအိုမှ မြစ်ကြီးနား၊ မန္တလေး၊ ရန်ကုန်၊ မော်လမြိုင်၊ ရေး၊ ထားဝယ်၊ ပုလော၊ မြိတ်မြို့များကို ဖြတ်ကျော်၍ မြန်မာပြည် တောင်ဘက်စွန်း ကော့သောင်းမြို့အထိ မော်တော်ကားဖြင့် ခရီးသွားနိုင်သည့် ပြည်ထောင်စုလမ်းမကြီးလည်း ပေါ်ထွန်းလာပြီ ဖြစ်သည်။ ရထားလမ်းခရီးဖြင့် မြစ်ကြီးနားမှ ထားဝယ်အထိ ရာသီမရွေး၊ အချိန်အခါမရွေး လွယ်ကူချောမွေ့စွာ သွားလာနိုင်သည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံအရှေ့နှင့် အနောက်(ကန့်လန့်–အနံလိုက်) အဓိကလမ်းမကြီး ၂၂ခုနှင့် တောင်နှင့်မြောက် (ဒေါင်လိုက်–အလျားလိုက်) အဓိကလမ်းမကြီး ၁၉ခုဖောက်လုပ်ပြီးစီး အသုံးပြုနေပြီဖြစ်သည်။ ခရီးလမ်းပန်းဆက်သွယ်မှု ကောင်းမွန်မှလည်း ကုန်စည်စီးဆင်းမှု မြန်ဆန်မှန်ကန်လာမည်။ ကုန်ထုတ်လုပ်မှုများ ပိုမိုဖြစ်ထွန်းအောင်မြင်လာမည်။ စီးပွားရေးအခြေအနေများ တိုးတက်ဖြစ်ထွန်းကောင်းမွန်လာမည်။ ပညာရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် စီမံခန့်ခွဲရေး စသည့် လူမှုဆက်သွယ်ရေး ကိစ္စများလည်း ဘက်စုံမှ တစ်ပြေးညီ တစ်ရှိန်ထိုး တိုးတက်မြင့်မားလာပေမည်။

ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးစွာဖြင့်လမ်းညွှန်မှုအရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း'ကျွဲကူး–ကျောက်ဖျာ တံတားတည်ဆောက်ရေးစီမံကိန်း'က တာဝန်ယူ၍ ကျွဲကူး–ကျောက်ဖျာ မြစ်ကူးတံတားကြီးကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။

တနင်္သာရီတိုင်းအတွင်း ၁၉၉၈ ခုနှစ်တွင် ဝင်းဝ တံတား၊ ပလောက်တံတားနှင့် ပုလောတံတားများကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီး ၂၀၀၀ပြည့်နှစ် နိုဝင်ဘာလတွင် ပေ ၁၃၆၀ရှည်သည့် တနင်္သာရီတံတားကို ဖွင့်လှစ်ခဲ့သည်။ တစ်ဖန် ၂၈–၁၂–၂၀၀၁ရက်တွင် (၅၄) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုသောအားဖြင့် ကျောက်ဖျာ မြစ်ကူးတံတားကြီးတစ်စင်းဖြစ်သည့် ပေ ၈၁၀ ရှည်သော ပသောင်းတံတားကြီးကို ဖွင့်လှစ်ခဲ့ပြီးလည်းဖြစ်သည်။

ယခုတစ်ဖန် ထားဝယ်၊ ပုလော၊ မြိတ်၊ တနင်္သာရီ၊ ဘုတ်ပြင်း၊ ကော့သောင်းမြို့အထိ ရှည်လျားသည့် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိပြီး ကျောက်ဖျာမြစ်ကိုကျော်ဖြတ်၍ ကျွဲကူး–ကျောက်ဖျာတံတားကြီးကို အောက်တိုဘာ ၂၆ ရက်နေ့က ဖွင့်လှစ်ပေးနိုင်ခဲ့ပြန်လေပြီ။

ကျွဲကူး–ကျောက်ဖျာမြစ်ကူးတံတားကြီး၏ ထူးခြားချက်တစ်ခုမှာ ကျွဲကူးဘက်ကမ်းတံတားထိပ်တွင် ရန်ကင်းတောင်ရှိပြီး ရန်ကင်းတောင်ထိပ်တွင် သုမင်္ဂလာ

တံတားကြီးကို ကျွဲကူးဘက်ကမ်း ချဉ်းကပ်လမ်းပေါ်မှ တွေ့မြင်ရစဉ်။

အောင်တော်မူစေတီတော်အား ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည့်နည်းတူ ကျောက်ဖျာဘက်ကမ်းတံတားထိပ်တွင်လည်း ဆနွန်းတောင်ရှိကာ ဆနွန်းတောင်ထိပ်တွင် အောင်ရတနာစေတီတော်အား ကြည်ညိုဖွယ်ဖူးတွေ့ရခြင်းဖြစ်သည်။

ယခု ၂၀၀၃ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လမ်းသစ် ၅၅ ခု၊ လမ်းမိုင်ပေါင်း ၂၀၀၀ ခန့်တိုးတက်ဖြစ်ထွန်းလာခဲ့ကာ ပေ ၁၈၀ အထက် မြစ်ကူးတံတားကြီးပေါင်း ၁၆၃ စင်းအထိ တည်ဆောက်ပြီးစီး ဖွင့်လှစ်နိုင်ခဲ့ပေပြီ။ လေကြောင်းခရီးအနေဖြင့်လည်း ၁၉၈၈ ခုနှစ်တွင် လေကြောင်းပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနိုင်သည့် လေယာဉ်ကွင်း ၂၁ ကွင်း၊ F-28 ဂျက်လေယာဉ် ဆင်းသက်နိုင်သည့်လေယာဉ်ကွင်း ခြောက်ကွင်းသာရှိခဲ့ရာမှ ယခု၂၀၀၃ ခုနှစ်တွင် လေယာဉ်ကွင်း ၂၇ကွင်းအထိ တိုးတက်ဖြစ်ထွန်းလာပြီး F-28 ဂျက်လေယာဉ် ဆင်းသက်နိုင်သည့် လေယာဉ်ကွင်း ၁၈ ကွင်းအထိ တိုးတက်ဖြစ်ထွန်း အသုံးပြုနိုင်ခဲ့ပြီဖြစ်သည်။

ရေကြောင်း ပို့ဆောင်ရေးအနေဖြင့်လည်း သီလဝါ အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား၊ သာကေတ ဆိပ်ခံတံတား၊ အလုံဆိပ်ခံတံတားနှင့် မြန်မာ့စက်မှုဆိပ်ကမ်းတို့ ဖြစ်ထွန်းတိုးတက်လာခဲ့သည်။

ကျွဲကူး–ကျောက်ဖျာ မြစ်ကူးတံတားကြီး၏ ကိုယ်ထည်ပိုင်းကို ကမ်းကပ်ခုံ နှစ်ခု၊ ချဉ်းကပ်တံတားတိုင် ၁၃ခု၊ ပင်မတံတားတိုင် ကိုးခုတို့ဖြင့် တည်ဆောက်ထားသည်။ တံတားအပေါ်ထည်ပိုင်းကို ချဉ်းကပ်ပီစီရက်မ တံတား၊ ကျွဲကူးဘက်ကမ်းတွင် ပေ ၁၀၀ အကျယ် ၁၃ခန်း ဖြင့် ပေပေါင်း ၁၃၀၀၊ ကျောက်ဖျာဘက်ကမ်းတွင် ပေ ၁၀၀ အကျယ်နှစ်ခန်းဖြင့် ပေပေါင်း ၂၀၀၊ ပင်မသံမဏိ သံပေါင်တံတားမှာ မီတာ၈၀ အကျယ် ရှစ်ခန်းဖြင့် မီတာ ၆၄၀ (ပေပေါင်း ၂၁၁၂) ဖြစ်၍ တံတားအရှည် စုစုပေါင်း ၃၆၁၂ပေ တိတိဖြစ်သည်။ ပင်မတံတား၏ အပေါ်ကိုယ်ထည်မှာ ပီစီရက်မ သံမဏိသံပေါင် အမျိုးအစားဖြစ်ပြီး အောက်ထည် ကို ၁ ဒသမ ၅၀မီတာ အချင်းရှိ ဘိုးပိုင်သံအားဖြည့် ကွန်ကရစ်ပိုင်တိုင် အုတ်မြစ်နှင့် ကိုးပေအချင်းရှိ ရေတွင်းခွေအုတ်မြစ်များဖြင့် တည်ဆောက်ထားသည်။

တံတားချဉ်းကပ်လမ်းမှာ တောင်ကုန်းနှစ်ခုကို ဖြတ်ကျော်၍ မြေသားနှင့် ကျောက်များကိုဖယ်ရှားပြီး ၂၈ ပေအကျယ် ကတ္တရာလမ်းဖြစ်၍ ကျွဲကူးဘက်ကမ်းတွင် ငါးဖာလုံနှင့် ကျောက်ဖျာဘက်ကမ်းတွင် သုံးဖာလုံရှည်သည်။ ပင်မတံတားကြီးပေါ်တွင် ယာဉ်သွားလမ်းအကျယ်မှာ ၂၈ပေ ရှိပြီး တစ်ဖက်လျှင် ခြောက်ပေစီကျယ်သော လူသွားလမ်းနှစ်လမ်းပါရှိသည်။ တံတားအောက်ရေလမ်းကင်းလွတ်နယ်မြေ အကျယ်အဝန်းမှာ ၂၃၆ပေ ဖြစ်ပြီး ရေအမြင့်ဆုံးတက်ချိန်တွင် ၂၈ ပေ ကင်းလွတ်နေမည်ဖြစ်သည်။ ခွင့်ပြုယာဉ်အလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

ယခုအခါ ကျွဲကူး–ကျောက်ဖျာတံတားကြီးနှင့် လေညာ–မဏ္ဍိုင်မြစ်ကူး ဘေလီတံတားဖွင့်လှစ်ပြီး ဖြစ်၍ မကြာမီ သမုတ်–လွတ်လွတ်တံတားပြီးစီးပါက တနင်္သာရီတိုင်းအတွင်း မြောက်ဘက်ပိုင်း ရေဖြူမြို့နယ်မှ တောင်ဘက်စွန်း ကော့သောင်း မြို့နယ်အထိ အတားအဆီး အဟန့်အတားမရှိတော့ဘဲ နေ့ညရာသီ အချိန်အခါမရွေး ကူးလူးဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်သည်။

ယင်းသို့တံတားများအားလုံး တည်ဆောက်ပြီးစီးဖွင့်လှစ်နိုင်ခြင်းဖြင့် တိုင်းအတွင်းသာမက အခြားပြည်နယ်နှင့် တိုင်းအားလုံးသို့ ကုန်းလမ်းခရီးဖြင့် အလွယ်တကူ လုံခြုံချောမွေ့စွာ သွားလာဆက်သွယ်နိုင်ပြီဖြစ်၍ ကုန်စည်စီးဆင်းမှု မြန်ဆန် မှန်ကန်တိုးတက်ပြီး ခရီးတွင်ကျယ်လာမည်ဖြစ်ပေသည်။

ဆက်သွယ်မှု လုံခြုံချောမွေ့တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ယခင်ကထက်ပိုမို၍ ဒေသဖွံ့ဖြိုးတိုးတက်အောင်၊ စည်ပင်ထွန်းကားအောင် ဆောင်ရွက်နိုင်မည်မှာလည်း ဧကန်အမှန်ပင်ဖြစ်သည်။ ထို့အတူ ပြည်မ၊ ပြည်နယ်တို့အကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် ကျဉ်းမြောင်းသွား မည်မှာလည်း မလွဲမသွေဖြစ်သည်။

ကျွန်တော်တို့၏ လွန်ခဲ့သောနှစ်ငါးဆယ်ကျော်က အတွေးများ၊ စိတ်ကူးများနှင့် လိုလားတောင့်တမှုဆန္ဒများသည် ယခုလက်တွေ့အကောင်အထည်ပေါ်လာပြီဖြစ်၍ နိုင်ငံတော်၏ စေတနာကို နားလည်သဘောပေါက် သိရှိခံစားနိုင်ပြီ ဖြစ်သည့်နည်းတူ ကျွဲကူး–ကျောက်ဖျာ မြစ်ကူးတံတားကြီး ရေရှည်တည်တံ့ကာ နှောင်နှစ်ပေါင်းများစွာ အသုံးပြုနိုင်ရေးအတွက်လည်း စည်းကမ်းတကျ ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ကြရန် ကျွန်တော်တို့ ဒေသခံပြည်သူများတွင် တာဝန်ရှိသည်ဟု ခံယူပါသည်။

ဤတာဝန်ကို ထိန်းသိမ်းရန် ဒေသသားတစ်ဦး အနေဖြင့် ကတိပေးရင်း အခြားသော ပြည်နယ်၊ တိုင်းများမှ ပြည်သူများအနေဖြင့် လည်း သာယာဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သော ကျွန်တော်တို့၏ တနင်္သာရီတိုင်းဒေသကို လေ့လာရန် ကျွဲကူး–ကျောက်ဖျာ တံတားကြီးမဟာကို ဖြတ်ကာ အရောက်လာခဲ့ပါ ဟု ဖိတ်ခေါ်လိုက်ရပါသည်။ ။

တံတားကြီးကို ကျောက်ဖျာဘက်ကမ်း ဆနွန်းတောင်ပေါ်မှ ဤသို့တွေ့ရစဉ်။

အောက်တိုဘာ ၅ ရက်က မြိတ်မြို့ အမှတ်(၃) အထက ပညာရည်ချွန် ဆုပေးပွဲကျင်းပရာ ၂၀၀၂–၂၀၀၃ ပညာသင်နှစ်အတွင်း ခွင့်ပျက်ရက်မရှိ ကျောင်းတက် မှန်ကန်ခြင်းအတွက် ကျောင်းအုပ် ဆရာမကြီး ဒေါ်နုနုရီက ဆရာမတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်စဉ်။

(က–ပ)

စက်တင်ဘာ ၃၀ရက်က မိုးညှင်းမြို့နယ် နန်းမားကျေးရွာအုပ်စုအလယ်တောကျေးရွာတွင် စက်ရေတွင်းတူးဖော်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(၁၅၂)

အောက်တိုဘာ ၁၆ရက်က ကသာမြို့ မြောက်ကျောင်း ဘုန်းတော်ကြီးကျောင်း ရေကာတာ ဆောက်လုပ်ရန် အလှူငွေကျပ် ၃၀၀၀၀၀ ပေးအပ်ပွဲ ကျင်းပရာ မန္တလေးမြို့ ၂၆ဘီလမ်း၊ အောင်လင်းယုန် ပွဲရုံပိုင်ရှင် ဦးတင်နေဝင်း- ဒေါ်ခင်စန်းတင့် သားသမီးတစ်စုတို့က ဆောက်လုပ်ရေးကော်မတီဝင် ဦးတင်မောင်ထံ အလှူငွေများ ပေးအပ်စဉ်။

(၃၃၆)

အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးခြင်းအခမ်းအနား ပုသိမ်၌ကျင်းပ

ပုသိမ် အောက်တိုဘာ ၂၀

ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် အသက်ငါးနှစ်အောက် ကလေးငယ်များအား အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးခြင်း အခမ်းအနားကို အောက်တိုဘာ ၁၉ ရက်က ပုသိမ်မြို့ အမှတ်(၅)ရပ်ကွက်၌ ကျင်းပသည်။

အခမ်းအနားကို ဧရာဝတီတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း ကြီးကြပ်မှုကော်မတီနာယက အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်တင်တင်လတ်နှင့် ကော်မတီဝင်များ၊ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းအသင်း ကြီးကြပ်မှုကော်မတီနာယက ဒေါ်တင်တင်လတ်နှင့် ကော်မတီဝင်များသည် ကလေးငယ်များအား ကျန်းမာရေးဝန်ထမ်းများက ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ ယင်းနောက်ပိုင်း အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင် ဒေါ်အေးအေးလွင်က ကလေးငယ်များအတွက် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ကို ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာသင်တိုက်သို့ စာအုပ်များလှူဒါန်း

ပန်းတနော် အောက်တိုဘာ ၂၉

အောက်တိုဘာ ၁၇ ရက် နံနက် ၁၁ နာရီက ပန်းတနော်မြို့ မြတောင်စာသင်တိုက် ဒုတိယနာယက ဆရာတော် ဦးကုမာရ (မြတောင်-ကုမာရ)ထံသို့ စာရေးဆရာမခင်စောတင်က စာအုပ်များနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

စာအုပ်လှူဒါန်းပွဲသို့ ဆရာတင်အောင်သွင်၊ ခနုဖြူအေးမြင့်နှင့် ဦးသိန်းအေး (ခတ်ပုံ)တို့ တက်ရောက်ကြသည်။

(၃၂၇)

ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ကော့ကပ်ကျေးလက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းအတွက် ကျောက်များစုဆောင်းရောက်ရှိမှုကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ အောက်တိုဘာ ၂၀ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မိခင်/ကလေးအသင်းနှင့် အမျိုးသမီးရေးရာကော်မတီလုပ်ငန်းညှိနှိုင်း

တောင်ကြီး အောက်တိုဘာ ၂၀

ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ပြည်နယ်အမျိုးသမီးရေးရာလုပ်ငန်းကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၆ရက် နံနက်က တောင်ကြီးမြို့ ပြည်နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ဝင်းဝင်းနုက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိန်သင်နှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်အောင်ချိုတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

အမြို့မြို့အနယ်နယ်သတင်းများ

အောက်တိုဘာ ၈ ရက်က ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လွင်နှင့်အဖွဲ့ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့်မြို့တွင်းသပြေလမ်း ကျောက်ချောခင်းမှုကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အောက်တိုဘာ ၂၀ရက်က ဒိုက်ဦးမြို့နယ် ၂၀၀၃-၂၀၀၄ ခုနှစ် ဆောင်းသီးနှံနှင့် နွေစပါးစိုက်ပျိုးရန် စီမံကိန်းတာဝန်ပေးအပ်ပွဲကို မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်က ကျေးရွာဥက္ကဋ္ဌများအား တာဝန်ပေးအပ်လွှာများ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

တိုင်းရင်းဆေးညီလာခံကိုကြိုဆို လူနာများအား အခမဲ့စမ်းသပ်ကုသပေး

ရန်ကုန် အောက်တိုဘာ ၂၉

တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းဆေး ညီလာခံကို ကြိုဆိုသောအားဖြင့် တိုင်းရင်းဆေးပညာရှင်များဖြစ်ကြသော ဆရာဦးခင်ဇော် (တဆ/၂၂၃၃) အရိုး၊ အကြောအထူးကုနှင့်ဆရာမ ဒေါ်အေးအေးသိန်း(တဆ/၂၂၃၄) အထွေထွေရောဂါကုတို့အဖွဲ့သည် အောက်တိုဘာ ၂၆ရက်က သာကေတမြို့နယ် (၁၂) ရပ်ကွက်မြင်တော်သာလမ်းနှင့်ဇဂ်မလမ်းထောင့်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ဂျီအီးစီ တိုင်းရင်းအထူးကုဆေးခန်းတွင် အရှေ့ပိုင်းခရိုင်အသင်းဝင်များအား အခမဲ့စမ်းသပ်ဆေးဝါး ကုသပေးလျက်ရှိသည်။

သာကေတ အရှေ့ပိုင်းခရိုင် ဆေးခန်းတွင် တိုင်းရင်းဆေး ဆရာဆရာမများသည် နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ တစ်ကြိမ်၊ ညနေ ၃နာရီမှ ညနေ ၆နာရီအထိ တစ်ကြိမ်၊ အရိုး၊ အကြော၊ လိပ်ခေါင်း၊ ဂရင်ဂျီ၊ အမျိုးသမီးရောဂါနှင့် အထွေထွေရောဂါများကို ကုသပေးခဲ့ကြောင်း သိရသည်။

(က-ပ)

တာချီလိတ်မြို့၌တိုင်းရင်းဆေးပညာသင်တန်းဖွင့်

တာချီလိတ် အောက်တိုဘာ ၁၅

တာချီလိတ်မြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ တိုင်းရင်းဆေးပညာဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို တာချီလိတ်မြို့နယ် မကာအိုခမ်းရပ်ကွက်တွင် စက်တင်ဘာ ၂၆ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနာယက ဒေါ်သင်းသင်းရည်နှင့် ဒေါ်မာမာဦးတို့က အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ သင်တန်းနည်းပြများနှင့် သင်တန်းသူ၊ သင်တန်းသားများ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကောင်းသန့်စာပေ၊ အမှတ် ၂၀၉၊ ပထမထပ်(ယာ)၊ ၃၈ လမ်း(ထက်) ရန်ကုန်မြို့၊ ဖုန်း- ၇၂၂၀၅၃ က ဖြန့်ချိသည့် ကောင်းသန့်၏ တိမ်နေလဆောင်း စာအုပ်မျက်နှာဖုံး။

(က-ပ)

မြန်မာ့အသံ

၃၁-၁၀-၂၀၀၃ (သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ ဓေဂ္ဂသုတ်

နေ့လယ်ပိုင်း

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာပြန်ကြားလွှာ)
၁၁:၃၅ သုတရေးရာဖြေကြားလွှာ
၁၂:၀၀ ကျန်းမာရေးနဲ့ဆေးပညာ (ကျန်းမာရေးအခြေခံအစ သန့်သုံးသန့်က)
၁၂:၁၅ သုခ၏ရတနာသုတ်ဆွေးနွေးခန်း (အပိုင်း-၁၆)
၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ရေဆန်ကိုမစံတိုက်တယ်)
၁၃:၁၀ ကမ္ဘာ့ဂီတ

ညနေပိုင်း

၁၆:၂၀ ကျေးလက်ဇာတ်လမ်း (ကိုယ့်မျိုးကိုချစ်ပါ)
၁၇:၃၀ အဘိုးအဘွားအလေးထား (စစ်တွေမြို့ဘိုးဘွားရိပ်သာအကြောင်းဆွေးနွေးခန်း)
၁၇:၅၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (မြေငလျင်အန္တရာယ်ကာကွယ်ရေး-မောင်ဆုရှင်)
၁၉:၁၅ ကာလပေါ်တူရိယာအဖွဲ့
၂၀:၃၀ လပတ်မိုးလေဝသခန့်မှန်းချက်

တစ်ချက်တည်းကျင်းဝင်

ပဲခူး အောက်တိုဘာ ၂၄

ပဲခူးတိုင်း ရဲတပ်ဖွဲ့က ကျင်းပသော (၃၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂေါက်ရိုက်ပြိုင်ပွဲကို အောက်တိုဘာ ၄ ရက်တွင် ပဲခူးမြို့ ဥသာဂေါက်ကွင်း၌ ကျင်းပရာ ပြိုင်ပွဲတွင် ရဲမှူးကြီး(ငြိမ်း)အောင်ကြီးသည် ၁၆၅ ကိုက်ကွာဝေးသော ကျင်းအမှတ် ခြောက်ကို PIN အမျိုးအစားသံတုတ်နံပါတ်ငါး၊ Pinnacleဘောလုံးဖြင့် ရိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

၎င်းနှင့်အတူ ကစားဖော်များမှာ ပဲခူးတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသိန်းကြည်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ် ဦးကျော်လွင်တို့ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အောက်တိုဘာ ၁၂ ရက်က နတ်တလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက်၊ နံ့ရုံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို စမ်းကြီးသစ်တောရွာတွင် ကျင်းပရာ ကျောင်းသူကျောင်းသားများကို ဓာတ်ပုံကျွမ်းကျင်(၂) ဦးတိုးလင်းက ရှင်းလင်းပြသစဉ်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်

ဗန်းမော် အောက်တိုဘာ ၁၆

နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်ပွဲကို အောက်တိုဘာ ၁၄ ရက်က ဗန်းမော်မြို့ ခွန်သာရပ်ကွက်၌ ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိဦးသန့်ဇင်က ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်စောထံ နိုင်ငံသား စိစစ်ရေးကတ်ပြားများကို ပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**



အမည်ပြောင်း

ဦးသန်းဦး-ဒေါ်ဌေးဌေးရီတို့၏ သမီး အထက-၄၊ ရေဆင်း၊ ဒသမ တန်း(A) မှ မခင်နီလာသန်းဦးအား မေမဥ္ဇူသန်းဦးဟု ပြောင်းလဲခေါ်ပါရန်။ **မေမဥ္ဇူသန်းဦး**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် လ/ ၅၄၆၉ မော်တော်ယာဉ်လက်ဝယ်ရှိသူက (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း

ပါဒကြီးပရိယတ္တိစာသင်တိုက် ဘုံကထိန်

ကျောက်တန်း အောက်တိုဘာ ၃၀

ရန်ကုန်တိုင်း ကျောက်တန်းမြို့ ပါဒကြီးစံပြကျေးရွာ ပါဒကြီးပရိယတ္တိစာသင်တိုက်၌ ပုရိမဝါကပ်တော်မူကြသော သံဃာတော်အပါး ၅၀ ကျော်တို့အား ၁၃၆၅ခု တန်ဆောင်းမုန်းလပြည့် (နိုဝင်ဘာ ၈ ရက်)စနေနေ့၌ (၁၅) ကြိမ်မြောက် စုပေါင်း မဟာဘုံကထိန်သင်္ကန်းများ ဆက်ကပ်လှူဒါန်းကြမည်ဖြစ်ရာ ရပ်ဝေးရပ်နီးနေ အလှူရှင် အပေါင်းတို့အား ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

အောက်တိုဘာ ၅ရက်က ဟိုပင်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြင်ဦးလွင်၌ မြို့နယ်လုံးကျွတ် စုပေါင်းဆွမ်းသပိတ်လောင်းလှူပွဲ ကျင်းပ

ပြင်ဦးလွင် အောက်တိုဘာ ၂၀

ပထမအကြိမ် မြို့နယ်လုံးကျွတ် စုပေါင်းဆွမ်းသပိတ်လောင်းလှူပွဲနှင့် ရေစက်ချအခမ်းအနားကို အောက်တိုဘာ ၁၀ ရက်နံနက်က ပြင်ဦးလွင်မြို့ သမိုင်းဝင် မဟာရွှေမြင်တင် ဘုရားကြီးတွင်ကျင်းပရာ နိုင်ငံတော် သံဃာ့ဝန်ဆောင် ခဲလယ်ဆရာတော်ဦးသုမန၊ တိုင်းသံဃနာယကဥက္ကဋ္ဌ စတုဘုမ္မိကဆရာတော် ဦးဝိဇယအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး တပ်နယ်မှူး ဗိုလ်မှူးချုပ် မင်းအောင်လှိုင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ကန်ဦးဆရာတော် ဦးဉာနိဿရက ရေစက်ချတရားချီးမြှင့်တော်မူပြီး ကြွရောက်လာသည့် သံဃာတော်အရှင်သူမြတ် ၁၂၈၈ ပါးတို့အား အလှူရှင်များက ဆွမ်းသပိတ်စုပေါင်းလှူကြသည်။ **(ခရိုင် ပြန်/ဆက်)**

အောက်တိုဘာ ၉ ရက်က အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်စိုး၊ တာဝန်ခံ အင်ဂျင်နီယာ ဦးလှဦးနှင့် ဝန်ထမ်းများ အဖွဲ့ပိုင် ပန်းခြံနှင့် မြို့တော်ခန်းမရှေ့၌ သန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (၁၃၁)

မွေစကြာရွှတ်ဆိုပူဇော်ပြိုင်ပွဲကျင်းပ

မော်လိုက် အောက်တိုဘာ ၂၃

မော်လိုက်ခရိုင် မွေစကြာရွှတ်ဆို ပူဇော်ပြိုင်ပွဲဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၉ရက်က ဖောင်းပြင်မြို့နယ် တောင်ဖီလာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးဝင်းနိုင်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်တို့က ပထမဆုရရှိသော မော်လိုက်မြို့နယ် ကံထူးရွာ အခြေခံပညာအထက်တန်းကျောင်း ဝတ်အသင်းနှင့် ဖောင်းပြင်မြို့နယ် အင်ကြင်းမြိုင်ရပ် ရာဇမုနိဝတ်အသင်းများအား ဆုများချီးမြှင့်ပြီး ဒုတိယဆုရ ဖောင်းပြင်မြို့နယ် အလက၊ အထကနှင့် ဝါးရုံသာရွာ ဝတ်အသင်းတို့အား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပခုက္ကူမြို့၌ လူထုကျန်းမာရေးလုပ်သားသင်တန်းဆင်း

ပခုက္ကူ အောက်တိုဘာ ၂၀

ပခုက္ကူမြို့နယ် ကျန်းမာရေးဦးစီးဌာန၏ စေတနာ့ဝန်ထမ်းလူထုကျန်းမာရေးလုပ်သား (သစ်လွင်) သင်တန်းဆင်းပွဲကို အောက်တိုဘာ ၉ရက်နံနက်က ပခုက္ကူမြို့ ဒေသန္တရကျန်းမာရေးဌာနရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးဌေးတို့က အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ဆေးရုံအုပ်ကြီးက ပေးအပ်ချီးမြှင့်သည်။

ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိသော ပထမ မောင်လင်းအောင် (မြင်းဝင်း)၊ ဒုတိယ မတင်မူမူခိုင် (ဘုရားကုန်း)၊ တတိယ မောင်သန်းဆွေ (မြို့သစ်) တို့အား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(၄၁၃)**

ခရမ်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ယုနှင့် ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ စုပေါင်းပြီး အောက်တိုဘာ ၂၆ရက် နံနက်က ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းနေ့ အဖြစ် ကျောင်းဝင်းအတွင်း သန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (၂၈၃)

သံဖြူဇရပ် အထက(၁) မိဘဆရာအသင်း အစည်းအဝေးနှင့် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၈ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်းက ငါးဘာသာဂုဏ်ထူးရှင် မအေးနန်းသီအား ရွှေဆွဲပြားဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

သွေးလွန်တုပ်ကွေး၊ငှက်ဖျားနှင့်ဆင်ခြေထောက်ရောဂါများ မဖြစ်ပွားစေရန် မြစ်ငယ်မြို့ ရပ်ကွက်များအတွင်းဆေးဖျန်း

မြစ်ငယ် အောက်တိုဘာ ၁၈

မန္တလေးတိုင်း အမရပူရမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းမှ တပ်ဖွဲ့ဝင်များသည် သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါနှင့် ဆင်ခြေထောက်ရောဂါများ မဖြစ်ပွားစေရန်အတွက် အောက်တိုဘာ ၁၇ ရက် နံနက်က မြစ်ငယ်မြို့မရပ်ကွက်များအတွင်း ကြိုတင်ကာကွယ်ဆေးများ ပက်ဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

အဆိုပါ ကာကွယ်ဆေးများပက်ဖျန်းရာတွင် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်း ဒုတပ်ရင်းမှူး ညွှန့်ဝင်း ဦးဆောင်မှုဖြင့် တပ်ခွဲမှူး ခင်မောင်နိုင်နှင့် တပ်ဖွဲ့ဝင် ၁၅ဦးတို့သည် မြစ်ငယ် မြို့မရပ်ကွက်များရှိ နေအိမ်များ၊ မီးရထားဝန်ထမ်းအိမ်ရာများ၊ ဈေးရုံကြီးအတွင်းအပြင်နှင့် ရေနုတ်မြောင်းများတွင် ကာကွယ်ဆေးများ ပက်ဖျန်းပေးပြီး ရောဂါများကြိုတင်ကာကွယ်မှု ပညာပေးဟောပြောပွဲများ ပြုလုပ်ကြသည်။ **(၂၀၉)**

မြို့နယ်ဥက္ကဋ္ဌဖလားဘောလုံးပြိုင်

ကျောင်းကုန်း အောက်တိုဘာ ၂၄

၂၀၀၃ ခုနှစ် ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်နှင့် စခန်း နယ်မြေပေါင်းစုံ အမျိုးသား (၂၅)နှစ်အောက် ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကို စက်တင်ဘာ ၂၃ ရက်က ကျောင်းကုန်းမြို့နယ် မြို့မ ပြည်သူ့အားကစားကွင်းတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းနိုင်က အမှာစကားပြောကြားပြီး ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ **(၂၆၅)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

ကျောက်မျက်ရတနာသတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက် အဆိုပြုလွှာများတင်သွင်းရန် ကြေညာချက် (၅/ ၂၀၀၃)

ရန်ကုန်မြို့၊ ၁၃၆၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက် (၂၀၀၃ ခုနှစ် အောက်တိုဘာလ ၂၅ ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များ အနက်မှ ၂၀၀၄ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များ၊ လစ်လပ်သတ်မှတ်လုပ်ကွက်များနှင့် လစ်လပ်ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ ပုဒ်မ-၁၂၊ ပုဒ်မ-၁၃၊ ပုဒ်မ-၁၅တို့နှင့်အညီ နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များ ထုတ်ပေးရေးဆောင်ရွက်မည် ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်များအား ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (Deposit)ကျပ် တစ်သိန်းပေးသွင်းရပါမည်။ အာမခံစပေါ်ငွေများအား ခွင့်ပြုမိန့် ထုတ်ပေးမည့် လုပ်ကွက်အတွက် အဆိုပြုငွေများ ပေးသွင်းရာတွင် အဆိုပြုငွေမှ ခုနှိမ် ပေးသွင်းခြင်း/ခွင့်ပြုမိန့်မရသူများအား ပြန်လည်ထုတ်ပေးခြင်း စသည်တို့အား ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်း ကော်မတီမှ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းရှင် များနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာ တူးဖော်လုပ်ကိုင်လိုသည့် ကုမ္ပဏီများသည် သင်းဖွဲ့မှတ်တမ်း အရ လည်းကောင်း၊ သမဝါယမအသင်းများသည် အသင်းစည်းကမ်းအရလည်းကောင်း၊ ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့် ရရှိရမည့်အပြင် ကုမ္ပဏီ အသင်းသည် ရန်ကုန်မြို့၌ရှိရပါမည်။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာ အထောက်အထား စာရွက် စာတမ်းများ တင်ပြလျှောက်ထားနိုင်ပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာများ တူးဖော် ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ/အသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင်လွှဲပြောင်းခြင်း မပြုရန်နှင့် သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၉၉)အတိုင်း လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။

၄။ သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက် တစ်ကွက်အတွက် မြေအကျယ်အဝန်းမှာ တစ်ဧကဖြစ်ပါသည်။ သို့ရာတွင် တူးဖော်ထုတ်လုပ်ပြီး သတ်မှတ်နှင့်ဖော်ထုတ် လုပ်ကွက်များ တူးဖော်ထုတ်လုပ်ဆဲသတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များအနေဖြင့် တူးဖော်မှုနှင့်ရာသီဥတုကြောင့် လုပ်ကွက်နယ်မြေအကျယ်အဝန်းနှင့်ပတ်သက်၍ ပြဿနာ တစ်စုံတစ်ရာပေါ်ပေါက်ပါက သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာ လုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီက ညှိနှိုင်း ဆုံးဖြတ်ခြင်းကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ သတ်မှတ်နှင့် ဖော်ထုတ် လုပ်ကွက်များအတွက် ခွင့်ပြုသက်တမ်းကာလမှာသုံးနှစ်ဖြစ်ပြီး အနည်းဆုံးပေးသွင်းရမည့် အဆိုပြုငွေမှာကျပ်၁၀သိန်းဖြစ်ပါသည်။ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့် ထုတ်ပေးမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းမည့် အဆိုပြုငွေကို ဂဏန်းဖြင့်သာမကပဲ စာသားဖြင့်ပါ တိတိကျကျဖော်ပြရမည်ဖြစ်ပါသည်။

၅။ မိမိတို့တူးဖော်လိုသည့် သတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်များကို လုပ်ကိုင်မည့် ပုဂ္ဂိုလ်များကိုယ်တိုင် ကွင်းဆင်းစစ်ဆေး ကြည့်ရှုပြီးမှသာ လုပ်ကိုင်မည့်သူကိုယ်တိုင် လက်မှတ်ရေးထိုး၍ အဆိုပြုလွှာများတင်သွင်းရန်ဖြစ်ပါသည်။ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက်မှ ကျောက်မျက်တူးဖော်ထုတ်လုပ်ရန်မြေမှန်မရှိခြင်းနှင့် အခြားအကြောင်း အမျိုးမျိုးဖော်ပြ၍ ကြိုတင် ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့် နိုင်ငံတော်သို့ ပေးသွင်းပြီးသော အဆိုပြုငွေများကို ပြန်လည်ထုတ်ပေးရန်၊ လုပ်ကွက်နေရာ ပြောင်းလဲပေးရန် တင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ပါ။ ၎င်းအပြင်အဆိုပြုလွှာများ တင်သွင်းရာတွင် လုပ်ငန်းမှတ်ပုံတင်ခြင်း မရှိသည့်အဆိုပြုလွှာများနှင့် ပြည့်ပြည့်စုံစုံ ဖော်ပြခြင်းမပြုသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည် တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာများထုတ်ယူခြင်း။** အဆိုပြုလွှာ တင်သွင်းလိုသူများသည် ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်မှစ၍ အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း(ရုံးချုပ်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင် ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများထုတ်ယူခြင်း၊ လုပ်ကွက် မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာ တင်သွင်းလိုသူများသည် သတ်မှတ် လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ (မကလ-၂)နှင့် ပုံစံ(သမ-၁) တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက် အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁)တို့တွင်လည်းကောင်း လိုအပ် သည်များကို ပြည့်ပြည့်စုံစုံရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင်ချိပ်ထိုးပြီး ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်မှ ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၁ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ အမှတ် ၆၆၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၇။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) ရန်ကုန်မြို့တွင်လည်းကောင်း၊ မိုးကုတ်နှင့်လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်း တူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး/လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်း စခန်းရုံး များတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

ဝါကျတ္ထဝင့်သကာ (တတိယတွဲ) ကျမ်းစာအုပ် ပုံနှိပ်ပြီးပါပြီ ကြွရောက် အလှူခံတော်မူကြပါ

မန္တလေးမဟာသန္တာ၇ုံ ဆရာတော် ဘဒ္ဒန္တကောဝိဒ ရေးသားပြုစုသော ဝါကျတ္ထဝင့်သကာ (တတိယတွဲ) ကျမ်းစာအုပ် ပုံနှိပ်ထွက်ရှိလာသဖြင့် အလိုရှိသော ကျောင်းတိုက်များမှအလိုရှိသော စာချစာသင်အရှင်မြတ်များနှင့် သီလရှင်ဆရာများအားလုံးတို့ကို ဦးရာစနစ်ဖြင့် လှူဒါန်းသွားမည် ဖြစ်ပါသောကြောင့် ၂၀၀၃ ခုစာသင်နှစ်အမီကြွရောက် အလှူခံတော်မူကြပါရန် ရိုသေစွာလျှောက်ထား ပန်ကြားအသိပေးအပ်ပါသည်။

မှတ်ချက်။ ၂၀၀၂ ခုနှစ် နိုင်ငံတော်အစိုးရ ဓမ္မာစရိယစာမေးပွဲ ပါရာဇိကဏ် မေးခွန်းအဖြေ၊ ဒုတိယတွဲစာမျက်နှာ ၁၄၂ ၌ ပါရှိသည်။ ၂၀၀၃ ခုနှစ် ပါရာဇိကဏ်မေးခွန်း အဖြေ၊ ဤကျမ်းစာ (တတိယတွဲ) စာမျက်နှာ ၆၄၃ ၌ ပါရှိသည်။ ပထမတွဲ လက်ကျန်မရှိတော့ပါ။ ဒုတိယတွဲလည်းအနည်းငယ်မျှသာ ကျန်ရှိပါတော့သည်။ **ဂဏဝါစကအဖွဲ့**

မဟာသန္တာ၇ုံကျောင်းတိုက်၊ မန္တလေးမြို့

ဟောချက်က ဒက်ထိ လုပ်ဆောင်ချက်က ကွက်တိ ခတ်ရိုက် ခတ်ဆင် လက္ခဏာ ဗေဒင်

လမင်းသာ ဦးမျိုးအောင် ဗေဒင် လက္ခဏာ

၁ ရက် မှ ၂၅ ရက်အထိ

အမှတ် ၆၊ လမ်း ၁၄၀၊ မအူကုန်း၊ ရန်ကုန်၊ ဖုန်း-၂၀၂၄၂၄

၂၆ ရက်မှ လကုန်အထိ၊ အမှတ် ၄၁၄၊ မရမ်းကုန်းရပ်၊ မော်လမြိုင်

၁၃-၁၀-၂၀၀၃ ရက်စွဲပါ တရားရုံးချုပ်ရှေ့နေ ဦးမောင်မောင်တင်၏ သတိပေးတားမြစ်ချက်အပေါ် ပြန်လည်ရှင်းလင်းသတိပေးကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သော ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အနော်ရထာ လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့် အမှတ်(၂၃၂/၂၃၄)နေ ဒေါ်ခင်စန်းမြင့်၏ ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်း သတိပေးကြေညာသည်မှာ-

၁၃-၁၀-၂၀၀၃ နေ့စွဲဖြင့် မြန်မာ့အလင်းသတင်းစာ၌ ဖော်ပြထားသော ပစ္စည်းများနှင့် ပစ္စည်းများအား ပိုင်ဆိုင်သူ၏အမည်ဖော်ပြမှု မှားယွင်းနေပါသည်။ မောင်နေလင်း၏ ကွယ်လွန်သူ ဖခင် ဦးခင်မောင်အေး အပါအဝင်ကျန်သားသမီးများ စုစုပေါင်း ၁၀ ဦးတို့သည် ကွယ်လွန်သူများ ဖြစ်ကြသော ဦးအလီဘိုင်(ခ) ဦးမောင်တင်နှင့် ဒေါ်နုနုတို့မှမွေးဖွားခဲ့သည်မှာ မှန်ပါသည်။ သို့သော် ဦးခင်မောင်အေးသည် အမွေရှင် ဖြစ်သော မိခင်ဒေါ်နုနုထက်စော၍ (၉-၁-၁၉၉၀) ရက်တွင် ကွယ်လွန်ခဲ့သည်။ အမွေရှင်မိခင်ဖြစ်သူ ဒေါ်နုနုမှာ (၂၈-၆-၂၀၀၀)ရက်မှ ကွယ်လွန်ပါသည်။

သို့ပါ၍ ၁၃-၁၀-၂၀၀၃ ရက်စွဲပါ ကြေညာချက်သည် တရားဥပဒေအရ ကိုက်ညီခြင်းမရှိဘဲ အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန် ကြေညာခြင်းကို တစ်လအတွင်း ပြန်လည်ရုပ်သိမ်းပေးရန် အကယ်၍ မရုပ်သိမ်းပါက တည်ဆဲတရားဥပဒေ အရ အရေးယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးစိုင်းထွန်းအေး B.A, M.A (Philo.), H.G.P,R.L,BDS
တရားရုံးချုပ်ရှေ့နေ
၁၀၃၊ ၃၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း-၂၄၂၂၁၂

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်တက္ကသိုလ် သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန၊ ရန်ကုန်တက္ကသိုလ်၏အစီအစဉ်ဖြင့် ဓာတုဗေဒဌာနကကြီးမှူး၍ အောက်ပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ ဖွင့်လှစ်မည့်သင်တန်းများ
- စားသောက်ကုန်နည်းပညာသင်တန်း အမှတ်၂/၂၀၀၃
- စားသောက်ကုန်နည်းပညာ ဒီပလိုမာသင်တန်း အမှတ် ၂/၂၀၀၃

၂။ သင်တန်းအောင်လက်မှတ် - Completion Certificate, Diploma in Food Technology (Dip., Food Tech)

၃။ သင်တန်းကာလ - သုံးလ (စားသောက်ကုန်နည်းပညာ)
- ကိုးလ (စားသောက်ကုန်နည်းပညာဒီပလိုမာ)

၄။ သင်တန်းဝင်ခွင့်အရည်အချင်း - အထက်တန်းအဆင့် ပညာသင်ယူမှု ပြီးမြောက်ခြင်း လက်မှတ် ရရှိသူ၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ၊ အခြေခံပညာအထက်တန်း စာမေးပွဲ (က/ခ)အဆင့်ဖြင့်အောင်မြင်သူ (စားသောက်ကုန်နည်းပညာအတွက်)
- စားသောက်ကုန်နည်းပညာသင်တန်း အောင်လက်မှတ်ရရှိသူ (ဒီပလိုမာသင်တန်း အတွက်)

၅။ သင်တန်းဖွင့်မည့်ရက် - ၁၄-၁၁-၂၀၀၃

၆။ ဆက်သွယ်ရမည့်ရက် - ၅-၁၁-၂၀၀၃

၇။ လျှောက်လွှာလက်ခံမည့်နေရာ - ဓာတုဗေဒဌာနရုံးခန်း၊ ရန်ကုန်တက္ကသိုလ်

မှတ်ချက်။ အသေးစိတ်အချက်အလက်များကို ဓာတုဗေဒဌာန၊ ဖုန်း ၅၃၆၇၉၂ ရန်ကုန်တက္ကသိုလ်တွင် စုံစမ်းနိုင်ပါသည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်တက္ကသိုလ်

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန(ရန်ကုန်တက္ကသိုလ်)၏ အစီအစဉ်ဖြင့် စာကြည့်တိုက်နှင့် သုတပညာဌာနကကြီးမှူး၍ အောက်ပါသင်တန်းကို ဖွင့်လှစ် မည်ဖြစ်သည်။

၁။	**သင်တန်းအမည်**	- အခြေခံစာကြည့်တိုက်လုပ်ငန်းကျွမ်းကျင်မှု သင်တန်း(အခြေခံအဆင့်)
၂။	**သင်တန်းကာလ**	- သုံးလ
၃။	**သင်တန်းဝင်ခွင့်အရည်အချင်း**	- အခြေခံပညာအထက်တန်းအဆင့်
၄။	**သင်တန်းချိန်**	- နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ (စနေ၊ တနင်္ဂနွေ)
၅။	**သင်တန်းစတင်မည့်ရက်**	- ၆-၁၂-၂၀၀၃
၆။	**လျှောက်လွှာလက်ခံမည့်ရက်**	- ၁-၁၁-၂၀၀၃
၇။	**လျှောက်လွှာလက်ခံမည့်နေရာ**	- စာကြည့်တိုက်နှင့်သုတပညာဌာန အခန်း အေ-၃၊ ဝိဇ္ဇာအဆောက်အအုံ ရန်ကုန်တက္ကသိုလ် ဖုန်း-၅၃၄၇၇၂

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

၁၄-၁၀-၂၀၀၃ ရက်တွင် ကျင်းပပြီးစီးခဲ့သည့် ကျွန်တော်-ကျွန်မ တို့၏ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ခဲ့ကြသော မကွေးတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့်ဇနီး၊ မကွေး ခရိုင်နှင့် မင်းဘူးခရိုင်မှ ဥက္ကဋ္ဌနှင့်ဇနီး၊ မင်းဘူးခရိုင် အတွင်းရေးမှူးနှင့်ဇနီး၊ မကွေးတိုင်း အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနှင့်ဇနီး၊ မင်းဘူးခရိုင် အုပ်ချုပ်ရေးမှူးနှင့် ဇနီး၊ မင်္ဂလာပန်းကုံးချီးမြှင့်ပေးသော မကွေးမြို့နယ် အုပ်ချုပ်ရေးမှူးနှင့်ဇနီးတို့အားလည်းကောင်း၊ တက်ရောက်ချီးမြှင့်ခဲ့ကြသော သစ်တောအရာရှိများနှင့် ဌာနဆိုင်ရာများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့် မောင်မြအောင်-မဝင်းဝင်းမြင့်

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏မိတ်ဆွေ ဦးမြညွန့် ၁၂/ကမရ(နိုင်) ၀၁၃၁၈၃ နှင့် ဒေါ်လီလီမြ ၁၂/ကမရ(နိုင်) ၀၁၃၁၆၉ တို့၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅၊ မြေကွက် အမှတ် ၃၁၁ ဧရိယာ ပေ ၄၀ x ပေ ၆၀ ကျယ်ဝန်းသော နှစ် ၆၀ ဂရန်မြေကွက်ဟုခေါ်တွင်သည့် အမှတ် ၃၁၁၊ နတ်သျှင်နောင်လမ်း၊ (၃၅) ရပ်ကွက် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက် အအုံကို ဝယ်ယူရန် မြေကွက်အမည်ပေါက် ဦးချစ်ဆွေ (AA ၀၉၁၄၉၈) ထံမှ ပြန်လည်ရုပ်သိမ်းပိုင်ခွင့်မရှိသော အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၂၅၀၇/၂၀၀၃) ရရှိထားသူ ဒေါ်သီသီချို ၁၂/ဒဂမ(နိုင်) ၀၁၄၁၅၆ အားစရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို ဆက်လက်ပြုလုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိသာရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးသိန်းညွန့်	**ဒေါ်စုစုလွင်**
B.A.,H.G.P., R.L, D.B.L., D. M. L	LL.B
တရားရုံးချုပ်ရှေ့နေ	**အထက်တန်းရှေ့နေ**

(ရုံး) အမှတ် ၅၈၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၇၀၉၄၁၃၊ ၂၅၀၈၂၇

(အိမ်) အမှတ် ၃၊ မအူပင်လမ်း၊ စမ်းချောင်းမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၅၀၀၂၅၁

ကကတစ်ငါးသားပေါက် လိုသလောက်ရမည်

ဆက်သွယ်ရန်လိပ်စာ

မင်းဇာနည်ကုမ္ပဏီလီမိတက်

အမှတ် ၄-ခ/၁၊ ကမ်းနားလမ်း၊ သောင်ကြီးတောင်ရပ်ကွက် လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - 684181, 684182, 684183၊ 09-99-26205



ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မေ (ခွဲစိတ်အထူးကု ဆရာဝန်ကြီး YGH ဆေး-၁)၏ ဖခင် ဦးတင်နွယ်သည် ၂၇-၁၀-၂၀၀၃ ရက် တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲမိပါကြောင်း။

Final Part II (5/03)မှ တပည့်များ
Ward 13+14 (YGH)

တွေ့ရှိကအမြန်ဆုံးအကြောင်းကြားရန်

မြစ်သားမြို့နယ် ပုဏ္ဏား ကျေးရွာ နေ ဦးမောင်မြင့်-ဒေါ်စန်းစန်းအေး တို့၏သမီး မမိုးမြင့်စန္ဒာလင်း(ခ)မလင်း အသက်(၁၆)နှစ် ကျောင်းသူသည် ၇-၉-၂၀၀၃ ရက်က ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာ များသို့ အမြန်ဆုံး အကြောင်းကြားပေး ပါရန်။ ကျေးဇူးဆပ်ပါမည်။ သွေးဆောင် ဖြားယောင်းလက်ခံထားသူအား ဥပဒေ အရ အရေးယူမည်။

၁။ ဦးလှအောင်-ဒေါ်ယဉ်ယဉ် တံစိုးဂိတ်ရပ်၊ ကျောက်ဆည်မြို့

၂။ ဒေါ်တင်မေ ပုဏ္ဏားရွာ၊ မြစ်သားမြို့နယ်

၃။ ဦးညွန့်လှိုင်-ဒေါ်စုစုလှိုင် ဆူးကုန်းရပ်၊ ကျောက်ဆည်မြို့။ ဖုန်း- ၀၆၆ ၅၀၁၆၁

သားအဖြစ်မှစွန့်လွှတ်ခြင်း

သထုံမြို့နယ်နန်းခဲရပ်ကွက် ရွှေချောင်း လမ်းနေ ဒေါ်သန်းညွန့်၏သားဖြစ်သူ မောင်အောင်လွင်(ခ)စောနောင် နိုင်ငံ သား မှတ်ပုံတင်အမှတ် ၁၀/သထန(နိုင်) ၀၉၀၅၁၅ ကိုင်ဆောင်သူသည် မိဘများ စိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် ယနေ့မှ စ၍ သားအဖြစ်မှစွန့်လွှတ်လိုက်ပါသည် ၎င်းနှင့်ပတ်သက်သမျှကိုတာဝန်မယူပါ။

မိခင်-ဒေါ်သန်းညွန့် ၁၀/သထန(နိုင်) ၀၇၂၄၄၂

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅က/၈၈၅၉ မော် တော်ယာဉ်လက်ဝယ်ရှိသူက မော်တော် ယာဉ်မှတ်ပုံ တင်ခွင့်လျှောက်ထားလာပါ သဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှ စ၍ (၁၅) ရက်အတွင်း ကညန ပြည်နယ်ရုံး (ဘားအံ) သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန(ဘားအံ)

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့ ဈေး(၁) ရပ်ကွက်နေ မမူမူမြင့် ၇/အတန(နိုင်) ၀၅၇၇၃၂ သည် မိဘ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိဆန္ဒအလျောက်ပြု လုပ်သွားပါသဖြင့် သမီးအဖြစ်မှ အမွေ ပြတ်စွန့်လွှတ်လိုက်သည်။

ဖခင် ဦးလှသိန်း(ခ)ဦးတင်မြင့်

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့ ၃၉(အိပ်ချ်)၊ ကမ္ဘာအေး စေတီလမ်း၊ရွှေတောင်ကြား (၂)ရပ်ကွက် ဗဟန်းမြို့နယ်နေ ကျွန်တော်၊ ကျွန်မ တို့၏ သားဖြစ်သူ မောင်ထင်ကျော် အောင် ၁၂/ဗဟန(နိုင်)၀၄၅၈၂၅ သည် မိဘများအား ဂုဏ်သိက္ခာ ကျဆင်းပြီး စိတ်ဆင်းရဲအောင် ပြုမူနေပါသဖြင့် ၃၀-၁၀-၂၀၀၃ ရက်မှ စ၍ သား အဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါ သည်။ နောက်နောင် ၎င်းနှင့် ပတ်သက် သော ကိစ္စအရပ်ရပ်အား လုံးဝတာဝန် မယူပါကြောင်း ကြေညာလိုက်ပါသည်။

ဖခင်-ဦးကြူးအောင် ၁၂/ဗဟန(နိုင်)၀၄၈၆၄၇
မိခင်-ဒေါ်ခင်တင့် ၁၂/ဗဟန(နိုင်) ၀၄၆၇၇၁

ဒေါ်ခင်အုန်းကြည် (ရန်ကင်း)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက်အမှတ် ၁၆၄၊ အခန်း ၁ နေ ဦးခင်မောင်မြိုင်(စစစ၊ အငြိမ်းစား)၏ဇနီး၊ ဦးခင်မောင်မြင့် (ညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းရေးရာဦးစီးဌာန)-ဒေါက်တာဒေါ်ခင်သက်မြိုင်(ရန်ကုန်တိုင်း၊ ကျန်းမာရေးဦးစီးဌာန)၊ ဦးသန့်ဇင်မြိုင်-ဒေါ်စိုးစိုးသိန်း၊ ဒေါ်တင်တင်ရီ၊ Captမိုးကျော်မြိုင်-ဒေါ်ရီရီလှိုင်တို့၏ကျေးဇူးရှင်မွေးမိခင်၊ ဒေါက်တာမင်းဦးမြင့်(ကလေးဆေးရုံကြီး)-မကျော့ကျော့စိုး၊ ကိုမင်းဇော်မြင့် (3/O F.G)-မယမင်းမော်၊ မစုသီဂါမြင့် (M.B, B.S Final Part II, IM I)၊ ကိုဝင်းကို Asst: MANAGER (Konoike Construction Ltd.၊ မဝင်းမာ(1st Year English U.F.L)၊ ဝေမွန်သန့်၊ မသီရိသက်ရည်မွန် (VIII၊ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း)တို့၏အဘွား၊ မောင်အောင်ဘုန်းပြည့်၊ မောင်အောင်ဘုန်းမြင့်တို့၏ ဘွားဘွားကြီးသည် ၂၈-၁၀-၂၀၀၃ ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃-၁၁-၂၀၀၃ ရက် (တနင်္လာနေ့) နံနက် ၈ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်အုန်းကြည် (ရန်ကင်း)
အသက်(၇၉)နှစ်

ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မြင့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်သက်မြိုင် (ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန)တို့၏မိခင် ဒေါ်ခင်အုန်းကြည်သည် ၂၈-၁၀-၂၀၀၃ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌ၊အဖွဲ့ဝင်များနှင့်ဝန်ထမ်းမိသားစု ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

ဒေါ်အေးအေးကြည်
ဆလက(ရုံးချုပ်)
အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် ၄၅၁-E၊ ပြည်လမ်းနေ ဦးမင်းသူရ-ဒေါ်ခင်ကြည်တို့၏သမီးလတ်၊ (ဦးကျော်ထွန်း)၏ဇနီး၊ ဦးဝင်းမြင့်-ဒေါ်သက်သက်ကြည်(ရန်ကုန်-သန်လျင်တံတားအမှတ်-၂၊ စီမံကိန်း)တို့၏ညီမ၊ ဦးမြဦး(ခေတ္တ-မလေးရှား)-ဒေါ်လွင်လွင်ကြည်၊ ဦးတေဇာထွန်းတို့၏အစ်မ၊ မဝေလှိုင်ဖူး(III-A၊ အထက-၁၊ကမာရွတ်)၏ချစ်လှစွာသောမိခင်၊ မောင်သက်ထူးဇော်၊ မအိန္ဒြာဦး၊ မသက်ထားစုတို့၏ချစ်လှစွာသောအဒေါ်သည် ၃၀-၁၀-၂၀၀၃ ရက် ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၀၃ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့်ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ် ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂

သားအဖြစ်မှစွန့်လွှတ်ခြင်း

မောင်ကိုကိုမော် ၁၂/တမန(နိုင်) ၀၂၆၈၉၃ သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေအပ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့် ကိစ္စမဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင်-ဒေါ်တင်စိန် ၁၂/သဃက(နိုင်)၀၂၆၈၈၈

မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ဘ/၆၇၅၁ မော်တော်ယာဉ်လက်ဝယ်ရှိသူ ဦးပြုံးချို နိုင်ငံသားမှတ်ပုံတင်အမှတ် ၁၂/မဂတ(နိုင်)၀၅၂၉၆၉က မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန၊ အရှေ့ပိုင်းခရိုင်ရုံး (ရန်ကုန်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊အရှေ့ပိုင်းခရိုင်ရုံး၊ရန်ကုန်

ဦးစံသိန်း (ဒိုက်ဦး)
ဒုညွှန်ချုပ်(ငြိမ်း)
(အလုပ်သမားညွှန်ကြားရေးဦးစီးဌာန)
အသက်(၇၃)နှစ်

ဒိုက်ဦးမြို့နေ (ဦးတန်-ဒေါ်သိန်းရီ)တို့၏သားကြီး၊တိုက် ၁၅၊ အခန်း ၂၀၂၊ အောင်ဇေယျအိမ်ရာ၊ အင်းစိန်မြို့နယ်နေ ဒေါ်ခင်သန်းညွန့် (အထပြ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးလှကြည်-ဒေါ်အပုတို့၏အစ်ကိုကြီး၊ ဦးထင်ဇော်စံသိန်း-ဒေါ်ခင်ဥမ္မာမြင့်၊ ဦးကံမြင့်ထွန်း-ဒေါ်လဲ့လဲ့စံသိန်း၊ ဦးတေဇော်လင်းတို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည်၂၈-၁၀-၂၀၀၃ရက် (အင်္ဂါနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါ၍၃၀-၁၀-၂၀၀၃ ရက် (ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးညွန့်ဝေ(ခ)ဦးကျောက်ခဲ
ဆေး/ငြိမ်းရပ်ကွက်၊ကြည့်မြင်တိုင် ရတနာပုံ အုတ်၊သဲ၊ကျောက် ရောင်းဝယ်ရေး
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်နေ (ဦးခင်မောင်-ဒေါ်သွယ်)တို့၏သား၊ ဦးအောင်ခင်-(ဒေါ်သောင်းမြင့်)၊ ဦးခင်မြ-ဒေါ်သောင်းဆင့်တို့၏မောင်၊ ဦးထွန်းအောင်-ဒေါ်ရင်မြတို့၏ဦးလေးသည် ၃၀-၁၀-၂၀၀၃ ရက် ညနေ ၆ နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၀၃ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၅၆၊ ကမ်းနားလမ်းနှင့်တောလမ်းထောင့် နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

တင်ယဉ်ထွေး(ခ)ကိုတင်ထွေး
သံဖြူဇရပ်၊ဗဟိုစည် (တင်ထွင့်-ဆံပင်၊ မိတ်ကပ်၊အလှပြုပြင်ရေး)
အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ ဗဟိုစည်အိမ်ရာ၊ တိုက် ၃၇၊ အခန်း ၂၀ နေ ဦးသန့်ဇင်-ဒေါ်ချစ်မေတို့၏သား၊ ဒေါ်တင်တင်မူ-(ဦးခင်မောင်ဦး)၊ ဒေါ်မြင့်မြင့်သိန်း-ဦးသောင်းရီ၊ (ဦးရွှေသွင်)၊ မီကို(ခ)ကျော်၊ မနန်းခင်သန်းဦး၊ မခင်သန်းဦးတို့၏မောင်၊ မစန်းစန်းညို-ဦးတင်ဝင်း၊ မောင်မျိုးကိုကို၊ မဖြူဖြူဝင်း-ကိုဝင်းကျော်သူရ၊ မမီမီဇင်တို့၏အစ်ကို၊ တူ တူမ ၁၅ ယောက်တို့၏ ဦးလေးသည် ၂၉-၁၀-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀:၅၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၀၃ရက် (သောကြာနေ့) ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ယုဇနဥယျာဉ်မြို့တော် နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၁၁-၂၀၀၃ရက် (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာယူမည်ဖြစ်ပါသဖြင့် တိုက် ၅၊ အခန်း ၃၀၂၊ ၁၄ လမ်း၊ A-Block၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်းမြို့နယ် နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ဘောဘီ (မစ္စစ်လှဖေ)
အသက်(၉၄)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ၉ လမ်း၊ အမှတ် ၄၉၇ နေ(ဦးလှဖေ)၏ဇနီး၊ (ဒေါ်ဘားနစ်ဖေ-ဦးတင်အေး)၊ (ဒေါ်နော်မာဘရော့)-ဦးဟယ်ရီဘရော့၊ ဦးနယ်လ်ဆင်လှ ဖေ-ဒေါ်ဗွိုနီးလီးယား၊ဒေါ်မာလာဖေ၊ဒေါ်သူဇာဖေ-ဦးမြင့်ဆွေတို့၏မိခင်၊ မြေး ၁၀ ယောက်၊မြစ်လေးယောက်တို့၏အဘွားသည် ၃၀-၁၀-၂၀၀၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂:၁၈ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၁၁-၂၀၀၃ရက်(စနေနေ့)မွန်းတည့် ၁၂ နာရီတွင် အမှတ် ၆၈၊ ဦးဝိစာရလမ်းရှိ သတ္တမနေ့ ဥပုသ်ဘုရားကျောင်းတွင် ဝတ်ပြုကိုးကွယ်ပြီး ၎င်းမှ မွန်းလွဲ ၁ နာရီတွင် ရေဝေး ခရစ်ယာန်သုသာန်သို့ ပို့ဆောင်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အေးသန်း (ချောက်မြို့)
အသက်(၇၅)နှစ်

ရေနံချောင်းမြို့နယ်၊ရွှေတုတ်ကန်ရွာနေ (ဦးကျော်-ဒေါ်လှရင်)တို့၏ သမီး၊ ချောက်မြို့၊ ဗဟိုကွက်သစ်ရပ်၊ အမှတ် ၇၈ နေ (ဦးစိန်ထွန်း)၏ဇနီး၊ အမှတ် ၈၄ တမာလမ်း၊ သန်လျင်တံတားစီမံကိန်းအိမ်ရာဝင်း၊ သာကေတနေ ဦးရဲမြင့်-ဒေါ်ယဉ်ယဉ်နွဲ့(အထက-၂၊ ဒဂုံ)၊ ဦးမြင့်အောင်၊ မနုနုအေး၊ ဦးစောလွင်-မနှင်းအိအောင်၊ ဦးအေးသောင်း၊ မငွေးငွေးဦးတို့၏မိခင်၊ မြေး ခုနစ်ယောက်တို့၏အဘွားသည် ၂၉-၁၀-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၂-၁၁-၂၀၀၃ ရက်(တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၁၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတင်ရွှေ(ခ)ဦးဝင်းထွန်း
(ပဲခူးမြို့)
အသက်(၇၃)နှစ်

ပဲခူးမြို့၊ ကျိုက်ပဒိုင်ရွာလေးနေ (ဦးအုန်းမောင် - ဒေါ်သိန်းညွန့်)တို့၏သား၊ (ဦးကျော်မောင်)၏ညီ၊ ဒေါ်စောမြင့်၊ (ဒေါ်စောကြည်)တို့၏ မောင်၊ (ဦးထွန်းလှိုင်)-ဒေါ်တင်ရီ (ပစ်တိုင်းထောင်ဆေးတိုက်၊ ပဲခူးမြို့)တို့၏အစ်ကို၊ ဒေါ်အေးအေးမူ၊ ဦးသန်းဝင်း-မချို၊ ဦးအေးဝင်း၊ ဦးရဲဝင်း-ဒေါ်နီနီအောင်၊ ဗိုလ်မှူးသောင်းနိုင်-ဒေါ်မြင့်မြင့်စန်းတို့၏ ဘကြီးသည် ၃၀-၁၀-၂၀၀၃ရက်တွင် တိုက် ၂၊ အခန်း ၁၀၉၊ ကြက္ကိုတံအိမ်ရာ၊ သဃ်္ဃန်းကျွန်းမြို့နယ်တွင်ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်စန်း(ခ)ချောင်အွယ်ကုတ်
(တပ်ကုန်း)
အသက်(၆၂)နှစ်

တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်နေ ဒေါက်တာဝင်းလတ်၏ဇနီး၊ မစန်းစန်းဝင်း၊ ကိုမောင်သန်း-မနီနီဝင်း၊ ကိုရန်နိုင်ဝင်း၊ ကိုထွန်းထွန်းဝင်း-မငွေးလှိုင်၊ မဖြူဖြူဝင်း၊ မောင်အောင်နိုင်ဝင်း-မအေးစန္ဒာ၊ မလဲ့လဲ့ဝင်းတို့၏မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၃၀-၁၀-၂၀၀၃ရက် နံနက် ၆:၁၅ နာရီတွင် ရန်ကုန်မြို့ အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၀၃ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ကွမ်းတုန်တရုတ်သုသာန်တွင် သဂြိုဟ်ပါမည်။ (ရန်ကုန်မြို့၊ လမ်း ၅၀၊ တိုက်အမှတ် မ ၁၈၂-၁၈၄ (ရှစ်လွှာ)မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ဒါယကာ
ဦးသိန်းလွင်
(တောင်တွင်းကြီး)
နေရှင်နယ်ပရဟိတ ဂေဟာမှူးဟောင်း
အသက်(၅၇)နှစ်

တောင်တွင်းကြီးမြို့နယ်၊ စံမုံရွာသစ်နေ (ဦးကုလား)-ဒေါ်သန်းကြည်တို့၏သား၊ ဒေါ်သန်းသန်း(ရွှေပေါက်တောကဖီး၊ မြို့သစ်မြို့)၏ခင်ပွန်း၊ မအေးအေးမွန်၊ ဒုအရာခံဗိုလ်ခိုင်သန်းဇော်-မစုစုသန့်၊ မမိုးသန္တာလွင်၊ ဒုရဲပိုင်နေမျိုးလွင်၊ မငြိမ်းငြိမ်းထွေး၊ မောင်ဝင်းထွန်းတို့၏ဖခင်သည် ၂၀-၁၀-၂၀၀၃ရက်၌ ကွယ်လွန်သွားပါ၍ ၂၃-၁၀-၂၀၀၃ ရက်တွင် မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးထွန်းကြည်
မြေတိုင်းစာရေး(ငြိမ်း)
မုတ္တမ၊ ကျွဲခြံရွာ
အသက်(၈၇)နှစ်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ မုတ္တမ၊ ကျွဲခြံရွာနေ (ဦးထွန်းသောင်-ဒေါ်မေ)တို့၏သား၊ (ဦးစန်းတင်)-ဒေါ်အုန်းကြည်၊ (ဦးထွန်းရွှေ-ဒေါ်တင်မေ)တို့၏ညီ/မောင်၊ (ဦးလှကြည်-ဒေါ် စန်းမြ)၊ (ဦးထွန်းကြည် - ဒေါ်မြထွေး)တို့၏ အစ်ကို၊ (ဒေါ်အေးငွေ)၏ခင်ပွန်းသည် ၂၉-၁၀-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) ည ၉:၄၅ နာရီတွင် အမှတ် ၁၀၊ သီတာလမ်း၊ အပိုင်း ၆၊ ပေါက်ကုန်းရပ်ကွက်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၀၃ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ပေါက်ကုန်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်ကျင်မြိုင် (သဃ်္ဃန်းကျွန်း)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ရတနာမဥ္ဇူလမ်း၊ အမှတ် ၇၂ နေ (ဦးအောင်ဖိုး-ဒေါ်ရွှေလှိုင်)တို့၏သမီး၊ (ဦးလှဟန်)၏ဇနီး၊ ဦးကျော်သောင်း UNICEF (ယခင် သမ/အိမ်တွင်းဦးစီး) - ဒေါ်နွဲ့နွဲ့ရီ (အထက-၁၊သဃ်္ဃန်းကျွန်း)၊ ဒေါ်ကြည်ကြည်ဝင်း(အထက-၁၊ သဃ်္ဃန်းကျွန်း)၊ ဒေါ်မြင့်မြင့်ဝင်း (အာရှရန်ကုန်ဘဏ်) တို့၏ မိခင်၊ မောင်အောင်ဖြိုးကျော် (2MB ဆေး-၂/ DC Star Cruise Singapore)၊ မယမင်းကျော် (အထက-၁၊ သဃ်္ဃန်းကျွန်း)တို့၏ အဘွားသည် ၃၀-၁၀-၂၀၀၃ရက် (ကြာသပတေးနေ့) နံနက် ၈:၂၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁-၁၁-၂၀၀၃ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ခင်ယု(ခ)ဒေါ်ယု
အသက်(၅၅)နှစ်

ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ်၊ ရေကျော်ကျေးရွာနေ ဦးကျော်သောင်း-ဒေါ်လှရင်၊ ဒေါ်သန်းမြတို့၏ မြေး၊ (ဦးကံ-ဒေါ်မြရင်)တို့၏သမီး၊ (ဦးဖေရီ-ဒေါ်နွဲ့)တို့၏သမီးချွေးမ၊ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အောင်သိပ္ပံလမ်းနေ ဦးစိုးလွင်-ဒေါ်ငွေးငွေးလွင်၊ (၃)ရပ်ကွက်နေ ဦးပိန်-ဒေါ်အုန်းရင်တို့၏ညီမ၊ ဒဂုံမြို့နယ်နေ ဦးကျော်ကျော်-ဒေါ်ဖြူဖြူ၊ လှိုင်မြို့နယ်နေ ဦးစိုးဝင်း-ဒေါ်အေးအေးငြိမ်း၊ လှိုင်သာယာမြို့နယ်နေ ဦးသိန်းထွန်း-ဒေါ်စမ်းယုတို့၏အစ်မ၊ မစုလင်းအောင် (ဒုတိယနှစ်၊ဥပဒေ)၏မိခင်၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ပိတောက်ရိပ်ငြိမ် ၂ လမ်း၊ အမှတ် ၁၃ နေ ဦးအောင်မြင့်(Augries Shipping)၏ ဇနီးသည် ၂၉-၁၀-၂၀၀၃ရက်(ဗုဒ္ဓဟူးနေ့) တွင်ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၀၃ရက်(သောကြာနေ့)မွန်းလွဲ ၂ နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
စောမူးဒေ
(မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၊ စက်မှုအင်ဂျင်နီယာဌာန၊ သိမ်ဖြူသင်္ဘောကျင်း)
အသက်(၄၄)နှစ်

အမှတ် ၄၀၊ တောင်သုကုန်း၊ ဒေါ်လဝင်းလမ်းနေ (ဦးအုန်းတင်-နော်အဝါး)တို့၏သားကြီး၊ စောတာမလာခူ-နော်စန္ဒာအောင်၊ နော်ခူဖော၊ နော်ဖောခူ-ဦးသန်းငွေး၊ နော်လားမေ-စောဟံသာရွှေ၊ စောယူလီး၊ နော်လားခလီး၊ စောသလေးထူး၊ နော်ခလီးထူးတို့၏ အစ်ကို၊ တူ တူမ ခုနစ်ယောက်တို့၏ ဦးလေးသည် ၂၉-၁၀-၂၀၀၃ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၁၀-၂၀၀၃ရက်တွင် KBC ကရင်နှစ်ခြင်း ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ဝတ်ပြုကိုးကွယ်ပြီး ရေဝေး ကရင်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ငွေမေ (ကျောက်တော်)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၂၀၊ အခန်း ၂၈ နေ (ဦးသာလှအောင်-ဒေါ်နှင်းယဉ်)တို့၏သမီး၊ ဦးဘတင်(ဆက်သွယ်ရေးအင်ဂျင်နီယာ၊ ငြိမ်း)၏ဇနီး၊ ဦးအောင်သန်းဦး-ဒေါ်ယုဇန၊ ဦးထွန်းထွန်း (ပြည်ပ/ဆသရ)-ဒေါ်ခင်လေးတင် (ပြည်ပ/ဆသရ)တို့၏မိခင်၊ ဒေါက်တာအောင်ခိုင်ဇံ-ဒေါက်တာကလျာ၊ ကိုအောင်ခိုင်ဇော်၊ မအင်ကြင်းစံ၊ မအိရွှေစင်ထွန်းတို့၏အဘောင်ရှင်၊ မေကံ့ကော်၏ အဖီးရှင်သည် ၃၀-၁၀-၂၀၀၃ရက် မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၀၃ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြမြကြည် (ပျဉ်းမနား)
အသက်(၇၆)နှစ်

ပျဉ်းမနားမြို့(ကျောင်းအုပ်ဆရာကြီး ဦးဘချစ်-ဒေါ်စောရီ)တို့၏ သမီး၊ မန္တလေးမြို့ (စိုက်ပျိုးမင်းကြီး ဦးခင်-ဒေါ်ရင်နု)တို့၏သမီးချွေးမ၊ မန္တလေး နန်းရှေ့၊ အနိုပ်တော်ရပ်၊ ၂၂ လမ်းနှင့် ၆၄ လမ်းထောင့်နေ ဦးတင်ဝင်း(ရောင်း/စက်ဌာနမှူး၊ သစ်လုပ်ငန်း၊ ငြိမ်း)၏ဇနီး၊ ဒေါ်အေးအေးဝင်း (အထက-၈)၊ ဦးမိုးကျော်(မန်နေဂျာ၊အင်ဂျင်နီယာ သစ်လုပ်ငန်း)-ဒေါ်မာမာဝင်း၊ ဦးဇော်ဝင်းအောင်-(ဒေါ်တင်တင်ရီ)၊ ဒေါက်တာညီညီဝင်း (အောင်ချမ်းသာ ဆေးခန်း)တို့၏မိခင်သည် ၃၀-၁၀-၂၀၀၃ရက် နံနက် ၃:၁၅ နာရီတွင်ကွယ်လွန်ပါ၍ ၃၁-၁၀-၂၀၀၃ရက် ညနေ ၃ နာရီတွင် ကြာနီကန်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ဒါယကာကြီး
ဦးမျိုးအောင်(ခ) လျှိုဝေချောင်း(ခ)အားတီ
(မော်လမြိုင်)
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးရွှေရိုးလမ်း၊ အမှတ် ၂၃ နေ ဒေါ်ယဉ်နု၏ခင်ပွန်း၊ ဦးအောင်ထွတ် (ဂုဏ်ထူးဆောင် ကထိက-ငြိမ်း၊ အရှေ့တိုင်းပညာဌာန)-ဒေါ်စန်းမြင့်၊ဗိုလ်မှူးကြီးဝေလင်း-ဒေါ်နုနုရီ၊ ဒေါ်မိမိချစ်တို့၏ အစ်ကို/မောင်၊ မထက်ထက်ဝင့်အောင် (မြန်မာနိုင်ငံဘဏ်များအသင်း)၊ မခက်ခက်ပွင့်အောင်(P.M Co., Ltd.)-မောင်မျိုးသော်ဇင်(Toyo Battery)တို့၏ဖခင်၊ တူ တူမ ခြောက်ယောက်တို့၏ဘကြီး/ဦးလေးသည် ၂၄-၁၀-၂၀၀၃ရက်တွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၃၁-၁၀-၂၀၀၃ရက်(သောကြာနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးတင်လှ
ထိပ်တန်းအထည်ဆိုင် (ကြည့်မြင်တိုင်ညဈေး)
အသက်(၄၉)နှစ်

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်(အရှေ့)ရပ်ကွက်၊ အထက်ဌာနာလမ်း၊ အမှတ် ၇၆ နေ (ဦးလှအောင်) - ဒေါ်ရီတို့၏ သား၊ ဦးအောင်မြင့်-ဒေါ်စန်းမြင့်တို့၏ သားသမက်၊ (ဦးအောင်သန်း)-ဒေါ်အေးသန်း၊ ဦးမြတ်စိုး-(ဒေါ်တင်ရီ)၊ ဦးတိုးမြင့်-ဒေါ်အေးသိန်း၊ (ဦးကြည်ဝင်း)၊ ဦးစန်းမောင်-ဒေါ်မူမူတို့၏ ညီ/မောင်၊ ဦးမောင်မောင်အောင်-ဒေါ်မြင့်မြင့်ကြည်၊ မသီတာအောင်တို့၏အစ်ကို၊ ဒေါ်ဖြူဖြူအောင်၏ခင်ပွန်း၊ မောင်ဖွဲ့လင်းပြည့် (TTC)၊ မောင်ပိုင်စိုးညီ(TTC)တို့၏ဖခင်သည် ၂၉-၁၀-၂၀၀၃ရက် နံနက် ၆:၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၀၃ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးထွန်းရင်
တပ်မတော်-ရေ(ငြိမ်း)
ရွှေတိဂုံပါရမီအဖွဲ့ သစ္စာဒီပကအဖွဲ့ချုပ်
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လမ်း ၁၁၀၊ အမှတ် ၁၅ နေ (ဦးသာဇံ-ဒေါ်မြဇင်)တို့၏ သား၊ ဒေါ်အုန်းကြည်၏ခင်ပွန်း၊ (ဒေါ်အေးအေးသန်း)၊ ဒေါ်ထားထားဝင်း၊ ဦးသိန်းထွန်း(ငြိမ်း)(၁၆၈၊ ယာဉ်လိုင်း)-ဒေါ်စန်းစန်းဝေ(ပညာရေး၊စီမံကိန်း)၊ ဒေါ်စမ်းစမ်းမော်(အလက-၄၊ ဒေါပုံ)တို့၏ဖခင်၊ မယမုံထွန်း(အထက-၁၊ မရမ်းကုန်း)၊ မဝင်းပပထွန်း(အမက-၉၊ မရမ်းကုန်း)တို့၏အဘိုးသည် ၃၀-၁၀-၂၀၀၃ရက် (ကြာသပတေးနေ့) နံနက် ၉:၃၀ နာရီတွင်ကွယ်လွန်သွားပါ၍ ၁-၁၁-၂၀၀၃ ရက်(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်လှတင်
(ရေလဲကြီး၊လေးထပ်ပိုင်း၊နေဖြူမြို့)
အသက်(၈၀)

ဓနုဖြူမြို့၊ ရေလဲကြီးကျေးရွာနေ ဦးအောင်မှင်-ဒေါ်သင့်တို့၏ သမီး၊ ရန်ကုန်မြို့၊၈၅၀၊ရတနာလမ်း၊(ဆ/ခ) ရပ်ကွက်၊သဃ်္ဃန်းကျွန်းမြို့နယ်နေ(ဦးတင်မြ)၏ဇနီး၊ ဒေါက်တာဦးလေးအောင် (မြို့နယ်ဆရာဝန်ကြီး၊ ယင်းမာပင်မြို့၊ စစ်ကိုင်းတိုင်း)-ဒေါက်တာဒေါ်ခင်ခင်ထွန်း(ပြည်သူ့ဆေးရုံ၊ ယင်းမာပင်မြို့၊ စစ်ကိုင်းတိုင်း)၊ ဦးသန်းမြင့်-ဒေါ်ဝင်းကြည်ရွှေ(သူနာပြုဆရာမကြီး၊ အလုပ်သမားဆေးရုံ၊ ရန်ကုန်)၊ ဦးတင်ညို၊ ဦးခိုင်စိန်-ဒေါ်သိန်းသိန်းမြင့် (အထက-၅၊ မင်္ဂလာတောင်ညွန့်)၊ ဒေါ်ရင်မြ (ဘူမိဗေဒဌာန၊ ဟင်္သာတ တက္ကသိုလ်) တို့၏မိခင်၊ မြေး ကိုးယောက်တို့၏ အဘွားသည် ၂၉-၁၀-၂၀၀၃ရက်တွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၁-၁၀-၂၀၀၃ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်အေး
အရာခံဗိုလ်(ငြိမ်း)၊တပ်မတော်(ရေ)
အသက်(၇၄)နှစ်

မော်လမြိုင်မြို့နေ (ဦးမြတ်ကျော်-ဒေါ်အုံးတင်)တို့၏သားကြီး၊ (ဒေါ်ခင်ခင်စိန်)၏ခင်ပွန်း၊ (ဦးခင်မောင်မောင်)-ဒေါ်မြမြသန်း၊ ဦးခင်မောင်တင့်-ဒေါ်အေးအေးနွယ်၊ ဦးတင်မောင်မောင်-ဒေါ်သရဖီအောင်၊ ဒေါ်ပြုံးပြုံးနွယ်တို့၏ဖခင်၊မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ အမှတ် ၃၃၅၊ ၃၁ လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် နေအိမ်၌ ၂၉-၁၀-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၀၃ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အောင်မျိုးထွေး
B.E (Aeronautical)
အသက်(၂၉)နှစ်

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ် ၁၀ နေ ဦးအုန်းကြိုင်-(ဒေါ်စဝ်မြငြိမ်း)တို့၏သားထွေး၊ ဒေါ်တင်မကြိုင်(အထက-၄၊ တောင်ကြီး)၊ မောင်မျိုးမင်း(RCL)၊ မခင်မိုးမိုးကြိုင်(UEC)တို့၏မောင်၊ ဦးဘုန်းမြင့်-ဒေါ်ခင်နွဲ့ရီ၊ Dr.မောင်မောင်လေး-Dr.နုနုခင်၊ ဦးတင်မောင်၊ ဒေါ်စဝ်မြသိန်းတို့၏တူသည် ၂၉-၁၀-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၀၃ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [ရန်ကုန်မြို့၊ အမှတ် ၉၇(စီ-၁)၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးဇာနေယျ
(ဦးဘစန်းအောင်)
ကျောက်ပန်းတောင်းမြို့ သက်တော်(၆၅)နှစ်၊ သိက္ခာတော်(၅)ဝါ

ကျောက်ပန်းတောင်းမြို့နယ်၊ ကြက်မောက်တောင်ကျောင်း ဆရာတော် ဦးဇာနေယျ(ဦးဘစန်းအောင်၊ ဆေးနှင့်ဆေးကိရိယာ၊ ငြိမ်း)သည် ၃၀-၁၀-၂၀၀၃ရက် (ကြာသပတေးနေ့) နံနက် ၆:၀၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၃၀-၁၀-၂၀၀၃ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဆရာတော်အားရည်စူး၍ ၅-၁၁-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် အမှတ် ၁၀၂-၁၀၆၊ ၂၉ လမ်း ပန်းဘဲတန်းမြို့နယ် ဒေါ်ချောချော၏ နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာ ပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကျိုက်လတ်မြို့နယ်အသင်း
ဦးဘကျော်
ကုန်သွယ်ရေး(စား/ထွေ၊ငြိမ်း)
အသက်(၇၇)နှစ်

အသင်းနာယက ဗိုလ်မှူးကြီးဇော်မင်း (ငြိမ်း)၏အစ်ကို၊ရွှေပြည်သာမြို့၊အကွက် (၃၁)၊ အမှတ် ၂၁၈၊ ပြည်ထောင်စုလမ်းနေ (ဦးဘိုးကြင်-ဒေါ်နု)တို့၏သား၊ ဒေါ်ဝင်းရင်၏ခင်ပွန်း (ရာ/အသင်းဝင်) ဦးဘကျော်သည် ၂၇-၁၀-၂၀၀၃ရက်၌ ကွယ်လွန်ပါ၍ ၂၉-၁၀-၂၀၀၃ ရက်တွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် ပြီးစီးပါကြောင်း အသင်းဝင်များ သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဦးမင်းစိန်(ခ)ဦးမြင့်စိန်
အသက်(၆၈)နှစ်

ရန်ကုန်မြို့နေ (ဦးဒါနိုင်-ဒေါ်စိန်)တို့၏သားကြီး၊(ဦးသက်ရွှေ-လျူဝေဖက်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊အမှတ် ၄၀-အေ၊ ၄ လမ်းနေ ဝေါင်ရှုဖွန်(ခေတ္တ-ကနေဒါ)၏ခင်ပွန်း၊ မောင်အောင်နိုင် (ခေတ္တ-ကနေဒါ)၊ မောင်ထွန်းနိုင် (ခေတ္တ-ကနေဒါ)၊ မနီနီဝင်း (ခေတ္တ-ကနေဒါ)တို့၏ဖခင်၊ ဦးမင်းပို-နန်စေးဖော၊ ဦးကျော်ထွန်း(ခ)ဦးအောအေ-ဒေါ်သန်းသန်း၊ ဦးလှရီ-ဒေါ်အလွမ်းတို့၏အစ်ကိုကြီး၊ မောင်မျိုးသန်းထွန်း၊ မောင်ကျော်မင်းဦး၊ မခိုင်ခိုင်ဇင်တို့၏ ဘကြီးသည် ၂၆-၁၀- ၂၀၀၃ရက် (တနင်္ဂနွေနေ့) ညနေ ၆:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၀၃ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစိုးတင့်
ဒုတိယရဲမှူး(ငြိမ်း)၊သတင်းတပ်ဖွဲ့၊ လ-၅၆၄၀၄၊ဖောင်ကြီး၊တေဇ(၃)
အသက်(၆၅)နှစ်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄) ရပ်ကွက်၊ မြရတနာ ၆ လမ်း၊ အမှတ် ၇၇၀ နေ(ဦးလှဖေ-ဒေါ်ပေါကြွယ်)တို့၏ သား၊ ဦးခင်အောင်၏ညီ၊ ဒေါ်မြငွေ၏ အစ်ကို၊ ဒေါ်မူမူ၏ခင်ပွန်း၊ ဒုရဲအုပ်ကျော်ဇေယျ (သတင်းတပ်ဖွဲ့)-ဒေါ်ခင်မိမိခိုင်၊ မဥမ္မာစိုး (ဒဂုံတောင်စည်ပင်၊ ရေ/သန့်)၊ မခင်ယုဆွေ(Myanmar VES)၊ မလဲ့လဲ့သင်း(ဆသရ၊ အင်းစိန်၊ ငွေစာရင်း)၊ မောင်မိုးမင်းဟိန်း(ခေတ္တ-စင်ကာပူ)တို့၏ဖခင်၊ မနေခြည်ဦး၊ မောင်ထက်ဝေယံတို့၏ဘိုးဘိုးကြီးသည် ၂၉-၁၀-၂၀၀၃ရက် နံနက် ၁၂:၅၅နာရီတွင် ဦးနှောက်နှင့်အာရုံကြော ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၀၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၃၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

နိုင်ငံတော်က နိုင်ငံတစ်ဝန်းအကြားအလပ်မရှိဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးလျက်ရှိ ဌာနဆိုင်ရာများက ကဏ္ဍအလိုက်တာဝန်ကိုကျေပွန်အောင်ဆောင်ရွက်ရမည်ဖြစ် ကျေးလက်ဒေသလုပ်ငန်းစဉ်ငါးရပ်အောင်မြင်ရေး ညီညီညွတ်ညွတ်ကြိုးပမ်းဆောင်ရွက်ကြ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ကိုကိုးကျွန်းမြို့နယ် ပြည်သူ့ဆေးရုံတွင် အစုလိုက် ဝက်သက်ကာကွယ်ဆေး ထိုးနှံခြင်း အခမ်းအနားသို့ တက်ရောက်၍ ကလေးငယ်များအား ဝက်သက်ကာကွယ်ဆေးထိုးနှံမှုကို ကြည့်ရှုအားပေးစဉ်။ (ထ-ပ-ဆ)

ရန်ကုန် အောက်တိုဘာ ၃၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၆ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့မှ ထွက်ခွာလာရာ ကိုကိုးကျွန်းမြို့သို့ နံနက် ၈ နာရီတွင်ရောက်ရှိကြသည်။

ပေးအပ်လှူဒါန်း

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့ရှိ ဇိနမာရဇိန်စေတီတော်အား သွားရောက်ဖူးမြော် ကြည်ညိုပြီးနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက စေတီတော်ဂေါပက အဖွဲ့ဝင်များထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့သည် သာသနာ့မဏ္ဍိုင်ကျောင်းတိုက်သို့ သွားရောက်ကာ ဆရာတော် ဦးကောဝိဒစာရအား ဖူးမြော်ကန်တော့ပြီး ဗိုလ်ချုပ်ကြီးသူရရွှေမန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၈ ကော်လံ ၁ ▼

ပထမဆုရ စစ်သွေးကျော် (Photo-Art-2)

ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုရောင်စုံဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီအကဲဖြတ်စိစစ်ရွေးချယ်

ရန်ကုန် အောက်တိုဘာ ၃၀

အမျိုးသားရေးဆောင်ပုဒ်များ ရေးသားရေး ဦးစီးကော်မတီ၏ ၂၀၀၃ ခုနှစ် (၁၄)ကြိမ်မြောက် အမျိုးသားရေး ဆောင်ပုဒ်များစာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းအဖွဲ့သည် "ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု" ခေါင်းစဉ်ဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲကိုဖိတ်ခေါ်ခဲ့ရာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဓာတ်ပုံပညာရှင်ပေါင်း ၇၂ ဦးထံမှ ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံ ၁၉၄ ပုံကို လက်ခံရရှိသည်။

အဆိုပါ ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း အမှတ် (၂၂-၂၄)ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ အဖွဲ့ဝင်များဖြစ်ကြသော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး(အသံလွှင့်)ဦးကိုကိုထွေး၊ ဓာတ်ပုံပညာရှင်ကြီးများဖြစ်ကြသော ဦးလှကြွယ်၊ ဦးဖေခင်၊ ဥက္ကလာဦးထွန်းရွှေ၊ ဦးသွင်အေး၊ ဦးလှအေး၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ကြွယ်၊ မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးဖေမြင့်ဦးနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းမင်းတို့ တက်ရောက်စိစစ်အကဲဖြတ်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✻

တစ်သက်တာစာပေဆုရ ဆရာမောင်ထင်

တစ်သက်တာ စာပေဆု ရလို့ ဝမ်းသာပါတယ်။

(စာရေးဆရာကြီး မောင်ထင်)

မှန်ကန်ပြည့်စုံသည့်သမိုင်းဖြစ်ရန် အထောက်အထားနှံ့နှံ့စပ်စပ်လေ့လာရ

အမျိုးသားစာပေဆုချီးမြှင့်ခြင်းဖြင့် စာကောင်းပေမွန်များပေါ်ထွက်နိုင်

တွေ့ဆုံမေးမြန်းသူ-မောင်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး

ရန်ကုန် အောက်တိုဘာ ၃၀

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက ၂၀၀၂ ခုနှစ်တွင်ထုတ်ဝေခဲ့သည့် စာအုပ်များအနက် စိစစ်ရွေးချယ်ပြီး အမျိုးသားစာပေဆုများဆွတ်ခူးရရှိသော စာပေပညာရှင်များကို ထုတ်ပြန်ကြေညာခဲ့သည်။ အမျိုးသားစာပေဆု ဆွတ်ခူးရရှိသော စာပေပညာရှင်ကြီးများအနက် လက်လှမ်းမီရာ စာပေပညာရှင်များကို မြန်မာ့အလင်းက သွားရောက်တွေ့ဆုံပြီး ၎င်းတို့၏စာပေအတွေ့အကြုံများ၊ အတွေးအမြင်များကို ဆက်လက်ဖော်ပြလိုက်ပါသည်။

ရှေးဦးစွာ အမျိုးသားစာပေတစ်သက်တာဆုရ စာပေပညာရှင် ဦးထင်ဖတ်(စာရေးဆရာမောင်ထင်)အား ဆရာနေထိုင်ရာ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်း(၄)က အမှတ် ၂၄၈ သို့ သွားရောက် တွေ့ဆုံမေးမြန်းဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

၂၀၀၂ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများထုတ်ပြန်ကြေညာ

ရန်ကုန် အောက်တိုဘာ ၃၀

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ကြီးမှူးကျင်းပသော စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ၂၀၀၂ ခုနှစ်အတွက်ဆု ရရှိသော စာမူများနှင့်စာရေးဆရာများ၏ စာရင်းကို သက်ဆိုင်ရာက ယနေ့ ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ဒုတိယဆုကို နန်းမိုးစောအောင်၏ 'နှလုံးလှဂုဏ်ရည်'ကလည်းကောင်း၊ တတိယဆုကို ကေ(တောင်တန်းပြာ)၏ 'သောင်းရင်းမြစ်ကို သက်သေတည်၍'ကလည်းကောင်း ရရှိသည်။

စာမျက်နှာ ၈ ကော်လံ ၅ ■

သုတပဒေသာ (ဝိဇ္ဇာ)ဆု

မှန်ကန်ပြည့်စုံတဲ့ သမိုင်းတစ်စောင်ဖြစ်ဖို့ အထောက်အထားတွေ နှံ့နှံ့စပ်စပ် လေ့လာရှာဖွေရပါတယ်။

(ဆရာမကြီး မကြန်)

ယနေ့ထုတ်စောင်ရေ ၂၀၂၂၇၉